# ခရစ်တော်ကိုသူ၏ကိုယ်ပိုင်နှုတ်ကပတ်တော်ထဲမှ ဖွင့်ပြထားပါတယ်

ဂျက်ဖာဆွန်ဘေးလီး၊ အင်ဒီယားနား၊ အမေရိကန်

၆၅-၁၈၂၂ အမ်မ်

1 ၁။ ခေါင်းကိုင့်ထားကြရအောင်။ကိုယ်တော်ရှင်ယေရှု သိုးစုကြီးရဲ့သိုးထိန်းရှင် ကိုယ်တော်ရှင်ကျွန်တော်တို့ရဲ့နှလုံးသား ထဲမှ သွန်းလောင်းခဲ့တဲ့ ချစ်ခြင်းမေတ္တာကိုကျွန်တော်တို့ဘယ်တော့မှ မပေးဆပ်ရသေးတဲ့အတွက် ကိုယ်တော့်အပေါ်မှာ အကြွေးတွေမြောက်များစွာတင်နေပါတယ်။ ကိုယ်တော်ရှင်ရဲ့ မျက်နှာတော်မှာ မတ်တပ်ရပ်ပြီးခေါင်းငုံ့ထားခဲ့တာဟာ ကျွန်တော်တို့က မထိုက်တန်ဘူးလို့ခံစားရပါတယ်။ကျွန်တော်တို့ရဲ့ မှားယွင်းမှုနဲ့အပြစ်တွေ သန့်ရှင်းစေဘို့ရန် ကိုယ်တော်ထံတောင်းလျှောက်ပါတယ်။ ယနေ့ ကျွန်တော်တို့ရဲ့ ခန္ဓာကိုလည်းခွန်အားနဲ့ပြည့်ဝေစေဘို့ တောင်းလျှောက်ပါတယ်။ ဖျားနာ တဲ့လူတွေနဲ့ကိုယ်စိတ်နှလုံးဒုက္ခရောက်နေသူတွေ ဒီမှာရှိနေသကဲ့သို့ လက်ကိုင်ပုဝါတွေနဲ့နေရာတိုင်းက ဖုန်းတွေနဲ့လာ နေတဲ့ ဆုတောင်းပေးဘို့ တောင်းဆိုချက်တွေလဲရှိနေပါတယ်။

ပြီးကျွန်တော်တို့တတွေဟာ ယခု သမိုင်းကို အဆုံးသတ်ဘို့ရန် ယုံကြည်ပါတယ်။ပြီးမကြာခင်အချိန်အတွင်းမှာ အချိန်တွေဟာမေးမှိန်သွားပြီး ထာဝရကာလကိုရောက်ရှိတော့မှာပါ။ပြီးအဲဒီအချိန်အတွက် ကျွန်တော်တို့အဆင်သင့်ဖြစ် နေချင်ပါတယ်။ ဒါကြောင့်ဘဲ ဒီမနက်ဒီမှာစုရုံးကြပြီး ထိုအချိန်အတွက်ပြင်ဆင်နေကြပါတယ်။ တနိုင်ငံလုံး ကမ်းခြေတခု ကနေဒီမနက်မှာ တယ်လီဖုန်းတွေနဲ့ဆက်သွယ်ထားတယ်လို့ ကျွန်တော့်ကိုပြောပြထားပါတယ်။ ကျွန်တော်တို့ရဲ့အသံကို ကြားရတဲ့ဘယ်နေရာမှာဘဲဖြစ်ဖြစ် ဒီအုပ်စုလေးတွေဟာ ကောင်းကြီးခံစားရပါစေ။သူတို့ရဲ့တောထဲမှာရှိတဲ့ ဖျားနာတဲ့လူ တွေကိုပျောက်ကင်းစေတော်မူပါ။သူတို့ရဲ့ဝိညာဉ်တွေက မကောင်းသောအရာတွေကို ကိုယ်တော်ရှင် ကင်းစင်စေဘို့ရန်ကျွန်တော်တောင်းလျှောက်ပါ၏။ ဒီတဲတော်ထဲမှာရှိနေတဲ့လူတွေကိုလဲ ဒီအခွင့်ထူးကိုပျော်ရွှင်ခံစားနိုင်ဘို့ ဒီမနက် ကျွန်တော်တို့ကို ကူညီမစတော်မူပါ။

2 ၂။ ကိုယ်တော်ရှင်ရဲ့ရေးသားထားတဲ့ နှုတ်ကပတ်တော်အားဖြင့် ယနေ့ ကျွန်တော်တို့ကို စကားပြောတော်မူပါရန်တောင်းလျှောက်ပါ၏။ ကျွန်တော်တို့ရဲ့ လိုအပ်တဲ့အရာတွေကိုဝိညာဉ်တော်ဖွင့်ပြတော်မူပါ။ ကျွန်တော်တို့တနိုင်ငံလုံး အခု စုရုံးနေတဲ့အချိန်မှာကျွန်တော်တို့ဟာ လူနည်းစုဆိုတာကို ခံစားရပါတယ်။ ဒါပေမယ့်ဝယ်ယူရွေးနှုတ်ခဲ့တဲ့လူတွေတော ထဲမှာရှိနေပါတယ်။ ယေရှုခရစ်တော်ကိုယုံကြည်ခဲ့တဲ့အတွက်ဖြစ်ပါတယ်။

ဒီအရာကိုကျွန်တော်တို့ကိုပေးသနားတော်မူပါ။ ကိုယ်တော်။ ဒီအစည်းအဝေးပြီးမြောက်ပြီးနိုင်ငံအနှံ့ ကိုယ့်အိမ် ကို ပြန်သွားတဲ့အချိန်မှာ ကျွန်တော်တို့တတွေလဲအဲမီယဲ့ကလူတွေပြောသလို သူကျွန်တော်တို့ကို လမ်းတလျှောက်လုံးစကားပြောခဲ့တဲ့အချိန်မှာ ကျွန်တော်တို့ရဲ့နှလုံးသားတွေဟာ မီးလောင်မြိုက်နေပါတယ်။ဟုတ်ဘူးလား။

အခု အဘဘုရားကျွန်တော်ပြောမယ့်စကားတွေဟာ အမှန်တကယ့်ကို မလုံလောက်သေးဘူးဆိုတာ ကျွန်တော်သိပါတယ်။ တနိုင်ငံလုံးက နားထောင်နေတဲ့ခရစ်ယာန် လူတော်လူကောင်းတွေအတွက် လုံလောက်တဲ့ကျေနပ်မှုကိုပေး နိုင်မှာမဟုတ်ပါ။ ကျွန်တော်ပြောမယ့် တချို့စကားတွေဟာ သူတို့အတွက်ကောင်းမှာတော့မဟုတ်ပါ။ကျွန်တော်ဟာ မျိုး တူတွေဘဲဖြစ်တဲ့အတွက်ကြောင့်ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ လူတွေသေမျိုးတွေပါ။ ဒါပေမယ့် ကြီးမားတဲ့သန့်ရှင်းသော ဝိညာဉ်တော်စကားပြောပါစေ။ သူကိုယ်တိုင်နှုတ်ကပတ်တော်ကိုစွဲကိုင်ပြီး သူ၏ကိုယ်တိုင်ကိုဖွင့်ပြပါစေ။ သူ့ကိုကျွန်တော် တို့စောင့်မျှော်နေပါတယ်။ ယေရှု၏နာမတော်အားဖြင့်ဆုတောင်းပါတယ်။ အာမင်။အားလုံးထိုင်နိုင်ပါပြီ။

3 ၃။ ကျွန်တော်အမျိုးအစားမျိုး... ကိုယ့်ကိုယ်ကိုအံ့သြစေတယ်။ကျွန်တော့်အမျိုးသမီးကိုပြောခဲ့တယ်။ သူမထူစင်မြို့ ကနေနားထောင်ချင်လိမ့်မယ်။ကျွန်တော်ပြန်လာတဲ့အခါမှာ အစည်းအဝေးတခုမှာ လုပ်နိုင်မယ်လို့မထင်ဘူး။ ကျွန်တော်အဝတ်အစားတွေကိုမယူလာဘူး။ ပြီးကျွန်တော်ရဲ့ချွေးမကိုပြောခဲ့တယ်။ သူမကျွန်တော့်ကုတ်အင်္ကျီကိုပြန့်သွားအောင် ဖိပေးတယ်။ ပြီး ကျွန်တော်ပြောခဲ့တယ်။ငါတရားဟောစင်ရဲ့ နောက်နေရတာ .. သူတို့ဘောင်းဘီရှည်ကတမျိုး ကုတ်အ ်ကျီကတမျိုးဆိုတာသူတို့မသိပါဘူး။ ကျွန်တော်အိမ်မှာဝတ်တဲ့အထည်တွေပါ။ ဒါပေမယ့် မီးဒါကတော့ရှပ်အင်္ကျီကိုမီးပူ တိုက်ခြင်းနဲ့ အရာရာတွေကို လုပ်ပေးပါတယ်။ ဒါကြောင့်မပူပါနဲ့။အရာရာတိုင်းကတော့ ချောမွေ့မှာပါ။

4 ၄။ အခုကျွန်တော်တို့မှာ တောင်းဆိုမှုတခုရှိပါတယ်။ အဲဒါက ကျွန်တော်ရဲ့ညီရင်းအစ်ကိုလိုခင်တဲ့... ပြီး ကျွန်တော် ထင်တာက ဖရက်စကော့မြို့ကျွန်တော်ထင်တယ်။ ဒီမနက်မှာ တယ်လီဖုန်းနဲ့ဆက်သွယ်ထားတယ်။ အဲဒီဖရီစတော့မြို့အာရီဇိုးနားပြည်နယ်မှာပေ့ါ။ ညီအစ်မမားစီယာရဲ့အဖေက ဒီအစည်းအဝေးကိုလာဘို့လမ်းမှာလာနေတုန်းဘဲ ကျွန်တော် နားလည်တာကတော့ ညီအကိုကော့ကင်းကိုနှစ်လုံးရောဂါဖေါက်လာတဲ့အတွက် ဆေးရုံကိုခေါ်သွားမှာဖြစ်တယ်။ ပြီးညီ အစ်ကိုဂျူနီယာဂျက်ဆင်။ သူကလဲ ရေဒီယိုကိုဖွင့်ပြီးနားထောင်နေတယ် ... ဒါမှမဟုတ်နယူးအဲလ်ဘါနီမှာပေ့ါ။ သူ့ရဲ့အဖေကတော့ဆေးရုံမှာဆိုးရွားတဲ့ အသဲကင်ဆာကိုခွဲစိတ်နေရတယ်။ ဒါကြောင့် ကျွန်တော်တို့ချက်ချင်းဘဲကျွန်တော်တို့ရဲ့ ဆုတောင်းချက်ထဲမှာ သတိရဘို့ဖြစ်တယ်။ ပြီးအခုတခြားလူတွေလဲဒီမှာရှိတယ်။ ဒါပေမယ့်အချိန်ကိုအကုန်မခံပါဘူး။ ဘုရားသခင်သူတို့ရဲ့ပတ်သက်တဲ့အရာအားလုံးကိုသိပါတယ်။ ဒါကြောင့် သူတို့အတွက်အခုဆုတောင်းကြရအောင်။

5 ၅။ အဘဘုရားညီအစ်ကိုကော့ဂင်လိုမျိုး ချစ်ရတဲ့ညီအစ်ကို အသက်ကြီးပြီး လက်အသားအရေလည်းတွန့်နေတဲ့အမှုတော်ဆောင်ကွင်းမှာ အမှုဆောင်ခဲ့တဲ့ အမှုထမ်းဟောင်းကြီး သူ့ရဲ့ဦးခေါင်းမှာဒဏ်ရာရရှိပြီး တနေရာရာရဲ့ ဆေးရုံမှာ တက်ရောက်ကုသနေပါတယ်။ ဘုရားရှင်။ ဒီအသက်ကြီးပြီးသူရဲ့ နှလုံးသားမှာ ဒုက္ခတွေကြုံတွေ့နေရပါတယ်။ ဘုရားရှင် မစဘို့ရန်ကျွန်တော်ဆုတောင်းပါတယ်။ ပျောက်ကင်းစေတော်မူပါ။ ကျွန်တော်တို့လိုလဲသူအသက်ရှင်ခြင်းကိုမြတ်နိုးပါ တယ်။ သူအသက်ရှင်ချင်ပါတယ်။ ကိုယ်တော်ရှင်ဘုရား။

ပျောက်ကင်းစေတော်မူပါ။ ကျွန်တော်တို့နဲ့အတူ တနိုင်ငံလုံးက လဲ ယေရှုနာမအားဖြင့်သူ့အတွက် ဆုတောင်းပေးနေတာက ကိုယ်တော်ရှင်သူ့ကိုပျောက်ကင်းစေပြီးအပြင်ကို ယူဆောင်လာဘို့ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ပျောက်ကင်းစေလိမ့်မယ်လို့ကျွန်တော်တို့ယုံကြည်ပါတယ်။ ပြီးသူဒီအစည်းအဝေးကိုတန်းပြီးလာနိုင်ဘို့ရန်ဖြစ်ပါတယ်။

6 ၆။ ကျွန်တော်တို့ညီအစ်ကိုဂျက်ဆင်အတွက်လဲဆုတောင်းပါတယ်။သူ့ရဲ့တန်ဖိုးရှိလှတဲ့ ဖခင်ဟိုမှာသေလုနီးပါးလဲ လျှောင်းနေပါတယ်။ ပြီးတကယ့်ကိုလိမ္မာတဲ့သားတယောက်ကို ယူဆောင်လာပေးပါတယ်။ ပြီးကျွန်တော်ဆုတောင်းပါတယ်။ ကိုယ်တော်ရှင်ဘုရားသူ့ကိုပျောက်ကင်းစေတော်မူပါ။ မဖြစ်နိုင်ပါဘူးလို့ကျွန်တော်တွေ့ရပါတယ်။ ဆေးဝါးတွေ ဆရာဝန် တွေဒီလိုအခြေအနေမျိုးမှာဘဲလုပ်ရမလဲဆိုတာကိုသူတို့မသိတော့ပါ။ ဒါပေမယ့် ကျွန်တော်တို့ညီအကိုဟောလ်ကိုလဲ သတိရပါတယ်။ အတော်ဆုံးသောဆေးကုသမှုတွေဒီမှာပြောခဲ့ပါတယ်။ (လူးဝစ်ဗေလ်းမှာပါ) ပြောခဲ့တယ် သူနာရီအနည်းငယ်လောက်ဘဲအသက်ရှင်နိုင်တော့မယ်။ ဒီအသဲကင်ဆာရောဂါနဲ့ပါ။ ပြီးသူဒီနေ့ထက်ထိ အသက်ရှင်နေပါတယ်(ဒီအဖြစ်အပျက်ဟာ လွန်ခဲ့တဲ့ ၂၅ တုံးကပါ) ကိုယ်တော်၏ကျေးဇူးတော်ကြောင့်ဖြစ်ပါတယ်။ညီအစ်ကိုဂျက်ဆင်ကို ဒီနေ့ ကိုယ်တော်ရှင်ပျောက်ကင်းစေဘို့ ကျွန်တော်ဆုတောင်းပါတယ်။ ကိုယ်တော်။ ကိုယ်တော်ရှင်ရဲ့ ကျေးဇူးတော်နှင့်ကရု ဏာတော်သည် သူအပေါ်ကျရောက်ပါစေ။

ပြီး ဒီမှာပုံထားတဲ့လက်ကိုင်ပုဝါတွေပြီးပိတ်စတွေပြီး ဒီပေါ်မှာတင်ထားတဲ့ ဆုတောင်းခံရန်အရာတွေသူတို့အား လုံးကိုကိုယ်တော်ရှင်သိပါတယ်။ အဘ - သူတို့အားလုံးကိုကိုယ်တော်ရှင်ပျောက်ကင်းစေရန် ကျွန်တော်တောင်းလျှောက် ပါ၏။ ယေရှုခရစ်တော်၏နာမတော်ကို အမှီပြု၍ဆုတောင်းပါတယ်။ အာမင်။

7 ၇။ အခုဒီမနက်မှာ အစပြုဘို့အတွက် လွန်ခဲ့တဲ့တနင်္ဂနွေနေ့တုံးကကျွန်တော်တို့နောက်တခါကြေငြာတဲ့အခါမှာကျွန်တော်ရောက်ရှိခဲ့ပါတယ်။ ညီအစ်ကိုနဗေးလ်ကကျွန်တော့်ကိုဝေငှခွင့်ပေးခဲ့ပါတယ်။ ပြီးကျွန်တော်တို့ကြေငြာတာကကျွန်တော်ဒီနေ့အဲဒီကိုရောက်လာမှာပါ။ ပြီးတနိုင်ငံလုံးကလူတွေကိုအသိပေးကြေငြာထားတာမရှိပါဘူး။ ပြီးကျွန်တော်တို့ မှာတယ်လီဖုန်းတွေဆက်သွယ်ထားတဲ့ အစီအစဉ်တခုရှိပါတယ်။ ဒါဟာ အလွန့် အလွန်ကောင်းပါတယ်။ လူတွေဟာသူတို့ရဲ့အိမ်တွေမှာ ဒါမှမဟုတ် နေရာတွေမှာ စုရုံးကြကာ သူတို့ရဲ့အသင်းတော်တွေမှာအစရှိသည်ဖြင့် ပြီးအစည်းအ ဝေးကိုနားထောင်နိုင်ကြမှာပါ။ အဲဒါကိုကျွန်တော်နှစ်သက်ပါတယ်။

8 ၈။ အခုဒီမှာတင်ထားတာကို ကျွန်တော်မြင်ရတယ် … လွန်ခဲ့တဲ့အပတ်လွန်ခဲ့တဲ့တနင်္ဂနွေနေ့တုံးက ကျွန်တော်ေ၀ငှခဲ့တဲ့အရာနဲ့ပတ်သက်ပြီးတောင်းဆိုထားတဲ့စာတွေအများကြီးရှိပါတယ်။ ကျွန်တော်ယုံကြည်တာက … ကျွန်တော်ဝေငှ ခဲ့တဲ့ခေါင်းစဉ်ကိုမေ့နေတယ်။ ဒါပေမယ့်ကျွန်တော်ပြောခဲ့တဲ့တချို့အရာတွေကတော့ အကြွေးကိုသင်တို့ဆပ်ရမယ့်အ ကြောင်းဖြစ်မယ်။ပြီး သင်တို့သိပါတယ်။ သင်တို့ဘယ်လိုဘဲပြောပြော အဲဒါလူများအတွက်တော့နားလည်မှုလွဲမှားခဲ့ တာကို ပြီး သူတို့နားလည်မှုမလွဲမှာချင်လို့ပါပဲ။ ဒါပေမယ့်လဲသင်တို့အခုရိုးရိုးလေး အဲဒါကိုနားလည်မှုလွဲမှားနေကြပါတယ်။ပြီးအ ခုတချို့လူတွေကပြောခဲ့တယ်။ ကျွန်တော်တို့ကားဝယ်ရမှာလား။ ဒါမှမဟုတ်။ ကျွန်တော်ဘာလုပ် … အခု အဲဒါကိုယေရှု ပြောခဲ့တာမဟုတ်ပါဘူး … ဒါမှမဟုတ် ကျမ်းစာတော်မြတ်အဲဒီနေရာမှာ ပြောခဲ့တာကဘယ်သူ့ကိုဘာမှမချေးငှားပါနဲ့။ ဒါဟာ သင်တို့ပေးရမယ့်အကြွေးကို အရှိန်ဆွဲနေတာဘဲ။ အဲဒါတွေကိုပေးပါ။ ဘယ်သူ့ဆီက ဘာကိုမျှမချေးငှါးပါနဲ့။ အဲဒါကိုဆို လိုတာမဟုတ်ပါဘူး … အကျွနု်ပ် ကျွန်တော်တို့အိမ်ငှားခပေးရမှာကျွန်တော်တို့ရဲ့တယ်လီဖုန်းဘေလ်တွေ ပြီးဘာတွေ ဘဲကိုပေ့ါ။ ကျွန်တော်တို့ အဲဒါတွေကိုချေးငှားထားပါတယ်။ပြီး ကျွန်တော့်တို့အဲဒါတွေကိုပေးဆပ်ကြတယ်။ ဒါပေမယ့် ရှေ့ကြာခဲ့တဲ့ပေးရမယ့်အကြွေးတွေကိုလဲ ပြန်ဆပ်ပါ။ တွေ့လား။ ဒီအရာတွေကိုမဆပ်ဘဲနဲ့ ရှေ့မဆက်ပါနဲ့။

9 ၉။ ကျွန်တော်ခြောက်နှစ်အရွယ်ကလေးဘဝတုံးကအကြောင်းကိုသတိရပါတယ်။ ကျွန်တော်ဆေးရုံကဆင်းလာပြီးဒေါ်လာနှစ်ထောင်လောက်ကိုချေးငှါးခဲ့ပါတယ်။ ပြီးဒီမှာ မစ္စတာစဝင်းနီဂါရဲ့ ဆေးဆိုင်ရှိခဲ့ပါတယ်။ဆေးဆိုးအတွက် သူ့ ထံကဒေါ်လာသုံးရာဒါမှမဟုတ် လေးရာ အကြွေးဝယ်ခဲ့ပါတယ်။ သူလဲကျွန်တော့်ကိုတောင်မသိပါဘူး။ ပြီးအဲဒီလူဆီ … သူ့ထံကိုသွားပါတယ်။ သူ့ကိုလည်းကျွန်တော်မသိပါဘူး။ ပြီးသူဆေးကိုဘယ်လိုပဲဖြစ်ဖြစ်ပို့ပေးခဲ့ပါတယ်။ ဘယ်တော့မှမပို့ဘူးလို့မငြင်းဆိုခဲ့ပါဘူး။ ပြီးကျွန်တော့်သူ့ကိုပြောခဲ့တယ်။ကျွန်တော်သင့်ဆီကချေးငှားထားတာပါ။ ပြီး ကျွန်တော် ပြောခဲ့တယ် … ကျွန်တော်အထင်တော့စဝင်နီဂါမဟုတ်ပါဘူး။ သူကမစ္စတာမေးစန်ဖြစ်ပြီးကော့အဲဗင်းနူးနဲ့စပရင်းဘက် ကဖြစ်ပါတယ်။ပြီးကျွန်တော်သူကိုပြောခဲ့တယ် … ကျွန်တော်သူ့ထံမှချေးငှားထားပါတယ်။ကျွန်တော်လောလောဆယ် ပြန်မဆပ်နိုင်သေးပါဘူး။ ကျွန်တော်ကြိုးစားပြီးအလုပ်လုပ်မှာပါ။အခုကျွန်တော်သင့်ကိုပြန်မဆပ်နိုင်ရင် … ကျွန်တော် အခုမှခရစ်ယာန်တယောက်ဖြစ်လာပါတယ်။ ကျွန်တော်ပြောခဲ့တယ်။ပထမဦးဆုံးအရာအနေနဲ့ မစ္စတာမေးစန် ဘုရားသခင် အပေါ် ကျွန်တော်ရဲ့တာဝန်အနေနဲ့သူ့ဆီကနေဆယ်ဘို့တဘို့ကိုချေးငှားထားပါတယ်။ ကျွန်တော်ကိုယ်တော့်ကိုဆယ်ဖို့တဖို့အရင်ပေးချင်ပါတယ်။ ပြီး ကျွန်တော်ပြောခဲ့တယ်။ နောက်ထပ်ကျွန်တော့်တာဝန်တခုကအကြွေးတွေဆပ်ဘို့ဖြစ်ပါ တယ်။ ပြီးကျွန်တော်ပြောခဲ့တယ်။ ကျွန်တော်အဖေဟာတော်တော်ဖျားနေတယ်ပြီး ကျွန်တော်တို့မှာ …မိသားစုထဲမှာကလေးဆယ်ယောက်ရှိပါတယ်။ ဒါပေမယ့်လဲ ကျွန်တော်ပြောခဲ့တယ် တကယ်လို့လခထုတ်ချိန်မှာ ၂၅ဆင့်ကိုအကြွေး မပေးဆပ်နိုင်ခဲ့ရင် … တကယ်လို့ ၂၅ ဆင့်လေးတောင်မပေးနိုင်ခဲ့ရင်ကျွန်တော်လာပြီးမပေးနိုင်သေးကြောင်းပြောပြမှာပါ။ ကျွန်တော်သင့်ကိုပြောမှာပါ။ ဒီတကြိမ်တော့မပေးနိုင်သေးတဲ့အကြောင်းကိုပါ။ အခု ဘုရားသခင်ရဲ့အကူအညီနဲ့ ကျွန်တော့်အကြွေးအကုန်လုံးကိုဆပ်နိုင်ခဲ့ပြီ။ တွေ့လား။ ဒါပေမယ့် အဲဒါကိုကျွန်တော်ဆိုလိုတာပါ။ တွေ့တယ်မဟုတ်လား။

အခု မလုပ်နဲ့ … တချို့လူတွေပြောတယ် …

10 ၁၀။ အိုးတချို့အသင်းတော်က တချို့ခရစ်ယာန်တွေအလုပ်လုပ်ပြီး ကားကိုဒီမှာဝယ်ကြတယ်။ ပြီးအဲဒီလူကလာပြီး … အဲဒီလူပြောခဲ့တယ်။

ကျွန်တော်သင့်ကိုပေးမှာပါ။ ကျွန်တော်စနေနေ့မှာပေးမှာပါ။ ဒါမှမဟုတ်တရက်ရက်ပေ့ါ။ပြီးသူ့ကို သူကဘယ်တော့မှမပေးဘူး။ တပတ်ပြီးတပတ်ကျော်လာပေမယ့်လည်းသူဘယ်တော့မှမပေးဘူး။ ဘာမှလဲမပြောခဲ့ဘူး။ ပြီး အဲဒီလူက ကျွန်တော့်ကိုလာမေးတယ်သူပြောခဲ့တယ် ... တွေ့လား။ အဲဒါဟာအသင်းတော်ကိုဆန့်ကျင်ပြီးရောင်ပြန်ဟပ် တယ်။ အဲဒါဟာခရစ်ယာန်ကိုဆန့်ကျင်ပြီးရောင်ပြန်ဟပ်တယ်။ သင် သူတို့မပေးနိုင်သေးရင်လဲသူ့ကိုသွားပြောပါ။ ပြော ပါ။ ကျွန်တော်ခင်ဗျားထံက ချေးငှားထားပါတယ်။ပြီးကျွန်တော်လာပေးမှာပါ။ ကျွန်တော်ဟာခရစ်ယာန်တယောက်ဖြစ်ပါ တယ်။ ဒါပေမယ့်ကျွန်တော်အခု ... ကျွန်တော်အခုမပေးနိုင်သေးလို့ပါ။ကျွန်တော်ရခဲ့ ... ကျွန်တော်ဒိဟာကိုချေးခဲ့ပါတယ်။ ပြီးသင်တို့မှတ်မိကြမှာပါ။ ဘုရားသခင်စာအုပ်မှာ မှတ်သားထားပါတယ်။ သင်တို့လုပ်ရပ်ကိုသင်တို့သိပါတယ်။ ဒါကြောင့် ကျွန်တော်ကကြိုးစားပြီး ...ကျွန်တော့်အတွက်လုပ်ရပ်ကို သင်တို့သိပါတယ်။ ဒါကြောင့် ကျွန်တော်ကြိုးစားပြီး ... ကျွန်တော့် အတွက်ရောအားလုံးအတွက်ရောဘဲကြိုးစားပြီးအဆင်သင့်ဖြစ်ဘို့ အကြောင်းကတော့တခုခုနဲ့နီးကပ်လာပြီးဆိုတာကျွန်တော်တို့သိရှိရတယ်။ တခုခုဖြစ်လာဘို့ အလွန်နီးကပ်လာပြီးဆိုတာပါဘဲ။ ဒါကြောင့်ကျွန်တော်တို့အဆင်သင့်ဖြစ် နေရ မယ်။ အစ်ကိုယ်တော်ရှင်ပြန်ကြွလာဘို့နီးကပ်လာပြီဖြစ်တဲ့အတွက် ဒီကြီးမြတ်တဲ့အချိန်အတွက် အဆင်သင့်ဖြစ်နေဘို့ လို ပါတယ်။

11 ၁၁။ အခုကျွန်တော်တို့အဆင်သင့်ဖြစ်နေကြပြီး ကိုယ်တော်ရှင်ရဲ့အကူအညီနဲ့ဒီမနက်ကျွန်တော်ရွေးချယ်ထားတဲ့ သေး ငယ်တဲ့ဘာသာရပ်တခုကို ပြောပြပါမယ့်။ကျွန်တော်တို့အတတ်နိုင်ဆုံးအတိုချုံ့ပြီးပြောပြပါ့မယ်။ အကြောင်းကတော့ တယ်လီဖုန်းဆက်သွယ်ထားတာတွေအတွက်ကြောင့်ဖြစ်ပါတယ်။ သင်တို့လဲရရှိမယ်လို့ကျွန်တော်မျှော်လင့်ပါတယ်။ တနိုင်ငံ လုံးကနေ ကျွန်တော်တို့ရဲ့ဒီအင်ဒီယားနားကဒီမနက်ရာသီဥတုသာယာသလို ကောင်းမွန် အေးမြ သာယာတဲ့ရာသီဥတု ကိုမိုးရွာပြီး ကတဲကရရှိသလို ကြီးအလွန်သာယာတာကို ခင်ဗျားတို့လဲရရှိကြပါစေ။

12 ၁၂။ အခုကျွန်တော်ဟေဗြဲအခန်းကြီးတစ်နဲ့ရှင်ယောဟန်အခန်းကြီးတစ်ကိုဖတ်ချင်ပါတယ်။ ဟေဗြဲ ၁း၁-၃နဲ့ ရှင်ယော ဟန် ၁း၁ ကိုဝေငှဘို့အတွက်ဖြစ်ပါတယ်။ ဒီမနက်ဝေငှမယ့်အကြောင်းအရာကနှုတ်ကပတ်တော်အထဲမှာ လေ့လာဘို့ အတွက်ဖြစ်ပါတယ်။ အခု ဟေဗြဲ ၁း၁ ကိုဖတ်ကြရအောင်။

ရှေးလွန်လေပြီးသောအခါ... ပရောဖက်များအားဖြင့် ဘိုးဘေးတို့အားအထပ်ထပ်အနည်းနည်းဗျာဒိတ်ပေး တော် မူပါဘုရားသခင်သည်။

ဤနောက်ဆုံးသောကာလအခါမိမိသားတော်အားဖြင့် ငါတို့အားဗျာဒိတ်ပေးတော်မူပြီး ထိုသားတော်ကိုအလုံးစုံတို့၏အမွေခံသခင်အရာ၌ ခန့်ထားတော်မူ၏။ သားတော်အားဖြင့်လည်းလောကဓါတ်တို့ကိုတည်တော်မူ၏။

ထိုသားတော်သည်ဘုရားသခင်၏ဘုန်းတော်ရောင်ခြည်နှင့် ... ဇာတိအဖြစ်တော်၏ပုံသဏ္ဍာန်ဖြစ်၍တန်ခိုးနှင့် ပြည့်စုံသောမိမိအမိန့်တော်အားဖြင့်ခပ်သိမ်းသောအရာတို့ကိုမစတော်မူသောသူဖြစ်လျက် ငါတို့အပြစ်များကို ကိုယ်တော်တိုင်အားဖြင့် သုတ်သင်ပယ်ရှင်းပြီးလျှင်မြင့်သောအရပ်မှာတန်ခိုးအာနုဘော်တော်၏လကျ်ာဘက်၌ထိုင်တော်မူ၏။

ဖတ်ရတာအလွန်လှပပါတယ်။ရှင်ယောဟန် ၁း၁။

အစအဦး၌နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏။ နှုတ်ကပတ်တော်သည်ဘုရား သခင်ဖြစ်တော်မူ၏။

13 ၁၃။ အခုကျွန်တော်ဝေငှမယ့်အကြောင်းအရာကတော့ ခရစ်တော်ကိုသူ့ရဲ့ကိုယ်ပိုင်နှုတ်ကပတ်တော်ထဲမှာ ဖွင့်ပြထား ပါတယ်။ ဆဲဖြစ်ပါတယ်။ အခုဒီမှာပြောပြရမယ့်အရာတွေရဲ့ နိဂုံးချုပ်အပိုင်းကိုရောက်တဲ့အခါမှာ ဘာကြောင့်လဲဆိုရင်အရာရာ ... သိရတာကတော့ကျွန်တော်တို့ပြောတဲ့အရာကို ကျွန်တော်တို့အခုမပြောသင့်သေးဘူး။ ဘာကြောင့်လဲဆိုရင်ကျွန်တော်တို့အခု အတူတကွစုရုံးကြတာဟာ အစီအစဉ်မရှိဘဲအကြောင်းအရာတွေကိုပြောနေရပြီး။ဒါပေမယ့် လူတွေကို အခိုင်အမာစွဲမြဲတဲ့အရာတခုကိုတော့ အထောက်အကူဖြစ်လိမ့်မယ်။ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့တတွေဟာ ကြောက်မက်ဘွယ်ရာပျော်ရာပျက်စီးနိုင်တဲ့ရေတွေကိုဖြတ်သန်းသွားကြရလို့ဘဲ။ကျွန်တော်တို့အဲဒီအထဲကိုရှုက်လွင့်ပြီး အဆင်သင့်ဖြတ်သန်းနေကြတယ်။ ပြီးတခါတရံမှာကျွန်တော်အထင်တော့ အဲဒါဟာသင်တို့နဲ့အတူရှိသလို ကျွန်တော်နဲ့ အတူလဲရှိမှာပါ။ ထိုအရာဟာ အဲဒီအမြောက်အများနဲ့သဏ္ဍာန်တူဘယ်လိုမြင်ရတယ်။အဲဒါဟာခြောက်လှန့်တဲ့အရာတခုလို ပေ့ါ...

14 ၁၄။ ကျွန်တော်အချိန်အနည်းငယ်တုံးကအမှုတော်ဆောင်ငယ်နဲ့အတူအမျိုးသမီးကို စကားပြောခဲ့ပါတယ်။ ပြီးသူတို့နှစ်ယောက်စလုံးကလည်း ကျန်တဲ့တကမ္ဘာလုံးကလူတွေလို စိတ်လှုပ်ရှားကြပါတယ်.... ကမ္ဘာကလူသားတွေလိုပေ့ါ။ ကျွန်တော်ပြောခဲ့တယ်။ သတိထားပါ။စာတန်ကတော့ထိုးနှက်ဘို့ သင်တို့ဆီလာနေတယ်။ သင်ဘယ်သူဘဲဖြစ်ဖြစ် ကျွန်တော်ဂရုမစိုက်ပါဘူး။ သူ့မှာထိုးနှက်ချက်တခုပြုလုပ်ဖို့ အခွင့်အရေးရှိပါတယ်။သင်လဲဖြစ်နိုင်တာဘဲ။ ထိုးနှက်ချက် ကန်းအောင်လုပ်ဘို့ ဒါမှမဟုတ်အဆစ်ရောင်ရောဂါနဲ့ကုလားထိုင်ပေါ်မှာထိုင်နေဘို့ ဒါမှမဟုတ်စိတ်လှုပ်ရှားဘို့မဟုတ်ဘူး လား။ တွေ့လား။ သူတနေရာရာမှာနေပြီးသင်ကိုထိုးနှက်နိုင်တယ်။ အဲဒီပွင့်နေတဲ့နေရာ သူ့မှာအခွင့်အရေးရတယ်။ အခု အခုအဲဒီအစက်အပျောက်နေရာကိုသင်အချိန်တိုင်း ဖုန်းအုပ်ထားဘို့လိုပါတယ်။

ပြီးကျွန်တော်တို့နေထိုင်တဲ့အချိန်ကာလဟာ ဒီလိုစိတ်လှုပ်ရှားဘွယ်ရာတွေကိုတွေ့ရပါတယ် ....

15 ၁၅။ ပြီးခဲ့တဲ့အပတ်ကတိတ်ခွေတွေကျွန်တော့်အထင်တော့ သင်တို့ကိုအလွန်အကျဉ်းတန်တဲ့အရာတွေကို သင်တို့အားဖွင့်ပြမယ့်အရာတွေကို ကျွန်တော်တို့ပြောမယ့်တနေ့ကျရင်ကျွန်တော်တို့လုံလောက်တဲ့နေရာကိုရရှိပြီး နောက်ဆုံးသော

ကပ်ဆိုးကိုကမ္ဘာပေါ်သို့သွန်းလောင်းမည့်အကြောင်းကိုဖွင့်ပြမှာပါ ... ထိုခွက်ဖလားတွေးပါ။ ခွက်ဖလားတွေကိုသွန်း လောင်းကာမိုးကြိုးသံ ၇ ခု .... ပြီးထိုအကျဉ်းတန်တဲ့မြင်ကွင်းတွေဟာကမ္ဘာပေါ်ကိုကျရောက်လာမှာ ...

အမျိုးသားတွေအခုပြီးယနေ့လူတွေဟာ ဒီလိုမျိုးအာရုံကြောပျက်စီးဖေါက်ပြန်တဲ့အခြေအနေတွေကို တကမ္ဘာလုံးကလည်း ....

16 ၁၆။ လွန်ခဲ့တဲ့လကReader's Digest ကိုသင်တို့ဖတ်ပြီးဖြစ်မယ်။ အဲဒီမှာဖော်ပြချက်ကို သတိထားမိမှာပါ။ အဲဒါဟာနာမည်ကျော်ကြားတဲ့ အမှုတော်ဆောင် ဘေလီဂရေးဟမ်းအကြောင်းဖြစ်ပါတယ်။သူသိပ်မောပန်းပြီး အစည်းအဝေးကို တောင်ဆက်မလုပ်နိုင်တော့လို့မေရိုဆေးခန်းမှာသွားစမ်းသပ်ခံပြသခဲ့ပါတယ်။ သူ့မှာဘာရောဂါမှမရှိပါဘူး။ သူအလုပ်ကိုသိပ်မလုပ်နိုင်တာဘဲရှိပါတယ်။ ပြီး သူ့ကိုကာယလေ့ကျင့်ခန်း အပြေးလေ့ကျင့်ခိုင်းတယ်။တနေ့ကိုတမိုင်နေ့တိုင်းပြေးပါ တယ်။ ပြီးနောက်မှာသိပ္ပံနဲ့ဆိုင်တဲ့ဆောင်းပါးတခုသက်သေပြတာက လူငယ်လေးတွေ ယောကျ်ားလေးတွေနဲ့မိန်းကလေး တွေ သူတို့ရဲ့လူလတ်ပိုင်းအရွယ်အသက်နှစ်ဆယ်မှာထိုးနက်ခြင်းခံရတယ်။ ပြီးအသက်နှစ်ဆယ့်ငါးနှစ်မှာအကြိမ်များစွာ အချိန်များစွာအတွင်းမှာ မိန်းကလေးတွေဟာ သွေးဆုံးကြတယ်။အသက်နှစ်ဆယ့်ငါးနှစ်အရွယ်လောက်မှာပါ။

သင်တို့အဲဒါကိုသိလား။မသိဘူးလားဆိုတာကိုတော့ ကျွန်တော်မသိပါဘူး။ ဒါပေမယ့် လွန်ခဲ့တဲ့ညအနည်းငယ်ကသန့်ရှင်းသောဝိညာဉ်တော် ဒီအစည်းအဝေးမှာစကားပြောခဲ့တယ်။ ဒီမှာထိုင်နေတဲ့မိန်းကလေးတယောက် ... သူ့ကိုခေါ် ထုတ်လာတဲ့အချိန်မှာအတိအကျကိုဘဲ အဲဒီလိုမျိုးမှားယွင်းနေတာကိုတွေ့ရတယ်။ ကျွန်တော်သူ့ကိုဒုတိယအကြိမ်ကြည့် လိုက်တယ်။ နောက်တခါထပ်ကြည့်တယ်။ ပြီးဘာအကြောင်းအရာတွေဖြစ်နေတာကိုကျွန်တော်တွေ့ရတယ်။ ကျွန်တော် စဉ်းစားခဲ့တယ်။ အဲဒါမဖြစ်နိုင်ဘူး အဲဒီကလေးကသိပ်ငယ်လွန်းနေတယ်။ ဒါပေမယ့်လဲဖြစ်နေတယ်။ သွေးဆုံးတာ အနှစ် နှစ်ဆယ်အရွယ်လောက်မှာနှစ်ဆယ့်သုံးနှစ် အဲဒီလိုမျိုးပေ့ါ တွေ့တယ်မဟုတ်လား။

17 ၁၇။ ကျွန်တော့်အမေနဲ့သင်တို့ရဲ့အမေတွေလဲသွေးဆုံးခြင်းကိုအသက်၄၅ နဲ့ ၅၀ အတွင်းမှာဖြစ်ပေါ်ခဲ့တယ်။ ကျွန်တော့်အမျိုးသမီးကတော့ ၃၅ နှစ်မှာ သွေးဆုံးတယ်။ အခုတော့ ကျဆင်းလာတာ အသက်၂၀မှာသွေးဆုံးနေတယ်။ လူသားမျိုး နွယ်တခုလုံးကတော့ ဆွေးမြေ့နေပါပြီ။ ကောင်းပြီ။တကယ်လို့ ကျွန်တော်တို့ရဲ့ ခန္ဓာတွေဟာ ဒီလိုယုတ်လျော့ကျဆင်း လာတာဟာရောစပ်ထားတဲ့အစားအစာတွေကိုစားလို့ဘဲ ဆွဲစန့်ထားတာတွေဟာ အဲဒါကိုဆွေးမြေ့စေတယ်။ဦးနှောက် ဆဲလ်တွေကိုဆွေးမြေ့ရုံတင်မကဘူး။ ပြီးနောက်မှာလဲကျွန်တော်တို့အမျိုးသမီးတွေဟာ လမ်းပေါ်ကိုအဝတ်မပါဘဲ သွား လာနေတာကိုတွေ့နိုင်တယ်။တနာရီကိုမိုင် ၁၂၀ နဲ့လမ်းသွယ်တွေကိုသွားလာနေတာကိုလဲ ကျွန်တော်တို့တွေ့နေရတယ်။ဒီအရာတွေအားလုံးဘဲ။ တနိုင်ငံလုံး တကမ္ဘာလုံး ဒီနိုင်ငံတင်မကဘူး။ ဒါပေမယ့်နေရာတိုင်းဦးနှောက်တွေပျက်နေတဲ့ အခြေ အနေကိုရောက်နေကြပြီး။

18 ၁၈။ ပြီးထိုအရာတွေကိုကျွန်တော်တို့ဖွင့်ပြတဲ့အခါ ကိုယ်တော်ရဲ့အလိုတော်ရှိရင် ထိုခွက်မလား ၇လုံးနဲ့ပတ်သက်ပြီး ထိုဖုံးကွယ်ထားတဲ့အရာတွေကိုပြဘို့ ... လူတွေဟာ စိတ်မနှံ့သူတွေဖြစ်လာတာ သူတို့စိတ်အထင်မှာပုရွတ်ဆိတ်တွေကို တောင်ကြီးတလုံးလိုဖြစ်လာတဲ့အထိတိုင်ဘဲ။အမျိုးသမီးတွေကိုညှင်းဆဲမယ်။ ကျိုင်းကောင်တွေလို မြေကြီးပေါ်ကိုထွက်လာတာဆံပင်ရှည်ကြီးတွေနဲ့ ဆံပင်ဖြတထောက်ထားတဲ့အမျိုးသမီးတွေကို ညှင်းဆဲမယ်။သူတို့ရဲ့ဆံပင်တွေဟာ အမျိုး သမီးတွေလိုအရှည်ကြီးတွဲကျနေတယ်။ သူတို့သွားတွေကလဲခြင်္သေ့တွေလိုရှည်လျားပြီး သူတို့ရဲ့အမြီးတွေဟာလဲ ကင်း မြီး ကောက်တွေလိုအမြီးမှာထိုးနက်တဲ့အရာတွေနဲ့ အစရှိသည်ဖြင့်တို့နဲ့ ကမ္ဘာပေါ်မှာရှိတဲ့လူတွေကိုညှင်းဆဲမှာဖြစ်ပါတယ်။ ဒါပေမယ့် နောက်မှာတော့ အဲဒါတွေနဲ့ပတ်သက်ပြီးလုပ်ရမယ့်အရာတွေဟာအလွန်နောက်ကျနေပါပြီး။ အခု သင်တို့အခု ရောက်ရှိနေပါပြီး။ ညှင်းဆဲခြင်း ....

19 ၁၉။ ပြီးလွန်ခဲ့တဲ့တနင်္ဂနွေနေ့ကအာရုံငါးပါးနဲ့ပတ်သက်တဲ့စက်ဝိုင်းအကြောင်းကို ကျွန်တောတို့ပြောခဲ့ကြတယ်။ ခန္ဓာပြင်ပနဲ့ပတ်သက်တယ် ... အဲဒါဝင်ပေါက်ဘဲ။ ခန္ဓာနဲ့ပတ်သက်တဲ့အာရုံငါးပါးပေ့ါ။ခန္ဓာထဲကိုရောက်ရှိဘို့ရာ နည်းလမ်းတ လမ်းဘဲရှိတယ်။ အဲဒါအာရုံငါးပါးအားဖြင့်ဘဲ။အမြင် အရသာ ထိတွေ့မှု အနံ့နဲ့အကြားဖြစ်ပါတယ်။ ခန္ဓာနဲ့ဆက်သွယ်ဘို့အခြားနည်းလမ်းတွေမရှိပါဘူး။

လူတယောက်ရဲ့အထဲမှာရှိတာကိုဝိညာဉ်လို့ခေါ်ပါတယ်။ ပြီးသူ့မှာလဲ အာရုံငါးပါးရှိတယ်။ စဉ်းစားတာ ... အတွေး ဒါမှမဟုတ် တွေးတောကာ ပြီးနှစ်ခြင်း ပြီးသြတပစိတ်ပြီးအစရှိသည်ဖြင့်တို့ပေ့ါ။ ကောင်းပြီး။

အခုသင်တို့ရဲ့ခန္ဓာကိုယ်နဲ့တွေးတောလို့မရဘူး။ သင်ရဲ့စိတ်နဲ့ဘဲတွေးတောရမှာပါ။ ပြီးဒါနဲ့ဘဲ ခရစ်ယာန်အများ စုဟာ ရပ်တန့်နေကြတယ်။ ပြီး သူတို့လုပ်နိုင်တယ်။လယ်ကွင်းထဲကပြောင်းဖူးတွေလို ပြီးလယ်ကွင်းထဲကပေါင်းပင်တွေ လိုပေ့ါ။ သူတို့သန့်ရှင်းသောဝိညာဉ်တော်တခုထဲနဲ့ဘဲ ဘိသိက်ပေးနိုင်တာစစ်မှန်တဲ့ယုံကြည်သူတွေကို ဘိသိက်ပေးခဲ့သ လိုပေ့ါ။ ဒါပေမယ့်အတွင်းပိုင်းမှာရှိတဲ့နောက်နယ်ပယ်တခုက တတိယနယ်ပယ်က နာမ် soul ဖြစ်တယ်။ ပြီးအဲဒါကိုဘုရားသခင်က ခွဲခန့်မှတ်သားထားပါတယ်။ အဲဒီမှာစစ်မှန်တဲ့မျိုးစေ့မိုးတွေလဲလျောင်းတဲ့နေရာ အဲဒီအထဲမှာဖြစ်တယ်။

ပြီးသတိရပါ။တကယ်လို့ ကျွန်တော်နောက်ပိုးသီးကို လှီးဖွင့်ပြီးဂျုံတစေ့ကိုထည့်ပြီးမြေမြုပ်လိုက်ရင် နောက်ပိုး ပင်ကနေ ဂျုံပင်ကိုပေါက်စေမှာပါ။ အပြင်ပန်းကဘယ်လိုဘဲဖြစ်နေဖြစ်နေပေ့ါ။ ဒါဟာ စိတ်လှုပ်ရှားစရာတွေဘဲ။

20 ၂၀။ ဒီလနေ့မှာသန့်ရှင်းသောဝိညာဉ်တော်ရရှိခြင်းရဲ့အထောက်အထား အစရှိသည်တို့နဲ့ရှုတ်ထွေးနေကြတယ်။စာတန် ဟာ ဘုရားသခင်မှာရှိတဲ့ ဆုကျေးဇူးတွေကို ဟန်ဆောင်အတုခိုးနိုင်တယ်။ ဒါပေမယ့်ထိုနှုတ်ကပတ်တော်ကိုတော့မယူ ဆောင်နိုင်ဘူး။ နှုတ်ကပတ်တော်တခုခြင်းအားဖြင့်ပေ့ါ။အဲဒါနဲ့ဘဲ သူဧဒင်ဥယျာဉ်မှာကျဆုံးခဲ့တယ်။ သူအမြဲတမ်းဘဲ ကျဆုံး တဲ့နေရာဘဲ။ဟိုမှာလိုပေ့ါ ...

များယွင်းတဲ့ဘိသိက်ပေးခံခဲ့ရတဲ့သူတွေဒါမှမဟုတ် ဘိသိက်ပေးခံခဲ့ရတဲ့သူတွေရဲ့တိတ် ခွေ ထဲမှာလိုပေါ့ .... သူတို့ကိုဝိညာဉ်နဲ့ဘိသိက်ပေးနိုင်တယ်။အခြားသောဘာသာစကားပြောခြင်း ကခုန်ခြင်း ဟစ်အော်ခြင်း အမှုတော်မြတ်ကိုဟောကြားခြင်းတွေကိုပြုလုပ်ပြီးအခုထက်ထိစာတန်တယောက်ပါဘဲ။ အဲဒါဟာ အတွင်းနဲ့ဆိုင်တယ်။ အခုသတိရပါ။ ယေရှုမိန့်တော်မူတယ်။ ငါ့ရဲ့အဘငါ့ကိုပေးတဲ့လူတွေ ငါ့ထံကိုလာလိမ့်မယ်။ ခမည်းတော်မပို့ဘဲဘယ်သူ တဦး တယောက်မှငါ့ထံကိုလာလို့မရဘူး။

အခုကျွန်တော်တို့ရဲ့ သင်ခန်းစာကိုခင်ဗျားတို့ကိုပြချင်တာကတော့ သင်တို့ဟာသင်တို့ရဲ့ဘိုး ဘေး ဘီ ဘင် အထဲ မှာရှိနေတာကိုပါဘဲ။ ကာယပိုင်းနဲ့ဆိုင်တာကိုပြောတာပါ။ ထို့နောက်မှာ သင်တို့ဟာ ကိုယ်ခန္ဓာနဲ့လူတွေပါ။သဘာဝအား ဖြင့်ပေါ့။ တခါတရံမှာ ကလေးငယ်တယောက်ဟာ မိသားစုထဲမှာဆံပင်နီကြဲကြဲလေးနဲ့မွေးဖွါးလာတယ်။ အဲဒါသူ့အဖေ ကို အံ့အားသင့်စေတယ်။ အကြောင်းကတော့သူမိသားစုထဲမှာ ဆံပင်နီကြဲကြဲတယောက်မှမရှိလို့ ဒါမှမဟုတ် သူ့အမေလဲဘဲ ပေါ့။ ဒါပေမယ့်သင်နောက်ပြန်ပြီးတော့ ဆင်းသက်လာတဲ့မျိုးနွယ်တွေကို ပြန်ကြည့်ရင်တော့တယောက်ယောက်မှာဆံ ပင်နီကြဲကြဲရှိခဲ့တယ်။ အဲဒီမျိုးစေ့ဟာဘိုးဘေးတို့ဟာဆင်းသက်လာပြီးတော့ သင်ကလဲ ဒီအထဲကြဲ ဆင်းသက်လာတဲ့လူ တယောက်ပါဘဲ။ဟေဗြဲအခန်းကြီး ၇ ကိုပြောခဲ့တာက မေလခိဇေဒက် ... အာဗြဟံက သူ့ကိုဆယ်ဖို့တဖို့ကို သူဘုရင်တွေကိုသတ်ပြီးပြန်လာတဲ့အခါမှာပေးခဲ့တယ်။ ပြီးလေဝိ ဆယ်ဖို့တဖို့ကိုလက်ခံတဲ့သူဆယ်ဖို့တဖို့ပေးတယ်။ အကြောင်း ကတော့ သူဟာမေလခိဇေဒက်ရဲ့မျိုးစေ့ထဲမှာ ... ဒါမှမဟုတ် အာဗြဟံရဲ့မျိုးစေ့ထဲမှာပါ။ ရှိခဲ့တာသူမေလခိဇေဒက်နဲ့ဆုံ တွေ့ခဲ့တယ်။

21 ၂၁။ အခုဒါဟာအတူတူပါဘဲ။ သင်ဟာ ဘုရားသားတယောက်ဖြစ်ခဲ့ရင် တကယ်လို့ ကျွန်တော်ဟာဘုရားသားဖြစ်ခဲ့ ရင် ဒါမှမဟုတ် ဘုရားသခင်ရဲ့သမီးဖြစ်ခဲ့ရင် အစဦးကတဲကကျွန်တော်တို့ဟာ ဘုရားသခင်ထဲမှာရှိခဲ့တယ်။ ပြီးယေရှုဘုရားဟာနှုတ်ကပတ်တော်အပြည့်အဝဖြစ်လာခဲ့ပြီး ထိုအခါမှာ ကျွန်တော်တို့တတွေဟာသူ့ရဲ့အထဲမှာရှိပြီး ပိုးသဏ္ဍာန်နဲ့ပါ။ သူကားတိုင်တင်ခံရတဲ့အခါမှာ ကျွန်တော်တို့ဟာ သူ့ရဲ့ခန္ဓာထဲမှာကားတိုင်တင်ခံရပါတယ်။ သူသေခြင်းမှရှင်ပြန်ထ မြောက်တဲ့အခါ ကျွန်တော်တို့ဟာသူနဲ့အတူရှင်ပြန်ထမြောက်ခဲ့တယ်။ ပြီး အခု ကျွန်တော်တို့ အဲဒါကိုအသိအမှတ်ပြုပြီးရင် အခုအထက်အရပ်ကောင်းကင်မှာ သူနဲ့အတူခရစ်တော်ယေရှုရဲ့အထဲမှာထိုင်နေပါတယ်။တွေ့လား။ အကြောင်းကတော့ တကယ်လို့ ကျွန်တော်တို့တတွေဟာ ဘုရားသခင်ရဲ့သားတွေသမီးတွေဖြစ်ခဲ့ရင် ကျွန်တော်တို့ဟာ ဘုရားသခင်ရဲ့က လေးတွေဖြစ်ပြီး နောက်မှာကျွန်တော်တို့ဟာ ဘုရားသခင်ရဲ့အတွေးသဏ္ဍာန်တွေဖြစ်ကြတယ်။ ပြီးနောက်မှာ ကျွန်တော်တို့ ထာဝရအသက်ကိုရရှိကြပါတယ်။ ပြီး ဘုရားသခင်ဟာ ထာဝရအသက်ကိုတပါးတည်းပိုင်ဆိုင်ထားပါတယ်။ ထို့နောက် မှာ ကျွန်တော်တို့ဟာအစအဦးကတဲကသူ့အထဲမှာရှိပါတယ်။ ယေရှုခရစ်တော်ဟာ နှုတ်ကပတ်တော်အားလုံးဖြစ်လာတဲ့အခါထို့နောက်မှာ ကျွန်တော်တို့တတွေလဲ သူ့ရဲ့အစိတ်အပိုင်းဖြစ်လာပါတယ်။ အာမင်။သင်တို့အဲဒီမှာပါ။ ကျွန်တော်တို့အဲဒီ အထဲမှာရှိတဲ့အခါမှာမကောင်းဆိုးဝါးတွေလုံးဝမရှိဘူး။ ဘယ်တန်ခိုးမှလဲမရှိဘူး။ ဘယ်အရာတွေကမှလှုပ်ခါသွားလို့မရ ပါဘူး။ ဒါဟာ ဝိညာဉ်ကိုချည်နှောင်ထားတဲ့တိုင်ပါဘဲ။

သင်ဟာဒီဟာရဲ့အပြင်ဘက်မှာ ဒီဝိညာဉ်နဲ့ဘိသိက်ပေးခြင်းခံရနိုင်တယ်။ ပြီးဆန္ဒတေါ် အခြားအရာတွေအားလုံးကိုလုပ်လိမ့်မယ်။ ဒါပေမယ့် နှုတ်ကပတ်တော်နဲ့ချည်နှောင်ထားတဲ့တိုင်ကိုလာတဲ့အခါမှာအဲဒီကနေ ဘယ်ကိုမှသွားလို့မရ တော့ပါဘူး။ အဲဒါဟာ မြဲမြဲမြန်စွာချုပ်ကိုင်ထားပြီးနှုတ်ကပတ်တော်နဲ့ တတ်နိုင်သလောက်သစ္စာရှိတာပါဘဲ။ အဲဒါရဲ့အပြင် ဘက်မှာသင်ဘာတွေဘဲလုပ်လုပ်ပါ သင်ဟာပျောက်ဆုံးနေတုံးဖြစ်နေမှာပါဘဲ။

22 ၂၂။ လောစကိအသင်းတော်ကာလဟာအဝတ်ဗလာ မျက်စိကန်းနေတယ် ဆင်းရဲဒုက္ခရောက်နေတယ်။ ဒီလိုဖြစ်နေ တာကိုသူတို့ကိုယ်တိုင်တောင်မသိကြဘူး။ တွေ့လား။ ထိုဘိသိက်ပေးခြင်း။စစ်မှန်တဲ့ဝိညာဉ်နဲ့ဘိသိက်ပေးခြင်းဖြစ်တယ်။ တွေ့လား။ ထိုသန့်ရှင်းသောဝိညာဉ်တော်ဟာလူတယောက်ရဲ့ဝိညာဉ်ပေါ်မှာကျရောက်နိုင်ပါတယ်။ ဒါပေမယ့် သူ့ရဲ့ Soul နာမ်ကတော့သူ့ရဲ့ပိုးဖြစ်ပါတယ်။ ထိုပိုးဟာ နှုတ်ကပတ်တော်ဖြစ်ပါတယ်။ တွေ့လား။ပြီးသင်ဘယ်လောက်ဘဲ တရားဟော ဟော ဒီဟာကိုကောင်းကောင်းလုပ်နိုင်တယ်။ ဘယ်လောက်ဘဲချစ်ခြင်းမေတ္တာရှိပါစေ ကျွန်တော်ဂရုမစိုက်ပါဘူး ... ဒါဟာ အ တွင်းပိုင်းဝိညာဉ်က အလုပ်လုပ်တာပါ။ သင့်ခန္ဓာနဲ့သင်မခြစ်နိုင်ပါဘူး။ သင့်ရဲ့ဝိညာဉ်ဖြစ်သာဖြစ်နိုင်ပါတယ်။ ဒါဟာအတွင်းသဏ္ဍာန်တခုပါဘဲ။ ပြီးသင်ချစ်နိုင်တယ်ပြီးသင်ဘုရားကိုတောင်ချစ်တယ်။ပြီးခုထက်ထိတော့မမှန်သေးပါဘူး။ သင်မကောင်းဆိုး ဝါးတွေကိုနှင်ထုတ်နိုင်မယ်။ ပြီးတရားဟောမယ် ပြီးဒီအရာတွေကိုပြုလုပ်တယ်။ ခုထက်ထိတော့ မမှန်ကန်သေးပါဘူး။ ယေရှုလည်းမိန့်တော်မူခဲ့တယ်။ ထိုနေ့ကျရင် လူအများတို့ဟာ လိမ္မာမယ်လို့ပြောခဲ့တယ်။ထိုနှုတ်ကပတ်တော်က အဲဒါကိုတည်ငြိမ် စေတယ်။

အစအဦး၌နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားနဲ့အတူရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားဖြစ်တော်မူ၏။

နှုတ်ကပတ်တော်သည်လူဇာတိခံယူပြီး ကျွန်တော်တို့နဲ့လာနေတယ် ....

23 ၂၃။ သတိပြုပါ။ကျွန်တော်ကျမ်းစာတော်မြတ်ရဲ့ ဘာသာရပ်ဖြစ်တဲ့ ခရစ်တော်ကိုသူ၏ကိုယ်ပိုင်နှုတ်ကပတ်တော်ထဲမှာဖွင့်ပြဖော်ပြထားပါတယ်ဆိုတဲ့အကြောင်းအရာကိုပြောပြမှာပါ။ ဒီအကြောင်းနဲ့ပတ်သက်တဲ့နိဂုံးချုပ်ကို ကျွန်တော့်အခန်းထဲမှာ ရေးဆွဲထားပါတယ်။တချို့ကျွန်တော်သိပ်ခင်ရတဲ့လူတွေ (ဒီမနက်ဒီမှာထိုင်နေတာလဲဖြစ်ကောင်းဖြစ်မယ်) ... ကျွန်တော်ရုပ်ပုံ ကားချပ်တခုကို လေ့လာဘို့ချိတ်ဆွဲထားပါတယ်။အဲဒီရုပ်ပုံကတော့ ဟော့မင်းရဲ့ခရစ်တော်ရဲ့ဦးခေါင်းပုံကိုတောင်ပေါ်ဒေသ ထဲမှာရေးသားထားပါတယ်။ ပြီးသင်တို့လာမယ့်တည့်တည့်မှာ ဆံပင်အပိုင်းတပိုင်းသင်တို့အလိုရှိတဲ့နေရာကိုရောက်တဲ့အခါ သူတို့ပိုပြီးတော့မှင်တံနဲ့ဖိဆွဲထားသလိုမျိုး သင်ဖိထားသလိုမျိုး အဲဒီအပိုင်းကိုပေါ့။

ဒါကြောင့်သူအဲဒီမှာရှိပြီး သူ့ရဲ့နှုတ်က ပတ်တော်ထဲမှာထိုင်နေပြီး အပြင်ကိုကြည့်နေတယ်။
ခရစ်တော်ဟာတောင်ပေါ်ဒေသနာဟောကြားချက်ထဲမှာရှိနေပါတယ်။ တဦးတယောက်
ဘယ်သူဘဲဖြစ်ပါစေကျွန်တော်ခင်ဗျားကိုအဲဒါအတွက်ကျေးဇူးတင်ပါတယ်။ ပြီးတယောက်ယောက်က အဲဒီရုပ်ပုံကားချပ်ကိုယူလာပြီး
ကျွန်တော်လေ့လာတဲ့အခန်းထဲမှာထားရှိပါတယ်။ ဇေလီယကို မီးမြင်းရထားနဲ့ချီဆောင်သွားတဲ့ပုံဖြစ်ပါတယ်။
ကျွန်တော်တို့အဲဒါကိုလက်ခံပါတယ်။ အချိန်အတော်များများသွားတဲ့ပုံဖြစ်ပါတယ်။ကျွန်တော်တို့အဲဒါကိုလက်ခံပါ တယ်။
အချိန်အတော်များများမှာကြီးမားတဲ့ပရိသတ်တွေကြောင့် ဒီအရာတွေကိုပြောဘို့အခွင့်အရေးမရပါဘူး။
ဒါပေမယ့်ကျွန်တော်အဲဒါကိုမြင်ရပါတယ်။ ညီအစ်ကို ညီအစ်မတို့ ကျွန်တော်သိပါတယ်။ ဘုရားလဲအဲဒါကိုသိပါတယ်။

အခုကျွန်တော်ဝေငှမဲ့အကြောင်းအရာကတော့ ခရစ်တော်ကို သူ၏နှုတ်ကပတ်တော်ထဲမှာဖွင့်ပြထားပါတယ် ဘဲဖြစ် ပါတယ် - တောင်ပေါ်ဒေသနာတွေထဲမှာ ခရစ်တော်မတ်တပ်ရပ်နေတဲ့ပုံအဲဒီအထဲမှာ မတ်တပ်ရပ်နေတာပါ။ အဲဒါနဲ့ဘဲ ကျွန်တော် ဝေငှမယ့်အကြောင်းကိုစဉ်းစားပါတယ်။

အခုခရစ်တော်နဲ့နှုတ်ကပတ်တော်က အတူတူပါဘဲ။ တွေ့လား။

24 ၂၄။ သူတို့ပြောတယ်ကျမ်းစာတော်မြတ်က ဘယ်လိုလဲ … လူတွေကပြောကြတယ် … ကျွန်တော်ဟာ သိပ်မကြာသေး ခင်က လူတယောက်နဲ့အတူစီးသွားတယ်။သူပြောခဲ့တယ်။ အဲဒါကိုစဉ်းစားပါ။ ကျွန်တော်တို့ဟာ ကမ္ဘာပေါ်မှာရှိနေကြတယ်။ ဒါကျွန်တော်တို့ရဲ့အကြောင်းပါ။ ပြီးကျွန်တော်တို့သိတာက ဒါမှမဟုတ် ပြောနိုင်တာကကျွန်တော်တို့ကျမ်းစာလို့ခေါ်တဲ့ ဂျူး လူမျိုးတို့ရဲ့ယုံတမ်းပုံပြင်နဲ့ကယ်တင်ခြင်းရတာပါ။

ကျွန်တော်ပြောခဲ့တယ်။ဆရာကြီး သင်ဘာပြောသလဲဆိုတာကို ကျွန်တော်နားမလည်ဘူး။ ဒါပေမယ့် အဲဒါဟာဂျူးလူမျိုးတို့ရဲ့ ယုံတမ်းပုံပြင်လို့ ကျွန်တော်မယုံဘူး။ ကျွန်တော်ပြောခဲ့တယ် ….

သူပြောခဲ့တယ်။ကောင်းပြီ သင်ဆုတောင်းတယ် … ဘယ်ဆီကိုဆုတောင်းတာလဲ။ကျွန်တော်တခုပြီးတခုတောင်း ဆိုတယ်ပြီးသေချာတဲ့အရာတွေကိုပေါ့။ ကျွန်တော်မရရှိခဲ့ပါဘူး။

25 ၂၅။ ကျွန်တော်ပြောခဲ့တယ်။သင်ဆုတောင်းတာမှားနေတယ်။ ဘုရားသခင်စိတ်ထားပြောင်းအောင် ကျွန်တော်တို့ဘယ် တော့မှဆုမတောင်းရဘူး။ ကျွန်တော်တို့စိတ်ထားပြောင်းဘို့အတွက်ဘဲ ဆုတောင်းရမှာပါ။ဘုရားသခင်ရဲ့စိတ်ထားက ပြောင်းလဲစရာမလိုပါဘူး။ တွေ့လား။ တွေ့လား။ ဒါအမှန်ဘဲ။ကျွန်တော်ပြောခဲ့တယ်။ သင်ဘာအတွက် ဆုတောင်းတာ မဟုတ်ဘူး…

ကျွန်တော်သိတဲ့ကက်သလစ်လူငယ်လေးတယောက်မှာဆုတောင်းတဲ့စာအုပ်လေးတအုပ်ရှိပြီး သူအမေမသေဘို့အ တွက်ဆုတောင်းတယ်။ ပြီးသူမသေသွားတယ်။ ပြီးအဲဒီဆုတောင်းစာအုပ်ကိုမီးထဲပစ်ချလိုက်တယ်။ကောင်းပြီ။တွေ့လား … ကျွန်တော်အဲဒီဆုတောင်းစာအုပ်နဲ့သွားမှာမဟုတ်ပါဘူး။ဒါပေမယ့် ဘယ်လိုဘဲဖြစ်ဖြစ် … တွေ့လား။ သင်မှားယွင်းတဲ့သဘောထားကိုသုံးခဲ့တယ်။ သင်ဟာကြိုးစားပြီး ဘုရားသခင်ကိုဘာလုပ်ရမယ်လို့ပြောခဲ့တယ်။ဖြစ်သင့်တဲ့ဆုတောင်းချက်က တော့ ကိုယ်တော်ကိုယ်တော်ရဲ့နှုတ်ကပတ်တော်နဲ့အံဝင်ဂွင်ကျဖြစ်ဘို့ပြုပြင်တော်မူပါ။ပြောင်းလဲဘို့မဟုတ်ဘူး … မဟုတ်ပါ။ ကိုယ်တော်ရဲ့သဘောထားကိုပြောင်းလဲဘို့မဟုတ်ဘဲ။ကိုယ်တော်ကျွန်တော်ရဲ့နှလုံးသားကိုပြောင်းလဲစေပါ။ (တွေ့လား )ကိုယ်တော်ရဲ့သဘောတော်အတိုင်း ကျွန်တော်နှလုံးသားကိုပြောင်းလဲတော်မူပါ။ပြီးကိုယ်တော်ရဲ့အလိုတော်ကို ကိုယ်တော် ၏ကျမ်းစာတော်မြတ်ထဲမှာဖော်ပြထားပါတယ်။ပြီးကိုယ်တော် ကျွန်တော်ရဲ့နှလုံးသားဟာ ကိုယ်တော်ရဲ့နှလုံးသားနဲ့မတူမ ချင်းကျွန်တော့်ကိုသွားခွင့်မပြုပါနဲ့။ ပြီး ကျွန်တော်ရဲ့နှလုံးသားဟာကိုယ်တော်နဲ့တူလာတဲ့အခါမှာ ကိုယ်တော်ရေးတဲ့ နှုတ်က ပတ်တော်အားလုံးကိုကျွန်တော်ယုံကြည်လာမှာပါ။ ပြီးကိုယ်တော်အဲဒီမှာမိန့်မှာထားသလိုကိုယ်တော့်ကိုချစ်တဲ့လူတွေအ တွက် ကိုယ်တော်ပြုလုပ်တဲ့အရာရာတိုင်းဟာအတူတကွလုပ်ဆောင်ကြတာ သူတို့ကောင်းဘို့အတွက်ဖြစ်ပါတယ်။ ပြီးကျွန်တော်ကိုယ်တော်ကိုချစ်ပါတယ်။ ကိုယ်တော်ရှင်။ အရာအားလုံးအတူတကွလုပ်ဆောင်ခြင်းဟာ ကောင်းဘို့အတွက်ဖြစ် ပါတယ်။

26 ၂၆။ ကျွန်တော်ဒီအပတ်ထဲမှာဒီနိုင်ငံရဲ့တနေရာမှာ ခင်မင်ရတဲ့သူငယ်ချင်းတချို့ဆီမှာအတူနေခဲ့တယ်။ကျွန်တော်တို့စား သောက်နေတဲ့အခါမှာ သူငယ်ချင်းတချို့ကို ကျွန်တော်မေးခဲ့တယ် …. ကျွန်တော်တို့အမြဲတမ်းဘဲဝိုင်းထိုင်ပြီးတော့ အနည်းငယ်စားသောက် … ကျမ်းစာတော်မြတ်အနည်းငယ်ကိုလေ့လာကြတယ်။ချစ်ခြင်းမေတ္တာအကြောင်းကိုပြောဆိုနေကြတယ်။ အဲဒီအထဲကပုဂ္ဂိုလ်တယောက်ကကျွန်တော့်ကိုပြောခဲ့တယ်။ သူပြောတာက ကျွန်တော်က သင်ဟာအန်တီခရစ်တယောက် လို့ယုံကြည်တယ်။

ကျွန်တော်ပြန်ပြောခဲ့တယ်တကယ်လို့ ကိုယ်တော်ကိုဝမ်းမြောက်စေမယ်ဆိုရင် ကျွန်တော်အဲဒါဖြစ်ချင်ပါတယ်။ သူကျွန်တော့်ကိုဘာဘဲဖြစ်ချင်ဖြစ်ချင် ကျွန်တော်ဖြစ်ချင်ပါတယ်။ကျွန်တော်သူ့ကိုချစ်ပါတယ်။ ပြီးတကယ်လို့ ကျွန်တော့်ကိုငရဲ ထဲပစ်ချမယ်ဆိုရင်လဲကျွန်တော်သူ့ကိုချစ်နေမှာဘဲ။ တကယ်လို့သာ ကျွန်တော်မှာအခုရှိနေတဲ့ဝိညာဉ်နဲ့ဆိုရင်ပေါ့။ သူ ကျွန်တော့်ကို လူထူးလူဆန်းတယောက်လို ကြည့်နေတယ်။ကျွန်တော် သူတို့လေးငါးယောက်ကိုတွေ့ခဲ့တယ်။ လူငယ်တွေ ဇနီးငယ်လေးတွေကောင်းမွန်တဲ့အမျိုးသမီးတွေဘဲ။ အဲဒီလူငယ်လေးတွေဟာ သူတို့ရဲ့ဇနီးတွေကိုဘယ်လောက်ချစ်ကြသ လဲဆိုတာကို ကျွန်တော်သိတယ်။ ဒါကြောင့် သူတို့ကိုကျွန်တော်ပြောခဲ့တယ်။ ကျွန်တော်ပြောတာက ဒီမှာစမ်းသပ်ဘို့ဖြစ် တယ်။သင်တို့ရဲ့ဇနီးတွေကို သင်တို့လက်မထပ်ခင်က … အခု သင်တို့နောက်ကြောင်းပြန်ပြီးဒီလက်ထပ်တဲ့ဘဝကိုပြောရ အောင် … သင်တို့လက်ထပ်တယ်လို့ အိမ်မက်တယ်။သင်တို့တကယ်တော့ လက်မထပ်ရသေးဘူး။ ဒါပေမယ့် လက်ထပ် တယ်လို့အိမ်မက်မက်တယ်။

သင်နိုးလာပြီးတော့သင်ရည်းစားကို အဲဒီအကြောင်းပြောပြတယ်။ ပြီးပြောပြတယ်။ သင်သိပါ တယ်။ကျွန်တော်တို့လက်ထပ်တယ်လို့ အိမ်မက်မက်တယ်။ ပြီးကလေးတွေရတယ်။ ပြီးကျွန်တော်တို့ပျော်ရွှင်စွာနေထိုင်ကြ တယ်။ ပြီးကိုယ်တော်ပြန်လာမှာကိုမျှော်လင့်နေကြတယ်။ ပြီး အရာရာတိုင်းကိုပေါ့။ ပြီးနောက်မှာ အဲဒီကောင်မလေးက သင့်ကိုပြောလိမ့်မယ်။ သင်သိတဲ့အတိုင်းဘဲ ငါအခြားတယောက်ကိုသင့်ထက်ပိုချစ်တာကိုသင်သိပါတယ်။ အဲဒီအခြားတယောက် နဲ့ဘဲ ငါပိုပျော်လိမ့်မယ်။သင်သိပ်ချစ်တဲ့သူမကိုစိတ်ရင်းနဲ့ ဒီလိုပြောနိုင်မှာလား။ဘုရားသခင်ရဲ့ကောင်းကြီးမင်္ဂလာဟာ သင့်အပေါ်ကျရောက်ပါစေ။ ငါ့အချစ်။သင်အခြားတယောက်နဲ့ဆက်သွားပါ။ အခု အခု အဲဒါကိုစစ်ဆေးပါ။ သင်တို့အမျိုးသားရောအမျိုးသမီးတို့ရောပေါ့။ တွေ့လား။ သင်ရဲ့အချစ်ဟာ မှန်ကန်ခဲ့လို့ရှိရင်သင်အဲဒါကိုပြုလုပ်ပါ။ သင်ဟာ သူမရဲ့အရေးကိစ္စ ကိုစိတ်ဝင်စားတဲ့အတွက်ဖြစ်တယ်။သင်သူမကိုပိုင်ဆိုင်ရမယ်လို့သိတယ်။ သူမနဲ့အတူနေရမယ်။ သူမဟာ သင့်ဇနီးဖြစ်တယ် ... သူမဖြစ်ပါလိမ့်မယ်။ သူမသင့်ကိုလက်ထပ်လိမ့်မယ်။ ဒါပေမယ့်သူမပျော်ရွှင်မှာမဟုတ်ပါဘူး။ သူမပိုပျော်လာလိမ့်မယ်... ပြီးနောက် သင်သူမကိုချစ်ရင် သူမပျော်ရွှင်တာကိုသင်လိုချင်လိမ့်မယ်။ ဒါကြောင့်ဘုရားသခင်ဘယ်လိုဘဲအလိုရှိရှိ ဘုရားသ ခင်ရဲ့အလိုတော်ဟာ ပြည့်စုံပါစေ။ကျွန်တော်ပျော်ရွှင်သည်ဖြစ်စေ မပျော်ရွှင်သည်ဖြစ်စေပေါ့။ကျွန်တော်ရဲ့လုပ်ရပ်တွေကို သူပျော်ရွှင်တာကိုဘဲကျွန်တော်အသက်ရှင်နေထိုင်ချင်ပါတယ်။ ဒါကြောင့် သင့်ရည်ရွယ်ချက်နဲ့သဘောထားတွေကိုသင်ဘုရားကိုချစ်သလား မချစ်ဘူးလား ဆိုဒါကို အဲဒါတွေနဲ့စစ်ဆေးပါ။

သူပြောသကဲ့သို့သင်ငါ့ရဲ့အမှုတော်မြတ်ကိုထမ်းရွက်ပါတယ်။ ဒါပေမယ့် သင့်ကိုငါအဝေးကိုမောင်းထုတ်မယ်။

ဒါပေမယ့်ကိုယ်တော့်ကို ဘယ်လိုဘဲဖြစ်ဖြစ် ကျွန်တော်ချစ်ပါတယ်။

27 ၂၇။ ဒါကြောင့်အသင်းတော်တွေဟာအဲဒါကိုမြင်တွေ့ခဲ့ပြီး အဲဒီအတိုင်းယုံကြည်ခဲ့ရင် အဲဒါကိုတဦးတယောက်က ဘောလုံးကိုအခြားတယောက်ဆီ သူဆွဲသွားတဲ့အချိန်မှာ ကန်ထုတ်ပေးမှာမဟုတ်ပါဘူး။သူအဲဒါကိုကာကွယ်ထားမှာပါ။ တွေ့လား။ စစ်မှန်တဲ့သဘောထားနဲ့ရည်ရွယ်ချက်ရှိတဲ့အခါတစုံတယောက်ကြိုးစားပြောစရာမလိုပါ။ ဟေး ဒီအရာကိုလဲ ငါရ ခဲ့တာဘဲ ကျွန်တော် ... ဒါဟာ ငါဘဲ ဒီဟာ ... တွေလား။ ဘုရားသခင်ဟာ လူတယောက်ကိုအသုံးမပြုပါဘူး။ အတုအရောင် တွေဟာ အဲဒီနောက်ကိုလိုက်နေပါတယ်။ အဲဒါစာတန်ပါဘဲ။ ပြီးလူတွေက အဲဒါကိုမသိရှိကြဘူး။ သူတို့ဟာ တချို့ပေးမယ့်လူ တွေဆီကဘောလုံးကိုကြိုးစားပြီးယူကြတယ်။ ဘုရားသခင်ယုံကြည်စိတ်ချရတဲ့အမှုတော်မြတ်ကိုတည်ဆောက်ခွင့်ပြုပြီး ဘယ်လောက်အထိဆက်သွားသလဲ ဆိုတာကိုစောင့်ကြည့်ပါ။ တွေ့လား။ တွေ့လား။

28 ၂၈။ အခုဘုရားသခင်အတွက် စစ်မှန်တဲ့ချစ်ခြင်းမေတ္တာ ကျွန်တော်ဘယ်အစိတ်အပိုင်းမှာဘဲဖြစ်ဖြစ်ကိုယ်တော် အဲဒီအ တွက် ကျွန်တော်ပြောနိုင်တဲ့စကားကတော့ အဲဒါကိုကူညီပြီးကာကွယ်ပေးပါ။အဲဒါကိုလုပ်ခွင့်ပြုပါ။ တွေ့လား။ အဲဒါဟာ သင်ရဲ့ဇနီးနဲ့ပတ်သက်တဲ့တူညီတဲ့အရာပါဘဲ။သင်သူမကိုတကယ်ချင်ရင်(တွေ့လား)။ အဲဒါဟာ 1500528 အချစ်မဟုတ် တော့ဘဲ။ အဲဒါဟာအာကာဗေအချစ် ဘုရားသခင်ရဲ့ချစ်ခြင်းမေတ္တာစစ်မှန်တဲ့အချစ်တခုဖြစ်ပါတယ်။ တကယ်လို့ သူမဟာ အခြားတယောက်နဲ့ နေထိုင်ရတာပါပျော်မယ်ဆိုရင် ... သင်အခု လက်ထပ်ရမှာမဟုတ်ပါဘူး။အကြောင်းကတော့ သင်မလုပ်နိုင်သေး .....

29 ၂၉။ ပြီးဘယ်လိုဘဲဖြစ်ဖြစ်လူတွေကတိပ်ခွေကိုနားထောင်ကြတယ်။ ဒါကြောင့် လူတွေသတင်းပို့လာကြတယ်။ ပြောခဲ့ ကြတယ်။ လက်ထပ်ခြင်းနဲ့ကွာရှင်းပြတ်ဆဲခြင်း ဟောကြားချက်မှာ ဘာကြောင့် သင်ဒီလိုပြောခဲ့တယ်ပြီး ဟိုလိုပြောခဲ့တာလဲ ကျွန်တော်အဲဒါနဲ့ပတ်သက်ပြီး အကြိမ်များစွာပြောခဲ့တယ်။ဒီတိပ်ခွေဟာအတွက် သွားခဲ့တာ ... ကျွန်တော်ဟာ ကျွန်တော့်အသင်းသားတွေကိုဘဲပြောခဲ့တာပါ။ ညီအစ်ကိုတို့ ဘုရားသခင် သင်တို့ကိုထိန်းကျောင်းဘို့ကျွန်တော်ဘယ်လိုအစာမျိုးကျွေး တာပါဘဲ။ ဒီအရာဟာ ဒီတဲတော်အတွက်ဘဲဖြစ်ပါတယ်။ တွေ့လားအခု တကယ်လို့ လူတွေဟာ ဒီတိတ်ခွေကိုနားထောင်ချင် ရင် ဒါဟာ သူတို့နဲ့ဘဲဆိုင်ပါတယ်။ဒါပေမယ့် ဘုရားသခင် ကျွန်တော့်ကိုပေးတဲ့အရာကိုဘဲ ကျွန်တော်ပြောတာပါ။ အဲဒါသူတို့ရဲ့အပြစ်တွေကို ပယ်ဖျက်ထားတာပါ။ တစုံတယောက်က စာရေးပြီးပြောခဲ့တယ်။ ကောင်းပြီး ကျွန်တော်ဒီအရာကိုလုပ်ခဲ့တယ် ပြီး ဟိုအရာကိုလုပ်ခဲ့တယ်။ သင်ကတော့ ကျွန်တော်တို့ရဲ့အပြစ်လို့ပြောမှာဘဲ ... ကျွန်တော်အဲဒီလိုမျိုးမပြောခဲ့ပါဘူး။

ကျွန်တော်ပြောခဲ့တယ်။ဒီဟာကိုကြည့်ပါ။ ဒီအရာဟာ ဒီမှာရှိတဲ့လူတွေအတွက်ဘဲဖြစ်ပါတယ်။ ဒီတဲတော်မှာရှိတဲ့လူတွေ ကျွန်တော်ရဲ့သိုးတွေပါ။ အခု တကယ်လို့ လူတွေဟာအစားအစာနဲ့အစာသွပ်တွေကိုအဲဒီကနေရောစပ်ချင်ရင် ... သင် ဘုရားသခင်ဆီကနေ ဖွင့်ပြခြင်းရပါတယ်။ပြီး ဘုရားသခင် သင့်ကိုလုပ်စေချင်တဲ့အရာကိုဘဲလုပ်ပါ။ ကျွန်တော်လဲဘဲ အဲဒီအတိုင်းလုပ်ပါတယ်။ ဒါပေမယ့် ဒီသတင်းစကားဟာ ဒီအသင်းတော်အတွက်ဘဲဖြစ်ပါတယ်။

30 ၃၀။ သတိပြုပါ။အခု ကျွန်တော်တို့ပြန်လာတယ်။ ကျွန်တော်တို့ဆုပ်ကိုင်ထားဘို့အတွက်ကျွန်တော်တို့တခြားတခုကို ရရှိ သင့်တယ်။ ချည်တိုင်တခုလိုမျိုးပေါ့။ခြားစကားနဲ့ပြောရရင် အဲဒါဟာ အကောင်းဆုံးအောင်မြင်မှုဖြစ်ပါတယ်။ ပြီးလူတိုင်းဟာ လဲအကောင်းဆုံးအောင်မြင်မှုတခုကို ရရှိရမယ်။ ဒါမှမဟုတ် ပြည့်စုံတဲ့အရာတခုဖြစ်ရမယ်။ဒီအကြောင်းနဲ့ပတ်သက်လို့ လွန် ခဲ့တဲ့နှစ်တွေက ကျွန်တော်တကြိမ်ဝေငှခဲ့တယ်။ပြည့်စုံခြင်း အကြွင်းမဲ့နဲ့ပတ်သက်တယ်။ အရာတခုအတွက် နောက်ဆုံးသော စကားဖြစ်တယ်။ ဘောလုံးဒိုင်လူကြီးတယောက်လိုပေါ့။ သူစကားပြောရင် အဲဒါထိုးနှုတ်ချက်တခုဘဲ။ ဖြစ်သင့်တဲ့အရာအတိအကျကိုဘဲ။ ဘယ်လိုဘဲမြင်တွေ့ခဲ့ရပါစေ။ ဒိုင်လူကြီးပြောတာက အဲဒါကိုနှုတ်ချက်တခုဘဲ။

31 ၃၁။ အခုသင်လုပ်တဲ့အရာရာတိုင်းမှာ နောက်ဆုံးဆုံးဖြတ်ချက်ရှိရမယ်။သင့်ဇနီးကိုရွေးချယ်တဲ့အခါမှာလဲ ဆုံးဖြတ်ချက် ချရမှာဖြစ်ပါတယ်။သင်ရွေးချယ်ထားတဲ့အမျိုးသမီးဖြစ်ရမယ်။

အခုသင်ကားတစီးဝယ်ဘို့ အချိန်အတိုင်းအတာတခုရှိရမယ်။ ဘယ်လိုအမျိုးအစားကိုရွေးချယ်မှာလဲဆိုတာကို သင်ဆုံးဖြတ်ချက်ချရမယ်။Ford ကားလား Cheryကားအမျိုးအစားလား Plymouthအမျိုးအစားလား နိုင်ငံခြားကားကိုလားဘာဘဲဖြစ်ဖြစ်ပေါ့သင်မှာရွေးချယ်ဆုံးဖြတ်ချက်တခုတော့ချရမယ်။ ပြီးခရစ်ယာန်ရဲ့ အသက်တာဟာလဲဒီလိုပါဘဲ။ရွေးချယ်ဆုံးဖြတ်ချက်တခုတော့ချရမယ်။

32 ၃၂။ အခုလူတယောက်ပြောခဲ့ရင် … အခြားတယောက်ဆီသွားပြီးပြောခဲ့တယ် … လူတယောက်ပြောတာကိုကြားခဲ့တယ်။ ကောင်းပြီးသင်နှစ်ခြင်းခံရမယ် ပြီး ဒီလူငယ်ဟာ ဘယ်တော့မှ …သူဖြစ်ကောင်းဖြစ်မယ် … တချို့အသင်းတော်ဟာနှစ်ခြင်းမပေးဘူးသူတို့ကရေဖြန်းကြတယ်။ ကျွန်တော်ထင်တယ်။ ဥပမာဆိုကြပါစို့။ မက်သဒစ်အသင်းတော်သင်တောင်းဆိုရင် တော့နှစ်ခြင်းပေးပါတယ်။ လို့ ကျွန်တောနားလည်ထားပါတယ်။ ဒါမှမဟုတ်ဖြစ်ကောင်းဖြစ်မယ် … ကက်သလစ်အသင်းသားတယောက်ကျွန်တော်ထင်တာကတော့ သူတို့ရေဘဲဖြန်းကြတယ်။ ထို့နောက်မှာ တကယ်လို့လူတယောက်ကရေထဲမှာနှစ်ရမယ်လို့ကြားခဲ့ရင် ကောင်းပြီ သူအဲဒါကိုနားလည်မှာမဟုတ်ပါဘူး။ သူဟာကက်သလစ်အသင်းတော်မှာ ကြီးပြင်းလာလို့ ဘဲဒါကြောင့်သူဘုန်းကြီးဆီကိုသွားပြီး ဖါသာ ကျွန်တော်နားလည်တာက ကျွန်တော်ရေထဲမှာနစ်လိုက်ခြင်းအားဖြင့်နှစ်ခြင်းယူရမယ်လို့ဆိုကြပါစို့။ ကျွန်တော်ရဲ့အသင်းတော်ကအဲဒါနဲ့ပတ်သက်ပြီး ဘာပြောကြမှာလဲ။

ဘာကြောင့်လဲ။ကျွန်တော်တို့ရေဖြန်းရမယ်လို့ဘဲပြောတယ်။ အခုတကယ်လို့ အဲဒီအသင်းဟာ သူ့ရဲ့နောက်ဆုံးဆုံးဖြတ်ချက်ဆိုရင်အဲဒါနဲ့ပြီးမြောက်သွားမှာပါ။ထိုးနက်ချက်အားလုံးဟာပြီးမြောက်သွားပါပြီ။ အသင်းတော်ကပြောတယ်။ ပြီးအဲဒါအကုန်ပါဘဲ။

33 ၃၃။ တကယ်လို့… တကယ်လို့နှစ်ခြင်းအသင်းတော်ညီအစ်ကိုတယောက်ကကျွန်တော်ကိုပြောတာ နှစ်ခြင်းအားဖြင့်နှစ်ခြင်းခံတာကိုကြားခဲ့ရင် သူပြောမှာဘဲကျွန်တော်အဲဒါကိုယုံကြည်ပါတယ်။ ပြီး ယေရှုခရစ်တော်နာမည်နဲ့ဆိုရင် အခု အဲဒီအသင်းသားဟာသူတို့ရဲ့သင်းအုပ်ဆရာဆီပြန်သွားပြီးပြောမယ်။ သင်းအုပ်ဆရာကျွန်တော့်ကိုလူတယောက်ပြောတာကနှစ်ခြင်းပြီးနှစ်ခြင်းခံရမယ်လို့ပြောတာကတော့မှန်ပါတယ်။ ဒါပေမယ့်ယေရှုခရစ်တော်နာမည်နဲ့နှစ်ခြင်းယူရမယ်။

ကောင်းပြီးသူပြောမယ်။ အခု ကျွန်တော်တို့ကြည့်ရအောင် ဘာကြောင့်လဲဆိုရင်ကျမ်းစာထဲမှာပြောတာကတော့ ကျွန်တော်တို့ခမည်းတော်သားတော်သန့်ရှင်းသောဝိညာဉ်တော်နဲ့နှစ်ခြင်းယူမယ်လို့ဆိုထားပါတယ်။ တကယ်လို့သာ အဲဒီအသင်းတော်ရဲ့နောက်ဆုံးဆုံးဖြတ်ချက်ဆိုရင်တော့ အဲဒါနဲ့ ပြီးမြောက်သွားမှာပါ။သူတို့ဘယ်သူတွေရဲ့အပြောကိုမှ ဂရုစိုက် မှာမဟုတ်ပါဘူး။ ဒါဟာသူတို့ရဲ့နောက်ဆုံးဆုံးဖြတ်ချက်ဘဲဖြစ်ပါတယ်။

34 ၃၄။ ကောင်းပြီး။ဂိုဏ်းဂဏတိုင်းမှာ သူတို့ရဲ့အသင်းသားတွေအတွက် နောက်ဆုံးဆုံးဖြတ်ချက်တခုဆိုတာရှိကြပါတယ်။ ဒါပေမယ့်ကျွန်တော်အတွက်နဲ့ကျွန်တော်မျှော်လင့်တဲ့လူတွေအတွက်တော့ သူတို့ကိုခရစ်တော်ဆီကိုဦးဆောင်သွားပါတယ်။ပြီးခရစ်တော်အားဖြင့်ကျမ်းစာတော်မြတ်ဟာ ကျွန်တောတို့ရဲ့နောက်ဆုံးဆုံးဖြတ်ချက်ဖြစ်ပါတယ်။ ဘယ်အကြောင်းကြောင့် ဘဲဖြစ်ဖြစ် … ဘုရားသခင်မိန့်တော်မူတဲ့အတွက် လူတွေရဲ့စကားတွေဟာလိမ်လည်ခြင်းတွေသာဖြစ်ပြီး ငါ့ရဲ့နှုတ်ကပတ်တော်သည်သာသမ္မာတရားအမှန်တရားဖြစ်ပါတယ်။ ပြီး ကျွန်တော်ယုံကြည်တာက ကျမ်းစာတော်မြတ်ဟာဘုရားသခင်ရဲ့ နောက်ဆုံးဆုံးဖြတ်ချက်သာဖြစ်ပါတယ်။ ဘယ်သူတွေဘယ်လိုဘဲပြောပြောကျမ်းစာတော်မြတ်ကတော့ နောက်ဆုံးသော ဆုံးဖြတ်ချက်ဖြစ်ပါတယ်။

ကျမ်းစာတော်မြတ်ဟာစနစ်တကျရှိနေတဲ့ စာအုပ်တအုပ်မဟုတ်ပါဘူး။ မဟုတ်ပါဘူး ဆရာကြီး။ စနစ်တကျရှိနေတဲ့စာအုပ်တအုပ်မဟုတ်ပါဘူး။ ဒါမှမဟုတ် စိန်ဓါတ်ရေးရာနဲ့ပတ်သက်တဲ့ထိုဥပဒေတွေမဟုတ်ပါဘူး။ ကျမ်းစာတော်မြတ်ဟာစနစ်တကျရှိနေတဲ့ စာအုပ်တအုပ်မဟုတ်ပါဘူး။အစီအစဉ်တွေအများကြီးနဲ့အစရှိသည်တို့မဟုတ်ပါဘူး။ စိတ်ဓါတ်ရေးရာနဲ့ဆိုင်တဲ့စာအုပ်လဲမဟုတ်ပါဘူး။

မဟုတ်ပါဘူး ဆရာကြီး။အဲဒါမဟုတ်ပါဘူး။ ဒါမှမဟုတ် သမိုင်းနဲ့ပတ်သက်တဲ့စာအုပ်ချည်းဘဲလည်းမဟုတ်ပါဘူး။ဒါမှမဟုတ် သီသြလော်ဂျီစာအုပ်တအုပ်လဲမဟုတ်ပါဘူး။ အကြောင်းကတော့ယေရှုခရစ်တော်ဘုရားကိုဖော်ပြခြင်း ဖွင့်ပြခြင်း ဖြစ်ပါတယ်။ အခုအဲဒါနဲ့ပတ်သက်ပြီးဖတ်ချင်တယ်ဆိုရင် သင်တို့စာရွက်ရှိတဲ့လူတွေ ရေးမှတ်ချလိုက်ပါ။အဲဒါဟာ ဗျာဒိတ် ၁း၁-၃ ဒီစာအုပ်ဟာယေရှုခရစ်တော်ဘုရားကိုဖော်ပြခြင်းဖွင့်ပြခြင်းဖြစ်ပါတယ်။

35 ၃၅။ အဲဒါကိုအချိန်ရတုန်းဖတ်ကြရအောင်။ ကျွန်တော်ယုံကြည်တာက ကျွန်တော်ရဲ့ … ပြောပြဘို့မှတ်စုများများစားစားရေးထိုးတာမရှိပါဘူး။တကယ်လို့ဘုရားသခင် စောင့်ဆိုင်းနေရင်တော့ ဘာကြောင့်လဲဆိုရင် အဲဒီကနေကျွန်တော်တို့ကြိုး စားသွားမှာ …

ယေရှုခရစ်တော်ရဲ့ဖွင့်ပြခြင်းယေရှုခရစ်သည် မိမိအစေခံအား ပြစေခြင်းငှါ ဘုရားသခင်ပေးတော်မူသော ထိုသခင်၏ဗျာဒိတ်တော်ကိုဆိုပေအံ့ … ထိုသခင်သည် မိမိကောင်းကင်တမန်ကိုစေလွှတ်၍ မိမိ၏အစေခံယောဟန်အား ဗျာဒိတ်တော်အရိပ်ကိုပြတော်မူ၏။

ယောဟန်သည်လည်းဘုရားသခင်၏နှုတ်ကပတ်တော်တွင် … ယေရှုခရစ်တော်၏သက်သေခံတော်မူချက်ကိုမြင်သမျှအတိုင်းသက်သေခံ၏။

ကာလအချိန်ရောက်လုနီးပြီးဖြစ်၍အနာဂတ္တိကျမ်းစကားကိုကြည့်ရှုဖတ်ရွတ်နားထောင်၍ ရေးထားသမျှတို့ကိုစောင့်ရှောက်သောသူတို့သည် မင်္ဂလာရှိကြ၏။

36 ၃၆။ ဒါကြောင့်ကျမ်းစာတော်မြတ်ဟာပြီးပြည့်စုံတဲ့ ယေရှုခရစ်တော်ဘုရားကို ဖွင့်ပြခြင်းဖြစ်ပြီး ပရောဖက်တွေအားဖြင့်ရေးသားခဲ့ပါတယ်။ ဟေဗြဲ ၁း၁ ရှေးလွန်လေပြီးသောအခါ ပရောဖက်များအားဖြင့်ဘိုးဘေးတို့အား အထပ်ထပ်အနည်းနည်း ဗျာဒိတ်ပေးတော်မူသော ဘုရားသခင်သည်ဤနောက်ဆုံးသောကာလအခါ မိမိသားတော် ယေရှုခရစ်အားဖြင့် ငါတို့အားဗျာဒိတ်ပေးတော်မူပြီး ပရောဖက်အားလုံးတို့ရဲ့ရေးသားချက်တွေကိုစုစည်းထားပါတယ်။ ယေရှုဟာမာလခိဖြစ်ခဲ့တယ်။ ယေရှုဟာယေရမိဖြစ်ခဲ့တယ်။ ဟေရှာယ ဧလိယာတွေပေါ့။သူတို့အားလုံးတို့ဟာ ယေရှုခရစ်တော်အထဲမှာ ရှိကြပါတယ်။ ပြီး သင်တို့အားလုံးဟာ ပြီးကျွန်တော်တို့အားလုံးဟာ ယေရှုခရစ်တော်အထဲမှာရှိကြပါတယ်။ နှုတ်ကပတ်တော်တွေနှုတ်ကပတ် တော်ရဲ့သက်သေတွေဖြစ်ကြပါတယ်။ ဒါကြောင့် စနစ်တကျရေးသားထားတဲ့စာအုပ်ဝိညာဉ်ရေးရာစာရိတ္တကို ဥပဒေတခုမ ဟုတ်ပါဘူး။ သမိုင်းစာအုပ်လဲဘဲမဟုတ်ပါဘူး။ ဒါမှမဟုတ်သီဩလော်ဂျီစာအုပ်လဲမဟုတ်ပါဘူး။ အဲဒါမဟုတ်ပါဘူး။ ဒါပေမယ့် ယေရှုခရစ်တော်ကိုဖွင့်ပြတဲ့စာအုပ်ဖြစ်ပါတယ်။ ဘုရားသခင် ကိုယ်တိုင်နှုတ်ကပတ်တော်ကနေ အသွေးအသားခံယူတာကိုဖွင့်ပြတာဖြစ်ပါတယ်။ အဲဒီအတိုင်းသာဖြစ်ပါတယ်။ ကျမ်းစာတော်မြတ်သည်ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ် ပြီးဘုရားသခင်သည် အသွေးအသားဖြစ်ပါတယ်။ ဘုရားသခင်အထဲ ... ဘုရားသခင်ဟာ နှုတ်ကပတ်တော်ဖြစ်တာပါ။ ပြီး ယေရှုဟာအသွေးအသားဖြစ်ပါတယ်။ ဒီဖွင့်ပြချက်ဟာ ဘုရားသခင် ဘယ်လိုနှုတ်ကပတ်တော်ကလူအသွေးအသားဖော်ပြ တာ ပြီး ကျွန်တော်တို့ဖွင့်ပြပါတယ်။ ပြီး ဒါကြောင့်ဘဲ သူဟာဘုရားသခင်ရဲ့သားတော်တပါးဖြစ်လာပါတယ်။ သူဟာ ဘုရား သခင်ရဲ့အစိတ်အပိုင်းတခုဖြစ်ပါတယ်။သင်တို့သဘောပေါက်ကြလား။

အခု သူဟာမဟုတ်ပါ ..ခန္ဓာကိုယ်ဟာ ဘုရားသခင်၏အစိတ်အပိုင်းဖြစ်ပါတယ်။ သားတော်တပါးလိုပေါ့။

37 ၃၇။ သားတော်တပါး... ကက်သလစ်တွေထားသလို ထာဝရသားတော် -ပြီးကျန်တဲ့အသင်းတော်တွေအားလုံးလိုဘဲပေ့ါ။ အဲဒီစကားဟာဘယ်လိုမှအာရုံခံစားလို့မရပါဘူး။ တွေ့လား။ သားဟာ ထာဝရဆိုတာမဟုတ်ပါဘူး။ဘာကြောင့်လဲဆိုရင် သားဟာမွေးဖွားလာတဲ့အတွက်ကြောင့်ဖြစ်တယ်။ပြီးထာဝရဆိုတဲ့စကားလုံးဟာ ... သူမဖြစ်နိုင်ပါ ... သူဟာသားတော်တပါး သာဖြစ်နိုင်တယ်။ ဒါပေမယ့် သူဟာထာဝရသားတော်မဖြစ်နိုင်ပါဘူး။ မဟုတ်ပါဘူး ဆရာကြီး ။ထာဝရသားတော်ဆိုတာမဖြစ်နိုင်ပါဘူး။

အခု ဒါပေမယ့်သူဟာသားတော်ဖြစ်တယ်။ ယေရမိထဲမှာ ရှိတဲ့ နှုတ်ကပတ်တော်အားလုံး မောရှေထဲမှာ ... ပြီးထိုနှုတ်ကပတ်တော် အားလုံးဟာ သူမိန့်မှာခဲ့သလိုသူ့ကိုငါအကြောင်းကိုပြောကြတယ်။ စစ်မှန်တဲ့ဘုရားသခင်ဖွင့်ပြချက် အားလုံးပြီးနှုတ်ကပတ်တော်ဟာ လူ့ခန္ဓာထဲမှာပတ်ရစ်နေပါတယ်။ ပြီးဘုရားသခင် အသွေးနဲ့အသားကိုအဲဒီပတ်လည်မှာ ထားရှိပါတယ်။ ဒါကြောင့် သူ့ကို သားတော်လို့ခေါ်ဆိုပါတယ်။အကြောင်းကတော့ သူဟာ ခမည်းတော်ကို ရည်ညွှန်းပါ တယ်။ ဘာကြောင့်လဲ။ ဒါဟာတကယ်ကိုရိုးရိုးလေးပါဘဲ။ တကယ်လို့ ဘုရားသခင်ကို သင့်ရဲ့နှလုံးသားထဲကို သွန်းလောင်းစေခဲ့ရင်ပေ့ါ။ တွေ့လား။ ဘုရားသခင်ကို အသွေးအသားခန္ဓာအားဖြင့် ဖွင့်ပြပါတယ်။(သတိထားမိလား) ... အသွေးအသား အားဖြင့်ဖွင့်ပြတယ်။ဒါမှမဟုတ် နှုတ်ကပတ်တော်မှ အသွေးအသားဆီကိုပေ့ါ။ ဒါဟာ ယောဟန် ၁း၁၄ နှုတ်ကပတ်တော်သည် လူ့ဇာတိကိုခံယူပြီး ကျွန်တော်တို့နဲ့အတူနေထိုင်ပါတယ်။

38 ၃၈။ အခုကျမ်းစာတော်မြတ်ကိုသတိပြုပါ။ တချို့လူတွေက ပြောကြတယ်။ အိုး ကောင်းပြီးဒီလိုပြီးမြောက်ခဲ့တယ်။ ဟိုလို ပြီးမြောက်ခဲ့တယ်။ ဒါပေမယ့်ကျွန်တော်ခင်ဗျားတို့ကို တချို့အရာတွေပြောပြမယ် ...ကျမ်းစာတော်မြတ်ရဲ့ သမိုင်းကြောင်းကို ပြန်ကြည့်ကြပြီးဘယ်ကနေပေါ်ထွက်လာခဲ့သလဲဆိုတာကို ကြည့်ကြရအောင်။ကျမ်းစာတော်မြတ်ကိုခြားနားတဲ့အယောက် ၄၀ နဲ့ရေးသားခဲ့တယ်။ လူအယောက် ၄၀ ဟာကျမ်းစာတော်မြတ်ကိုခြားနားတဲ့ အချိန်ကာလနဲ့ နှစ်ပေါင်း ၁၆၀၀ အတွင်းမှာရေးသားခဲ့ကြတယ်။ ကမ္ဘာ့သမိုင်းထဲမှာ အလွန်အရေးကြီးတဲ့အဖြစ်အပျက်တွေဖြစ်ပျက်လာမှာကိုကြိုတင်ဟောကိန်းထုတ် ခဲ့တယ်။ တချို့အဖြစ်အပျက်တွေကိုမဖြစ်ပျက်မှီနှစ်ခြင်းရာချီပြီး ဟောကိန်းထုတ်ခဲ့တယ်။ ပြီးဒီ ၆၆ ကျမ်းမှာအမှားတစုံတခုမှ မရှိခဲ့ဘူး။ အိုး အကျွန်ုပ် စာရေးဆရာတွေမဟုတ်ဘူး။ဘုရားသခင်ကိုယ်တိုင်ဖြစ်ပြီး အားလုံးဟာ အတိအကျကိုဖြစ်နေပါ တယ်။နှုတ်ကပတ်တော်တခုနဲ့တခုဟာ ဆန့်ကျင်ဘက်မဖြစ်နေပါဘူး။ သတိရပါ။ နှစ်ပေါင်း ၁၆၀၀ကွာခြားတယ်။ ကျမ်းစာ တော်မြတ်ဟာ ရေးသား - မောရှေကနေ ရှင်ယောဟန်ပတ်မုတ်ကျွန်ပေါ်မှသေတဲ့အထိဘဲဖြစ်ပြီး နှစ်ပေါင်း ၁၆၀၀ ပြီးခြားနားတဲ့ရေးသားသူအယောက် ၄၀ နဲ့ရေးသားခဲ့တယ်။ သူတို့တယောက်ကို တယောက်တောင်မသိကြဘူး။နှုတ်ကပတ်တော် လိုမျိုး သူတို့ဘယ်တော့မှမရရှိခဲ့ဘူး။ တချို့လူတွေဆိုရင်နှုတ်ကပတ်တော်ကိုတောင်မမြင်ဘူးကြဘူး။ ဒါပေမယ့် သူတို့ရေးသားတဲ့အခါမှာ ပရောဖက်တွေဆိုတာ နားလည်သဘောပေါက်ခဲ့ကြတယ်။ ထို့နောက်မှာသူတို့ရဲ့ပရောဖက်ပြုချက်တွေကို စုပေါင်းလိုက်တဲ့အခါမှာ သူတို့အရေးအသားတွေဟာသေသပ်စွာအဆက်အစပ်မိခဲ့တယ်။

39 ၃၉။ ပေတရုကိုကြည့်ပါ။ပင်တေကုတ်နေ့နေ့မှာ သူကြွေကြော်ခဲ့တယ်။ ပေတရုကလဲ သင်တို့၏အပြစ်ကိုလွှတ်စေခြင်းငှါနောင်တရ၍ တယောက်မျှမကြွင်းယေရှုခရစ်၏ နာမဌဗတ္တိဇံကိုခံကြလော့။ ရှင်ပေါလုကဒီအကြောင်းနဲ့ပတ်သက်လို့မသိခဲ့ပါ ဘူး။ သူအာရေဗျာကိုသွားခဲ့တာသုံးနှစ်အတွင်းဓမ္မဟောင်းကိုလေ့လာတာ သူ့ကိုစကားပြောခဲ့တဲ့ သူသွားနေတဲ့လမ်းမှာ မီးတိုင်ဟာ ဘယ်သူဆိုတာကို လေ့လာနေပါတယ်။ ပြောနေတယ်။ ရှောလုဘာကြောင့်ငါ့ကိုညှင်းဆဲရတာလဲ။ သူဘယ်လိုလုပ် ပြီးမှားနိုင်မှာလဲ။ သူအသင်းတော်တွေနဲ့လဲ ဘယ်တော့မှ မဆွေးနွေးခဲ့ဘူးဘူး။ ပြီးနောက် ၁၄ နှစ်ကြာတဲ့အခါမှာသူပေတရုနဲ့ ဆုံခဲ့တဲ့အခါမှာ သူတို့ဟာ ဒီအရာတခုတည်းကိုဘဲ တရားဟောနေကြတယ်။နှုတ်ကပတ်တော်တခုနဲ့တခုချင်းအားဖြင့်ပေ့ါ။ အဲဒါဟာကျွန်တော်တို့ရဲ့ကျမ်းစာတော်မြတ်ဖြစ်ပါတယ်။ တခြားသောလူတွေရဲ့စကားဟာ ကျဆုံးပါစေ။ ဘယ်သူတစ်ဦးတယောက်ကမှ အဲဒီအထဲကိုပေါင်းထည့်လို့မရပါဘူး။ သင်လဲ ကျမ်းစာတော်မြတ်ထဲကိုထပ်ပေါင်းထည့်လို့မရပါဘူး။ မရပါဘူး ဆရာကြီး။ ဒါဟာပြီးပြည့်စုံတဲ့ဖွင့်ပြခြင်းဖြစ်ပါတယ်။ အဲဒါပါဘဲ။

40 ၄၀။ ချိတ်တံဆိပ်၇ ခုလိုပေ့ါ။ ချိတ်တံဆိပ် ၇ ခု ... တချို့လူတွေက ကျွန်တော့်ကို ကျွန်တော့ကိုပြောတယ်။ညီအစ်ကို ဘရင်းဟင်း ကိုယ်တော်ရှင်သင့်ကိုစကားပြောလိမ့်မယ်။ချိတ်တံဆိပ်တွေကိုဖွင့်ပြတဲ့အခါမှာ ဘုရားသခင်ထံကို ဘယ်လိုပို့ပြီးနီးကပ်နိုင်ဘို့ကို ကျွန်တော်တို့ကိုပြောပြပါ။ ပြီးဘယ်လို ....

ကျွန်တော်ပြန်ပြောခဲ့တယ်။မဟုတ်ဘူး ဆရာကြီး အဲဒီလိုမဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုရင် ကျမ်းစာတော်မြတ်ဟာချိတ်တံဆိပ် ၇ ခုကို ရေးသားထားပါတယ်။ အဲဒီမှာ နက်နဲတဲ့အရာ ၇ခုကိုဖုံးကွယ်ထားပါတယ်။ အဲဒါကိုရေးပြီးသားဖြစ်ပါ တယ်။ ဒါပေမယ့် အဲဒါဘာလဲဆိုတာကိုသူတို့နားမလည်ကြပါဘူး။ ကြည့်ပါ။ သူတို့ယေရှုရဲ့နာမည်နဲ့နှစ်ခြင်းပေးရမည်ကိုဘယ်လိုမိန့်ဆိုထားတာကိုပေ့ါ။ တွေ့လား။ အဲဒါမဟုတ်ပါဘူး။ယေရှုခရစ်တော်ရဲ့နာမည်နဲ့ပါ။ တွေ့လား။ ထိုအရာတွေ ဘယ် လိုပဲဖြစ်ဖြစ် ... ဘာကြောင့်လဲဆိုရင် ယေရှုနာမည်တွေနဲ့လူအများကြီးရှိခဲ့ပါတယ် ... ကမ္ဘာပေါ်မှာရှိတဲ့ ကျွန်တော့်သူငယ်ချင်း တွေလဲယေရှုလို့နာမည်ရှိကြပါတယ်။ အမှုတော်ဆောင်သူငယ်ချင်းတွေပေ့ါ။အဲဒီလိုမျိုးမဟုတ်ပါဘူး။ အဲဒါဟာ ကျွန်တော်တို့ ရဲ့သခင်ယေရှုခရစ်ဖြစ်ပါတယ်။ စာရေးဆရာတွေမဟုတ်ပါဘူး။ ဒါပေမယ့် ဘုရားသခင်သိပြီး မှန်ကန်ခဲ့ပါတယ်။

အခုကျမ်းစာတော်မြတ်ကို ဘယ်လိုရေးထားတာအခုကြည့်ကြရအောင်။

41 ၄၁။ အခုဥပမာပြောကြပါစို့။ မှ..... ကျွန်တော်တို့အခုသွားပြီးခန္ဓာကိုယ်နဲ့ပတ်သက်တဲ့ ဆေးစာအုပ် ၆၆ အုပ်ကိုယူ ခဲ့ပြီး ဆေးကျောင်း ၄၀ကနေရေးသားထားပြီး ပြီးတရာနဲ့တဆယ်ခြောက် ... ဒါမှမဟုတ် နှစ်ခြင်း ၁၆၀၀ ကွာခြားကြတယ်။ဘယ်လိုဆက်ပြီးသွားမလဲဆိုတာကို ကျွန်တော်စဉ်းစားကြည့်တယ်။

ဂျော့ဝါရှင်တန်အချိန်တုံးကကျွန်တော်တို့ရဲ့သမ္မတ ... လွန်ခဲ့တဲ့အနှစ် ၂၀၀ တုံးကအဆုတ်ရောင်ရောဂါအတွက် ထို လူရဲ့ခြေသဲကိုဆွဲချတ်ပြီး သွေးတပိုင်လောက်ထွက်စေခဲ့တယ်။ဘာကို ကျွန်တော်တို့ယူခဲ့ရင် ... ရှေ့နဲနဲဆက်သွားပြီး ဒီနေ့မှာဆွဲဆောင်မှုအလွန်ရှိတဲ့အရာကို ဆက်သွားကြရအောင်။ ဒါဟာသိပ္ပံပညာဖြစ်ပါတယ်။

တကယ်လို့ ကျွန်တော်တို့ခြားနားတဲ့သိပ္ပံပညာရှင်အယောက် ၄၀ ရွေးထုတ်ပြီး ... နှစ်ပေါင်း ၁၆၀၀ ကွာခြားပြီးကျွန်တော်တို့ဘယ်လိုဖြစ်လာမဲဆိုတာကိုကြည့်ကြရအောင်။ လွန်ခဲ့တဲ့နှစ် ၃၀၀ တုံးကပြင်သစ်သိပ္ပံပညာရှင်တယောက် သိပ္ပံ ပညာအားဖြင့် သက်သေပြတယ်။ ဘောလုံးတလုံးကိုလှိမ်းခြင်းအားဖြင့်ပေ့ါ။ တကယ်လို့ အရှိန်ပြင်းစွာ တစ်နာရီကို မိုင် ၃၀နှုန်းနဲ့လှိမ့်နေရင် အဲဒီအရာဝတ္တုဟာ လေထဲကိုမြောက်တက်ပြီး လွင့်မျောသွားမယ်။သိပ္ပံပညာရှင်တွေက အဲဒါကိုပြန်ပြီး သက်သေပြမှာလား။ အဲဒါတွေနဲ့ သက်သေပြခဲ့ရင်ဒီမှာတစ်နာရီကို ၁၅၀ မိုင်နှုန်းကိုမောင်းနေကြတယ်။ တွေ့လား။ ဒါပေမယ့်သူသိပ္ပံနည်းကြသက်သေပြတာက ဘောလုံးရဲ့ဖိအားကြောင့် မြေပေါ်မှာလှိမ့်နေတယ်။တနာရီကိုမိုင် ၃၀ ဆိုရင် အရာဝတ္တုတွေဟာ လေထဲမြောက်တက်ပြီး အဝေးကိုသွားမယ်။ လေဟာနယ်ထဲကိုကျလိမ့်မယ်။

မဟုတ်ပါဘူး။ဒီအတိုင်းဆက်ဖြစ်တာမရှိပါဘူး။

42 ၄၂။ ဒါပေမယ့်ကျမ်းစာတော်မြတ်မှာရှိတဲ့ စာလုံးတလုံးက အခြားတလုံးနဲ့ ဆန့်ကျင်ဘက်မဖြစ်နေပါဘူး။ပရောဖက်တ ယောက်က အခြားပရောဖက်တယောက်နဲ့ ဆန့်ကျင်ဘက်မဖြစ်နေသလိုပေ့ါ။သူတို့အယောက်စီတိုင်းဟာ ပြီးပြည့်စုံပါတယ်။ ပြီးတယောက်ကလာပြီး ပရောဖက်ပြုခဲ့ရင်ပြီး ထိုစစ်မှန်တဲ့ပရောဖက်ပေါ်ထွက်လာပြီး သူကိုခေါ်သွားခဲ့ပါတယ်။ ပြီးနောက်မှာသက်သေပြပေါ်ထွက်လာပါတယ်။ တွေ့လား။ တွေ့လား။ ဒါကြောင့်ကျမ်းစာတော်မြတ်ဟာစစ်မှန်တဲ့ယုံကြည်သူတွေအ တွက် ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ဖြစ်ပါတယ်။

43 ၄၃။ အခုဆရာဝန်တွေရဲ့သဘောတူညီချက်တွေအပေါ် သင်တို့တိကျတဲ့အရာကိုရမှာမဟုတ်ပါဘူး။ယခုအခါမှာလဲ သူတို့ရဲ့တိကျတဲ့အရာကိုရမှာမဟုတ်ပါဘူး။ အခုသိပ္ပံပညာရပ်မှာတိကျတဲ့အရာကိုရမှာမဟုတ်ပါဘူး။

အခု သင်တို့သိပါတယ်။လွန်ခဲ့တဲ့တချိန်တုံးက သူတို့ကျွန်တော်တို့ကို ပြောပြခဲ့တာက ကျမ်းစာတော်မြတ်က ပြောတာက သူကောင်းကင်တမန်လေးပါးကို ကမ္ဘာ့ဒေါင့်လေးမျက်နှာမှာ မတ်တပ်ရပ်နေတာကို သူတွေ့ခဲ့တယ်။အဲဒါ အဲဒါမဖြစ် နိုင်ဘူး။ ကမ္ဘာကြီးကလုံးဝိုင်းနေတယ်။ ဒါပေမယ့် ကျမ်းစာတော်မြတ်ကဒေါင့်လေးထောင့် ကောင်းပြီးအခု လွန်ခဲ့တဲ့သီတင်း နှစ်ပတ်တုံးကသင်တို့တွေ့မြင်ရခဲ့ရတယ် ... ဒါမှမဟုတ် သုံးပတ်လောက်တုံးကအခုဖြစ်နေတယ်။ စာစောင်တွေက ဒီအ ကြောင်းကိုရေးသားကြတယ်။ သူတို့တွေ့ရှိရတာကကမ္ဘာကြီးဟာ စတုရန်းပုံဖြစ်နေတယ်။ အဲဒါကို လူဘယ်နှယောက်များ တွေ့ခဲ့ကြလဲ။ တွေ့လား။ကျွန်တော်အဲဒါကို ကူးယူထားပြီး တချို့လူတွေ ဘာတခုခုကိုပြောကြမလဲဆိုတာကို ကျွန်တော်စောင့်မျှော်နေပါတယ်။

44 ၄၄။ ပြီးတနေ့ကျရင်သူတို့နှစ်သန်း ၁၅၀ အလင်းပမာဏကို သူတို့မမြင်ခဲ့ရဘူးဆိုတာကိုသူတို့တွေ့ရှိလာပါလိမ့်မယ်။ သူ တို့ဟာ စက်ဝိုင်းထဲမှာဘဲလည်ပတ်နေရတယ်။ဒါအတိအကျပါဘဲ။ သူတို့တနေ့ကျရင်တွေ့ရှိလာရမှာက သင်ကောင်းကင် နိုင်ငံတော်ကိုရောက်သွားတဲ့အခါ သင်တို့တနေရာမှတနေရာကို ပြန်သန့်စရာမလိုပါဘူး။သင်တို့ဒီမှာဘဲရှိမှာပါ။ ဒါပေမယ့် အ ခြားသောအမြင် dimesion ဒီနေရာထက်ပိုမြန်တယ်။ ဒီအခန်းထဲကိုဘဲ အရောင်လာလိမ့်မယ်။ရုပ်အကျီအရောင်တိုင်း အဝတ်အထည်တွေ သင်ဘာဘဲရရှိထားပါစေ အဲဒါထာဝရပါဘဲ။အဲဒါတွေကိုမှတ်တမ်းတင်ထားပါတယ်။ ကမ္ဘာကြီးကို တပတ်ပြီးတပတ်ပတ်နေတယ်။ သင်မျက်တောင်ခတ်တဲ့အခါတိုင်းကို မှတ်တမ်းတင်ထားပါတယ်။ စောင့်ကြည့်ပါ။ ရုပ်မြင်သံကြားက သက်သေပြလိမ့်မယ်။

45 ၄၅။ သင်မွေးဖွားလာတဲ့အခါမှာဘုရားသခင်မှတ်တမ်းတခုတင်ထားပါတယ်။ အဲဒါမပြုလုပ်ရဘူး ...မှတ်တမ်းမှာတင်ထား ပါတယ်။ အချိန်အနည်းငယ်အတွင်းမှာတော့ အသံများစွာကိုမပြုလုပ်ပါဘူး။ သင်သိပါတယ်။ ဒါဟာကလေးလေးကနေ နား

လည်နိုင်တဲ့အရွယ်ရောက်လာတဲ့အထိပေါ့။ အဲဒီနောက်မှာအသံကအစပြုလာပါတယ်။ သူစကားပြောလာတယ်။ အရာရာ တွေလုပ်ပါတယ်။ သူပြန်ဖြေတတ်လာတယ်။ပြီးအသက်တာ ကုန်ဆုံးတဲ့အခါမှာ ထိုမှတ်တမ်း ဒါမှမဟုတ် တိတ်ခွေကိုထုတ် ပြီးဘုရားသခင်ရဲ့ကြီးမားတဲ့စာကြည့်တိုက်မှာထားခဲ့တယ်။ အခု သင်တရားစီရင်တဲ့ စည်းကမ်းပေါ်မှာဘယ်လိုရောက်နေ တာလဲ။ သင့်ရဲ့မျက်မှောက်မှာဘဲ သင်ရဲ့လုပ်ရပ်တွေကိုပြန်ဖွင့်ပြနေတယ်။သင်လုပ်ခဲ့တဲ့လှုပ်ရှားမှုတိုင်း သင့်အတွေးထဲမှာ စဉ်းစားတဲ့အရာတွေပေါ့။ သင်အဲဒါကိုမြင်နိုင်လား။ အခု သင်မြင်နိုင်လား ဘုရားသခင်ဘယ်မှာ ...

46 ၄၆။ အခြားတညတုံးကဒီမှာရပ်နေပြီး စင်မြင့်ပေါ်မှာလူတယောက် အရပ်ရှည်တယ် ထိပ်ပြောင်နေတဲ့လူတကယ်ကိုခန့် တယ်လို့မင်ရတယ်။ သန်မာတယ်။ ပြီးသူအပြင်ထွက်သွားတယ် ... ကိုယ်တော်ကသူမိသားစုနဲ့ပတ်သက်ပြီး အကုန်ပြောပြ တယ် ပြီး သူဘာလုပ်သင့်သလဲလုပ်ပါ။ ပြီးသူအပြင်ကိုထွက်သွားပြီး ထိုင်နေတယ်။ အချိန်အနည်းငယ်အတွင်းမှာ ကျွန်တော့် ထံကိုအဲဒီလိုမျိုးအခြားတယောက်လာတယ်။ ဒါပေမယ့် သူ့ရဲ့ဦးခေါင်းကိုငုံ့ထားတယ်။ကျွန်တော်သတိမပြုမိဘူး။ အဲဒီမှာ အဲဒီလူကို ကျွန်တော်ထပ်ကြည့်ခဲ့တယ်။ ပြီးအဲဒီလူမဟုတ်ဘူး။ ဘာကြောင့်လဲဆိုရင် အခြားတယောက်ဖြစ်နေလို့ပါဘဲ။ ပြီး ဒီလူကျွန်တော် သူကိုမတွေ့နိုင်ဘူး။ ကျွန်တော်လှည့်ကြည့်ခဲ့တယ်။ ကျွန်တော့်နောက်မှာဘယ်သူမှမရှိဘူး။ ကျွန်တော်ပြော ခဲ့တယ်။ ထိုလူဟာ ဟိုမှာရှိတဲ့ကန့်လန့်ကာနောက်မှာထိုင်နေတယ်။ ပြီး ဒီအသင်းတော်ကိုလာတဲ့ညီအစ်ကိုဖြစ်တယ်။ အရပ်ရှည်တယ်။ ထိပ်ပြောင်တယ်။ ခန့်တယ်။ လူငယ်တယောက်လိုမျိုး ဟိုမှာဒီလိုပုံစံထိုင်နေတယ်။ပြီး သူ့ရဲ့ဦးခေါင်းကိုတွဲ လောင်းချပြီး ဆုတောင်းနေတယ်။ အကြောင်းကတော့သူအစာအိမ်ရောဂါနဲ့ အခုသေတော့မလိုဖြစ်နေတယ်။ သူရှူးဘိနပ်တ စုံကို ရယူချင်တယ်။သူအမျိုးသမီးကတော့ သူ့ကိုရှူးဘိနပ်အသစ်တစုံကိုရစေချင်တယ်။ သူပြောခဲ့တယ်။ မဟုတ်ဘူး။အဲဒါ ကိုရစရာမလိုဘူး။ အကြောင်းကတော့ အဲဒါကိုဝတ်ဘို့ ငါအသက်ရှင်တော့မှာမဟုတ်ဘူး။သူသေလုမျောပါးဖြစ်နေတယ်။ ပြီး အဲဒီမှာထိုင်နေတယ်။ သင်တွေ့လား။ အခြားအမြင်ဘက်ကနေ… ဟာလေလုယာ ဘုရားသခင်ဟာ အခုလေးတင် အဲဒီအ ပေါ်မှာ လှုပ်ရှားပြီးပြောခဲ့တယ်။ဟိုမှာ သူထိုင်နေတယ်။ သူရှိနေတဲ့ပုံစံအတိုင်းဘဲပေါ့။ ကျွန်တော်ဆိုလိုတာကို သင်သဘောပေါက်လား။

47 ၄၇။ အခုသတိပြုပါ။ ပြီးနှုတ်ကပတ်တော်မှာ အမှားတစုံတခုမှမရှိပါဘူး။ ယေရှုဘုရားသခင်ရဲ့နှုတ်ကပတ်တော် နှလုံး သားထဲမှာရှိတဲ့အတွေးကိုသိတယ်။ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ဟာပိုပြီး ခွန်အားကြီးမားတယ်။ ထက်မြက်တယ် ... ဟေဗြဲ ၄း၁၂ဘုရားသခင်၏နှုတ်ကပတ်တရားတော်သည် တန်ခိုးနှင့်ပြုပြင်ခြင်း သန်လျက်တကာတို့ထက်ထက်ခြင်းနှင့်ပြည့် စုံသည်ဖြစ်၍ အသက်နှင့်စိတ်ဝိညာဉ်တို့ကိုရင်းအရိုးနှင့်ခြင်ဆီကိုရင်း ပိုင်းခြား၍ ထုတ်ချင်းခွင်းတတ်၏။ စိတ်နှလုံးအကြံအစည်များကိုလည်းသိမြင်တတ်၏။ တွေ့လား - စိတ်နှလုံးထဲကိုဝင်ရောက်ပြီးဆွဲထုတ်ယ်။ပြီးသိမြင်တယ်။ discern ဆိုတာဘာလဲသိအောင်ပြုလုပ်တယ်။ အပြင်ကိုဖွင့်ထုတ်တယ်။ ယနေ့ ကျွန်တော်တို့ပြောတယ်။ကက်သလစ်အသင်းတော် ဟာဘုရားသခင်ရဲ့နှုတ်ကပတ်တော်ဖြစ်တယ် နှစ်ခြင်းအသင်းတော်မက်သဒစ်အသင်းတော်တွေ ပင်တေကုတ္တေ တဲတော် အဲဒါတွေဟာမှားပါတယ်။ နှုတ်ကပတ်တော်ဟာဖွင့်ပြခြင်းတခုဖြစ်ပါတယ်။ ဘုရားသခင်ကိုနှုတ်ကပတ်တော်အားဖြင့်ဖွင့်ပြပါ တယ်။

48 ၄၈။ မဟုတ်ပါ။ကျွန်တော်တို့ဆေးတွေတောမှာ သိပ္ပံတောထဲမှာ ခြားနားတဲ့အရာတွေနဲ့ဆက်သွားလို့မရပါဘူး။တကယ် လို့ သိပ္ပံပညာရှင်အိုင်းစတိုင်းဟာ ဝိညာဉ်ရေးရာဆက်စပ်မှုရှိခဲ့ရင် သူ့ခန္ဓာရေးရာနဲ့ဆက်စပ်မှုရှိခဲ့သလိုသူအလင်းရောင်ရဲ့ဥ ပဒေနဲ့အခြားအရာတွေလေ့လာခဲ့သလို သူကျွန်တော်တို့ကိုအရာတချို့ပြောပြနိုင်ခဲ့မယ်။ သူ့ရဲ့ကောင်းကင်ထဲက တနေရာ မှာရှိတဲ့ကြီးမားတဲ့ဗဟိုချက်သတင်းစကားကို ကျွန်တော်ကြားနာခဲ့ရတဲ့အခါ အဲဒါဟာအမြဲတမ်းဘဲဗဟိုချက်နဲ့ဆက်သွယ်နေ ရင် သင်ကမ္ဘာမြေကြီးတွေကိုဖန်ဆင်းနိုင်တယ်။အရာရာတိုင်းကိုလုပ်နိုင်တယ်။ အကန့်အသတ်မရှိတဲ့တန်ခိုးဖြစ်တယ်။ တွေ့ လားသူအဲဒါကိုမြင်တယ်။

49 ၄၉။ သင်တို့တွေ့တဲ့အတိုင်းဘဲဒီအိတ်ကပ်လေးတွေ လေထဲပျံ့ဝဲသွားတာကို သူတို့က ပန်းကန်ပြားပျံ အစရှိသည်တို့ ခေါ်ဆိုကြတယ်။ လူတွေက ဒါကြောင့် ... ကောင်းပြီးကျွန်တော်တို့အဲဒါတွေဘေးဖယ်ထားကြရအောင်။ ဒီမှာလူတွေဘယ်လိုလာ ပြီးပျောက်ဆုံးခဲ့ကြတယ်။ လို့ သင်ပြောမယ်။ သူတို့ဆီကနေနားမထောင်ပါနဲ့။သူတို့အဲဒီမှာရပ်နေကြတယ်။ ပြီးသူတို့ အဲဒီမှာ မရှိကြဘူး။ ဒီနည်းအတိုင်းချည်နှောင်ခြင်းဟာဖြစ်ပါတယ်။ သူတို့ထဲကတယောက်ကတော့အောက်ကိုပြုတ်ကျမယ်။ ပြီးလော ကီခန္ဓာဟာ ဝိညာဏခန္ဓာကိုယူဆောင်မယ်။ ပြီးသူတို့ကိုဖုန်းကွယ်လိမ့်မယ်။ ဆံပင် ဒါမှမဟုတ် အရိုးတွေကကျန်ခဲ့မယ်။ အဲဒါ ဟာအချိန်တိုအတွင်းမှာဘဲ ပြောင်းလဲသွားပြီး လေဟာနယ်ထဲမှာချန်ထားပြီးအိမ်ကိုယူဆောင်သွားတဲ့အတွက် ... ကျွန်တော် တို့ဒီအရာတွေဟာအခုဖြစ်ပေါ်နေတယ်။ ပြီးပင်တဂွန်ဒီအလင်းနဲ့ပတ်သက်ပြီးလှည့်လည်လေ့လာနေကြတယ်။ပြီးနားမလည် နိုင်တဲ့ အလင်း ပြီးသူတို့ကောင်းကင်မှာတွေ့ရတဲ့အရာရာတိုင်းကိုပေါ့။သင်တို့တွေ့ခဲ့သလို သူတို့အကြောင်းအရာတခုကို ဂျက်ဖါဆင်ဗေးလ်ရဲ့သတင်းစာဒီတပတ်ထုတ်တာနဲ့ အခြားအစရှိသည်ဖြင့်တို့ပေါ့။ နားမလည်နိုင်တဲ့အလင်းတခုပေါ့။ ထင်ကြတယ်။ အိုး ဒီအရာဟာ ဘာလဲဆိုတာကို သူတို့မသိကြဘူး။ ဒါပေမယ့် နားထောင်ကြပါ။ ကလေးတို့အဲဒါဟာ တနေ့ကျရင် သင်တို့ကိုယူဆောင်လိမ့်မယ်။ တွေ့လား။ တွေ့လား။ မစိုးရိမ်ပါနဲ့။

သင်တို့သတိရမှာပါ။ယေရှုမိန့်တော်မူခဲ့တယ်။ သောဒုံကနေ့ရက်တွေလိုမျိုး ....

50 ၅၀။ သောဒုံမတိုင်ခင်ကဘာတွေဖြစ်ခဲ့သလဲ... ဘုရားသခင်ဟာ ကောင်းကင်တမန်တချို့နဲ့ဆင်းသက်လာတယ်။ သူတို့ ဟာတရားစီရင်ဘို့အတွက် စုံစမ်းစစ်ဆေးမှုတခုလုပ်နေတယ်။ပြောခဲ့တယ်။ လူတွေရဲ့အပြစ်တွေသိပ်များတဲ့ ငြီးတွားသံကို အလွန်ကြီးမားတာကိုငါကြားရပြီး ဒါကြောင့်ငါဆင်းလာပြီး ဒီအရာတွေဟာ မှန်မမှန်ကိုဖော်ထုတ်ဘို့ဖြစ်တယ်။အဲဒါအမှန်ဘဲလား။ စောင့်ကြည့်ပါ။ အာဗြဟံနဲ့နေခဲ့တဲ့ အဓိကတယောက်ဟာလူတွေရဲ့အတွေးကိုဖတ်နိုင်ပြီး သူ့ရဲ့အ နောက်ဘက်မှာရှိတဲ့

တရားရဲ့နှစ်လုံးသားထဲကအတွေးတွေကို သိရှိတယ်။ အခု သင်တခဏလောက်လှည့်ကြည့်ပြီး သတိပြု ပါ (တွေ့လား)စောင့်ကြည့်ပါ။ အဲဒါဘာလုပ်နေတာလဲ။ ယနေ့လိုမျိုးတပုံစံထဲပါဘဲ။ အဲဒါဟာတရားစီရင်ဘို့အတွက် စုံစမ်း စစ်ဆေးနေတာပါ။ ပြီးနောက်မှာ အသင်းတော်အဲဒီနေရာမှာရှိနေစဉ်မှာပြီး မျိုးစေ့တိုင်းဟာ အဲဒီသူတို့ရဲ့နေရာကိုယူဆောင်လာတဲ့အခါမှာ သူတို့ဟာသွားကြပြီးဖြစ်လိမ့်မည်။ သူတို့ဘာဖြစ်နေတာလဲဆိုတာကိုသူတို့သိလိမ့်မှာမဟုတ်ပါဘူး။ တယောက်ကတော့ တလမ်းကိုသွားမယ်(တွေ့လား) တယောက်ကတော့သူတို့ရဲ့သင်းအုပ်ဆရာရဲ့အိမ်ကိုသွားလိမ့်မယ်။ ပြီး တယောက်ကတော့ ဒီမှာသွားလိမ့်မယ်။ဒါမှမဟုတ် ဟိုအောက်အရပ်မှာ ပြီးပထမဦးဆုံး သင်သိရတာက သူတို့ဟာ အဲဒီ မှာမရှိကြပါဘူး။အေးနောက်ကတော့ အဲဒီအမျိုးအစားထဲကပါဘဲ ဘုရားသခင် သူကိုယူဆောင်ပြီးသူ့ကိုမတွေ့ရတော့ပါ ဘူး။ စုံစမ်းစစ်ဆေးဖို့ဆင်းသက်လာပါတယ်။

ရှေ့ဆက်သွားတာဘဲ။ နောက်ဘယ်လိုပြောင်းလဲသွားတာလဲ။ ကြ်ာသရေလတွေကို သဘောၤထဲကိုယူဆောင်သွားတဲ့ပုံစံတခုလိုပေါ့။

51 ၅၁။ အလွန်ကိုတိကျပါတယ်... ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကအလွန်တိကျပါတယ်။ ဓမ္မဟောင်းနဲ့ ဓမ္မသစ်တွေဟာ တဝက်စီပြီးတအုပ်ထဲပါဘဲ။ ဒါအမှန်ပါဘဲ။ဓမ္မဟောင်းကလဲ တအုပ်လုံးရဲ့တဝက်ဖြစ်ပြီး ဓမ္မသစ်ကလဲ တအုပ်လုံးရဲ့တဝက် ဖြစ်ပါတယ်။ အတူတကွကိုပေါင်းစည်းထားကာ သင် ယေရှုခရစ်တော်ရဲ့ဖွင့်ပြချက်တခုလုံးကိုရရှိပါတယ်။ဟိုမှာ ပရောဖက် တွေ ပြောခဲ့တာကို ပြီးဒီမှာ သူကိုလူပုဂ္ဂိုလ်အနေနဲ့ရှိပါတယ်။တွေ့လား။ တဝက်စီနဲ့တအုပ်လုံးဖြစ်ပါတယ်။

အခုကျွန်တော်တို့အချိန်အကြာကြီးမယူချင်ပါဘူး။

52 ၅၂။ ဓမ္မဟောင်းဟာဓမ္မသစ်မပါဘဲနဲ့ မပြည့်စုံဘူးဆိုတာကိုသတိရပါ။ ဓမ္မသစ်ကလဲ ဓမ္မဟောင်းမပါဘဲနဲ့ မပြည့်စုံပါဘူး။ဒါ ကြောင့် ကျွန်တော်ပြောခဲ့တယ် တဝက်စီ တအုပ်ထဲဖြစ်ပါတယ်။ဒါကြောင့်ပရောဖက်ပြောခဲ့တယ်။ သူဒီမှာလာလိမ့်မယ်။ သူ ဒီမှာလာလိမ့်မယ်။ သူဒီမှာလာလိမ့်မယ်။ သူ့ကို ဒီလိုလုပ်မယ်။ သူ့ကိုဒီလိုလုပ်မယ်။ ပြီးသူဒီမှာရှိနေတယ်။ သူဒီမှာရှိနေ တယ်။ သူဒီမှာရှိခဲ့တယ်။ သူ ... သူတို့သူ့ကိုဒီလိုလုပ်လိမ့်မယ်။ ပြီး သူတို့ သူ့ကိုအဲဒီလိုလုပ်တယ်။ ဒီအကြောင်းနဲ့ပတ်သက် ပြီး လွန်ခဲ့တဲ့ညတွေကကျွန်တော်ဟောကြားခဲ့ပါတယ်။

53 ၅၃။ အခုကျမ်းစာတော်မြတ်ကိုလေ့လာဘို့အတွက် - ရှင်ပေါလုကတိမောသေကိုပြောခဲ့တယ်။အဲဒါကိုလေ့လာပါ။ လေ့ လာပါ။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ဟာ သမ္မာတရားဆိုတာကိုမှန်ကန်စွာပိုင်းခြားစိတ်ဖြာပါ။ နှုတ်ကပတ်တော်ထဲမှာ လုပ်ရမယ့်အရာ သုံးမျိုးရှိတယ်။ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကိုအသုံးပြုတဲ့အခါ သင်မလုပ်ရမယ့်အရာသုံးမျိုးရှိတယ်။အခုအဲဒါတွေကို နောက်ဆယ်မိနစ်မှာလေ့လာကြရအောင်။ သင်မလုပ်သင့်တဲ့အရာသုံးခု ဒီဒေသတဝိုက်ဒီနိုင်ငံတဝှမ်းလုံးကို သွားတဲ့အခါသင့်နှလုံးသားထဲမှာ မြဲမြဲမှတ်ထားပါ။ သင်တို့ခဲတံမပါလာခဲ့ရင်ပေါ့။သင်ဒီအရာတွေကိုမလုပ်ရဘူး။ ကျွန်တော် တို့သင်တို့ကို အချိန်တိုင်းသင်တို့ဘယ်လိုလုပ်ရမယ်လို့ပြောခဲ့တယ်။ အခု သင်တို့ဘာကို မလုပ်ရဘူးဆိုတာကိုသင်တို့ကို ပြောပြမယ်။

အခုနှုတ်ကပတ်တော်ကိုမှားယွင်းစွာအနက်မဖွင့်ရဘူး။ သင်ပြောမယ်။ ကောင်းပြီ။ဒီဟာဒီလိုဆိုလိုတယ်လို့ ကျွန်တော်ယုံကြည်တယ်။ သူပြောသလိုဘဲ သူဆိုလိုပါတယ်။အဲဒါကိုအနက်ဖွင့်စရာမလိုပါဘူး။ ပြီး သင်နှုတ်ကပတ်တော်ကို နေရာအထားအသိုမမှားရဘူး။ ပြီးသင်နှုတ်ကပတ်တော်ရဲ့ တည်နေရာကိုမှားယွင်းစွာမဖော်ပြရဘူး။ တကယ်လို့ ဒီအရာသုံးခုထဲက တခုခုကိုပြုလုပ်ခဲ့ရင် ကျမ်းစာတအုပ်လုံးကိုမှားယွင်းရှုတ်ထွေးစေပြီးလုံးဝရှုတ်ထွေးအသွင်မဲ့စေတယ်။

54 ၅၄။ သတိထားပါ။ယေရှုကို ဘုရားသခင်သဏ္ဍာန်နဲ့လူတယောက်ထဲမှာလို့ မှားယွင်းစွာအနက်ဖွင့်ခဲ့ရင်သူကိုဘုရားသုံး ပါးတပါးလို့ သူ့ကိုပြုလုပ်တာဘဲ။ နှုတ်ကပတ်တော်ဖြစ်တဲ့ယေရှုခရစ်ကိုမှားယွင်းစွာအနက်ဖွင့်တာ သူ့ကိုဘုရားသုံးပါးထဲက တပါးလိုသင်ပြုလုပ်တာဘဲ။ ဒါမှမဟုတ် သူကိုဘုရားတပါးရဲ့ ဒုတိယပုဂ္ဂိုလ်လို့ပြုလုပ်လိုက်တာပါဘဲ။ ဒီလိုပြုလုပ်ခြင်းအား ဖြင့် နှုတ်ကပတ်တော်တခုလုံးကို ရှုတ်ထွေးစေခဲ့တယ်။သင်ဘယ်နေရာကိုမှ ရရှိတော့မှာမဟုတ်ဘူး။ ဒါကြောင့် သင်မှားယွင်း စွာအနက်မဖွင့်ရဘူး။

ပြီးတိကျတဲ့အရာတခုကိုပြောတယ်။သင်အဲဒီအပေါ်မှာ အနက်ဖွင့်တယ်။ ပြီး သင်တခြားအချိန်မှာ အဲဒါကိုအသုံးပြု တယ်။ဒါမှမဟုတ် အဲဒါကို တခြားအချိန်မှာ အသုံးပြုတယ်။ သင်လည်းဘဲမမှန်ကန်ဘဲအနက်ဖွင့်ခြင်းကို ပြုလုပ်တာဘဲ။

55 ၅၅။ တကယ်လို့ကျမ်းစာတော်မြတ်ထဲက ယေရှုခရစ်ကို သူကိုယ်တိုင်ဘုရားမဟုတ်ဘူးလို့တယောက်ယောက်ကသူ့ကို ဒုတိပုဂ္ဂိုလ် ဒါမှမဟုတ် သုံးပါးထဲက ဘုရားတပါးလို့အနက်ဖွင့်ခဲ့ရင်ကျမ်းတအုပ်လုံးထဲက စာလုံးတိုင်းကိုဝမ်းနည်းစေလိမ့် မယ်။ အဲဒါဟာပထမပညတ်တော်ကိုချိုးဖောက်လိုက်တာဘဲ။ ငါမှတပါး အခြားဘုရားမရှိ။ ကောင်းပြီး။ခရစ်ယာန်တွေကို ရုပ် တုကိုးကွယ်တဲ့လူတွေ ခြားနားတဲ့ ဘုရားသုံးပါးကိုကိုးကွယ်စေတယ်။ တွေ့လား။ သင့်မှာဘယ်လိုမျိုး ကျမ်းစာတအုပ်ရှိနေ တာလဲ။ဂျူးလူမျိုးတွေပြောခဲ့သလိုမျိုး ကျွန်တော်တို့ကိုဖြစ်စေတယ်။ ပြောခဲ့တာက ဒီအထဲကဘယ်ဘုရားက သင်တို့ဘုရား လဲ။ တွေ့လား။ ဒါကြောင့် သင်တို့တွေ့တယ်။ သင်မလုပ်နိုင်ဘူး ... သင်ကျမ်းစာတော်မြတ်ကို မှားယွင်းစွာ အနက်မဖွင့်နိုင် ဘူး။ဘာကြောင့်လဲဆိုရင် ယေရှုကိုယ်တိုင်က ကျမ်းစာတော်မြတ်ကိုအနက်ဖွင့်တာ ကာလတခုမှာသူကိုယ်သူဖော်ပြတာ သူ့ ရဲ့ခန္ဓာတစိတ်တပိုင်းကိုဖော်ပြခဲ့တယ်။ တကယ်လို့လက်ရဲ့အချိန်ကာလဆိုရင် အဲဒါဟာ လက်တဘက်ဖြစ်ရမယ်။ ဦးခေါင်းရဲ့ ခေတ်ကာလမဟုတ်ရပါဘူး။တကယ်လို့ အသံတော်ကာလဆိုရင် ကောင်းပြီး ထို့နောက်မှာ ခြေထောက်ရဲ့ခေတ် ကာလမဟုတ်ရဘူး။ တွေ့လား။ ပြီးအခု ကျွန်တော်တို့ဟာ မျက်စေ့ခေတ်ကာလကိုရောက်ရှိနေပါပြီ။ပြီးအခု နောက်အချိန် ကာလ သူကိုယ်တိုင်ကြွလာဘို့ဘဲဖြစ်ပါတယ်။ တွေ့ရတယ်ပရောဖက်ပြုခဲ့တာ။

56 ၅၆။ ကြည့်ပါ။ခေတ်ကာလတလျှောက်လုံး ကျွန်တော်တို့အောက်ခြေကနေ အစပြုခဲ့တယ်။ ပထမအသင်းတော်ကာလကစပြီး မျိုးစေ့ဟာ မြေပေါ်မှကျတဲ့အခါ ပြည့်စုံတဲ့မျိုးစေ့ဖြစ်တယ်။ အဲဒါပြီးနောက်မှာခြေထောက်ကိုရောက်လာခဲ့တယ်။ လူ သားဆက်သွားတာ ဝက်စလီဆီကို

ပြီးနောက်မှာပင်တီကုတ်တွေထဲကို ပါးစပ်နဲ့လျှာပေါ့။ တွေ့လား။ အခု မျက်စိထဲမှာရောက်ရှိပါတယ်။ ပရောဖက်ပြုပါတယ်။ မာလခိ၄ နဲ့အစရှိသည်တို့ပေါ့။ ပြီးအခု ဘာမှဆက်ပေါ်လာစရာမလိုတော့ပါ ဘူး။ ဒါပေမယ့် သူသူ့၏ကိုယ်တိုင် အဲဒီအထဲကိုလှမ်းလာမယ်။ အကြောင်းကတော့ဒါဟာနောက်ဆုံးသောအရာဖြစ်ပါတယ်။ နောက်တခုကတော့ နားလည်နိုင်တဲ့စဉ်းစားဉာဏ်ဖြစ်ပြီးကျွန်တော်တို့မှာ ကိုယ်နားလည်နိုင်တဲ့စဉ်းစားဉာဏ်မရှိပါဘူး။ အဲ ဒါဟာသူ၏ကိုယ်တိုင်ဘဲဖြစ်ပါတယ်။ တွေ့လား။ ကျွန်တော်တို့မှာ ကိုယ်ပိုင်အမြင်မရှိပါဘူး။ လူတယောက်က ဘယ်လိုဖြစ် လာမယ့်အကြောင်းအရာတွေကို ကြိုသိမှာလဲ။ သူမပြုလုပ်နိုင်ပါဘူး။အဲဒါပြုလုပ်နိုင်တာ ဘုရားသခင်ကိုယ်တိုင်ဘဲဖြစ်ပါ တယ်။ အဲဒါနေရာတနေရာဖြစ်လာပါတယ်။ .... ပြီး သူအဲဒီကိုယ်ခန္ဓာကို တလျှောက်လုံးအုပ်စိုးပါတယ်။ ပြီးနောက်မှာ ခရစ် တော်ရဲ့ပြည့်စုံတဲ့ခန္ဓာဟာ သူရဲ့နံဘေးကနေထုတ်ယူလိုက်တဲ့သူ့ရဲ့သတိုးသမီးတယောက်အဖြစ် ဖွင့်ပြဖော်ပြပါတယ်။ အာဒံ ကနဦးတုံးက ပြုလုပ်ခဲ့သလို ... အာဒံနဲ့တူတာပါ။ ကနဦးကပေါ့။

57 ၅၇။ မှန်ပါတယ်။ဘုရားသခင် ... ဒီကမ္ဘာကြီးဟာကျမ်းစာတော်မြတ်တခုလုံးကို ရှုတ်ထွေးအောင်ပြုလုပ်တာပါ။ ပထမပညတ်တော်ကိုချိုးဖောက်တယ်။ ပြီး ဘုရားသခင်တပါးကိုရုပ်တုကိုးကွယ်လူတွေလိုသုံးပါးပြုလုပ်လိုက်တယ်။ အဲဒါဟာ ကျမ်းစာတော်မြတ်ရဲ့ပုံရိပ်တခုလုံးကိုဖျက်ဆီးလိုက်တာပါ။ ဒါကြောင့် သင်ကျမ်းစာတော်မြတ်ကိုမှားယွင်းစွာအနက်မဖွင့် ရပါဘူး။ အခု အဲဒါတခုလေးဘဲရှိပါသေးတယ်။

ကျမ်းစာတော်မြတ်ထဲမှာရှိတဲ့နှုတ်ကပတ်တော်တွေဟာ တူညီတဲ့စပ်ဆက်မှုတွေရှိပါတယ်။ သင်အဲဒါတွေကို သူ နေရာနဲ့သူထားသိုရမှာပါ။ ပြီးအထားအသိုမှားခဲ့ရင်တော့ ခေတ်ကာလတခုမှာသူကိုဘုရားပြုလုပ်ပြီး နောက်ခေတ်ကာလတခု မှာ သူကိုသမိုင်းဆိုပြီးပြုလုပ်ပါတယ်။ အဲဒါကိုအထားအသိုအမှားပြုလုပ်ပါတယ်။ ဒါကြောင့် နှုတ်ကပတ်တော်ကို အထားအသိုမမှားမပြုလုပ်ရပါဘူး။ သူဟာ ဘုရားသခင်အချိန်တိုင်းဖြစ်ပါတယ်။ တကယ်လို့သူ့ကိုယနေ့ခေတ်သမိုင်းရဲ့ ဘုရားတပါး ပြုလုပ်ရင် ဟိုးအရင်တုံးကနဲ့သူဟာယနေ့နဲ့အတူတူမဟုတ်တော့ပါဘူး။ သင်တို့ဟာ ဟေဗြဲ ၁၃း၈ ကိုဘယ်လိုလုပ်မှာလဲ။တွေ့လား။ သူဟာ မနေ့၊ ယနေ့၊ နောင်ကာလ ဘယ်တော့မှ မပြောင်းလဲပါဘူး။

အခု ဒီအရာကိုဘယ်လိုလုပ်မလဲ။ ပြီးဘယ်လိုလုပ်ခဲ့တာလဲ။ အဲဒါကိုလုပ်ခဲ့ပြီးကြပြီး။ သူ့ကိုသူ့ရဲ့ကိုယ်ပိုင်နှုတ်က ပတ်တော်ကိုငြင်းပယ်တယ်လို့ပြုလုပ်ခဲ့ပြီး နှုတ်ကပတ်တော်ကိုနေရာအထားအသိုမှားစေခဲ့တယ်။

58 ၅၈။ နှုတ်ကပတ်တော်ရဲ့တည်နေရာကိုအထားမှားခဲ့ရင်သူ့ရဲ့ခန္ဓာကိုယ်တပ်ဆင်တာလဲမှားနေတာပါဘဲ။ ခြေထောက်ကို ဦးခေါင်းရှိရမယ့်နေရာမှာထားသိုတာ ဒါမှမဟုတ် တခုခုကိုပေါ့။ အဲဒီလိုအတူတူ ...အခြားစကားနဲ့ပြောရရင် သင်ယေရှုကိုမောရှေသတင်းစကားမျိုးကိုဟောနေသလိုဖြစ်နေမှာပါ။ သင်တို့ရရှိမယ် .. ဒါမှမဟုတ်ဝက်စလီလဲဘဲ လူးသာအချိန်ကာလ မှာ တရားဟောနေသလိုမျိုးလိုပေါ့။ သင်တို့အခုရရှိရမှာကကျွန်တော်တို့ခေတ်ကာလ ပင်တေကုတ္တေရဲ့သွန်သင်ချက် ပင်တေကုတ္တေသတင်းစကားကိုရရှိရမယ်။သင်တို့ရှုတ်ထွေးမှုတွေ ဘယ်လိုဝင်လာမှာကိုတွေ့ရလား။ ပင်တေကုတ္တေတွေ ဟာသူတို့ရဲ့ဇာတိကိုပြလာကြပြီး။ လူသာလဲသူ့ရဲ့ဇာတိကိုပြခဲ့ပြီးပြီ။ဂိုဏ်းဂဏကိုဖွဲ့စည်းလိုက်တယ်။ အဲဒီမှာဘဲ အဲဒီအ သင်းတော်ဟာသေသွားတယ်။ခေတ်ကာလရဲ့ထိုးနှက်ချက် မှာ သူတို့သွားခဲ့ကြတယ်။

သတိပြုပါ။အဲဒါကိုဖွဲ့စည်းတည်ထောင်လိုက်တာနဲ့ တပြိုင်နက် ၎င်းဟာသေဆုံးသွားပါတယ်။ အခုဒါမှန်မမှန်ကို ကြည့်ကြရအောင်။ သမိုင်းရဲ့စာရွက်တွေကို ပြန်လည်လှန်ကြည့်ကြရအောင်။အဲဒါကိုဖွဲ့စည်းတည်ထောင်လိုက်တဲ့အခါ တိုင်း အဲဒီမှာဘဲသေသွားကြတယ်။ သူတို့ဘာမှထပ်လုပ်လို့မရတော့ဘူး။ သူတို့ဟာ ဒီလောကရဲ့ဘုရားကိုကိုးကွယ်တာကိုဖြစ်ပေါ် လာစေခဲ့တယ်။ အဲဒါဘယ်ကိုသွားသလဲဆိုရင်မှီခိုတဲ့အစိတ်အပိုင်းတွေ ပြီးအဖွဲ့အစည်းတွေ ပြီးဂိုဏ်းဂဏတွေ ပြီးမှားယွင်းတဲ့ယုံကြည်ခြင်းတွေဆီကိုပေါ့။ ရစ်ကီအဖွဲ့တွေဟာ အဲဒီအထဲကိုဝင်လာကြပြီးသူတို့ရဲ့ကိုယ်ပိုင်ကန့်ကွက်ဆန့်ကျင်ချက်ကို အဲဒီအထဲကိုပို့ဆောင်ခဲ့တယ် .... ဒါမှမဟုတ် သူတို့ရဲ့ကိုယ်ပိုင်ထင်မြင်ယူဆချက်တွေကိုအဲဒီအထဲကို သွပ်သွင်းတာပါ။ ပြီး ဘာတွေဖြစ်ပေါ်လာလဲ။ရှုတ်ထွေးခြင်းကိုဖြစ်ပေါ်စေတယ်။ အဲဒါဘယ်ကို သူယူသွားသလဲဆိုရင်ဒီကမ္ဘာရဲ့ဘုရားဆီကို သူတို့စာတန်ကိုရာဇပလ္လင်ပေါ်တင်လိုက်တယ်။ပြီးသူတို့ကိုငြိမ်းချမ်းရေး ယူဆောင်လာဘို့အတွက်ကြီးမားတဲ့ ကမ္ဘာ့ခေါင်းဆောင်ကြီးကို ရရှိတယ်လို့ထင်ကြတယ်။

59 ၅၉။ ကျွန်တော်ခင်ဗျားတို့ကိုအရင်နေ့တုံးကပြောပြခဲ့တယ်- ကျွန်တော်ထပ်ပြီးတော့လဲပြောအုံးမယ်။ ထိုယနေ့လူမှုဖွံ့ဖြိုးတိုးတက်နေတဲ့အဆင့်တိုင်အောင် အမှန်တကယ်တော့ ဘုရားသခင်နဲ့ဆန့်ကျင်နေတယ်။လူမှုဖွံ့ဖြိုးရေးတိုးတက်မှုဟာ ဘုရားသခင်နဲ့ဆန့်ကျင်နေတယ်။ ပညာရေးကတော့ ဘုရားသခင်နဲ့မိုင်သန်းချီကွာဝေးနေတယ်။သိပ္ပံလဲ မိုင်တသန်းလောက် ကွာဝေးနေတယ်။ သိပ္ပံလဲ မိုင်တသန်းလောက်ကွာဝေးနေတယ်။သိပ္ပံနဲ့ပညာရေးက ကြိုးစားပြီး ဘုရားသခင်ကိုမှားယွင်းစွာ သက်သေပြတယ်(တွေ့လား)ခရစ်ယာန်ဓမ္မတက္ကသိုလ်တွေအားဖြင့် ပြီးကျောင်းတွေ ပြီးသိပ္ပံအခန်းတွေပြီးအစရှိသည်တို့ကပေါ့။ သူတို့မှာ သူတို့ရဲ့တုန်ခါမှုတော့ရှိကြတယ်။ လွန်ခဲ့တဲ့ညက ဗွီးရှင်းမှာလူတယောက်ဟာ ထိုသိပ္ပံပညာရှိတွေကို အ သံနက်ကြီးနဲ့ ဟိုအောက်အရပ်မှာ အဲဒီလိုမျိုးသွန်းလောင်းချလိုက်တယ်။ သူတို့လှည့်တယ်။ ပြီးအဲဒါကိုကြည့်တယ်။ ပြီးဆက် သွားတယ်။ဆက်ပြီးတော့ ဆောင်းသွားစရာတခုရှိတယ်။

60 ၆၀။ သတိပြုပါ။အိုး ဒီလုပ်ရမယ့် သုံးခုလုပ်ရမယ်။ အခု သင်မလုပ်နိုင်ဘူး ... ယေရှုကလာပြီး နောဧရဲ့သတင်းစကားကို မပြောကြားဘူး။ သူလာပြီးတော့ မောရှေရဲ့သတင်းစကားကိုဝေငှတာလဲမဟုတ်ဘူး။ ဒါမှမဟုတ်မောရှေလာပြီး တရားမဟောဘူး ... မြင်လား ကျမ်းစာတော်မြတ်ရဲ့တည်နေရာကိုအထားအသိုမမှားပါနဲ့။သူအချိန်အခါနဲ့ဖြစ်ရမယ်။ အခု သင်အ သုံးမပြုနိုင်ဘူး ... ထိုကြီးမြတ်တဲ့သူ ဂျွန်ဝက်စလီ ပေါ်ထွက်လာတဲ့အခါ။ဒါမှမဟုတ်ကြီးမြတ်တဲ့လူ လူးသာ ... လူးသာဟာသူရဲ့သတင်းစကားဖြောင့်မတ်ခြင်းနဲ့ပေါ်ထွက်လာတဲ့အခါ

...အခု ထိုလူတယောက် ... လူးသာဟာကြီးမြတ်တဲ့လူတ ယောက်ဖြစ်တယ်။သူဟာအသင်းတော်တပါးကို မှောင်မိုက်ထဲကနေ ခေါ်ထုတ်လာခဲ့တယ်။ ပြီးယုံကြည်ခြင်းအားဖြင့် ဖြောင့် မတ်ရာကိုရတာကိုထားရှိခဲ့တယ်။ ပြီးသူအဲဒါကိုပြုလုပ်ခဲ့တဲ့အခါ အဲဒီအပေါ်မှာ အဖွဲ့အစည်းကိုတည်ဆောက်ခဲ့တယ်။ ပြီးအဲဒါသေသွားခဲ့တယ်။ အသက်တာဟာသွားခဲ့တာ ဂျုံရဲ့ပင်စည်လိုဘဲ။ အဲဒီကနေဝက်စလီရဲ့ခေတ်ကာလအပွင့်ခေါင်းပိုင်းလေး ဆီကိုပေါ့။ လူသာကနေအခြားအရွက်တွေထွက်လာပြီးအဲဒါနဲ့ဘဲသေသွားတယ်။ အဲဒါတွေဟာ ဇွင်းဂလီနဲ့ကဲလဗင်းဖြစ်ပြီးကျန်တဲ့ထွက်ပေါ်လာပြီးကျန်တဲ့လူတွေဟာ ကြီးမားတဲ့ပြန်လည်ပြုပြင်ခြင်းကာလမှာပေါ်ထွက်လာကြတယ်။

61 ၆၁။ ပြီးနောက်မှာဝက်စလီပေါ်ထွက်လာတယ်။ နောက်ထပ်ခေတ်ကာလတခုကတော့ ပွင့်ဖက်ကနေ ပွင့်လန်းလာကြ တယ်။ဝက်စလီ ပြီး အက်စဗြူရီ ပြီးထိုလူတို့ ဂျွန်နဲ့သူ၏ညီအစ်ကိုများ ပြီးသူတို့အားလုံးဘုရားသခင်ရဲ့ကြီးမြတ်တဲ့လူတွေ ဒီ သတင်းစကားတွေနဲ့ တနိုင်ငံလုံးကိုအခုလေးတင်ဖုံးလွှမ်းသွားစေတယ်။ သူတို့ အဲဒါကိုအဖွဲ့အစည်းလုပ်လိုက်ကြတယ်။ အဲဒါသေသွားခဲ့တယ်။ ထို့နောက်မှာ ဂျုံစေ့ပေါ်ထွက်လာရမှာကိုကြည့်ရတာ အလွန်ဆင်တူနေတယ်။ပြီးလာကြည့်ပါ။ အဲဒါဟာ ဂျုံ စေ့ကိုဖုံးထားတဲ့ ဂျုံအခွံဖြစ်ပါတယ်။ ပင်တေကုတ္တေပေါ့။ ဒါပေမယ့် ဒါတွေအားလုံးရဲ့နောက်ကွယ်မှာပွင့်ဖတ်လေးတွေ တခုထွက်ပေါ်လာပါတယ်။ ပြီးသင်သတိထားမိမယ်။ ဖြစ်လေ့ဖြစ်ထကတော့ ... ကျွန်တော်ထင်တာက လူးသာပေါ်ပေါက် လာပြီး သုံးလေးနှစ်အကြာမှာအမှုတော်မြတ်ကွင်းပြင်မှာ လူးသာရင်းအသင်းတော်ဟာ ဖွဲ့စည်းလိုက်ကြတယ်။ ဝက်စလီသာသနာကွင်းမှာပေါ်လာပြီးမကြာမီမှာပဲ ၎င်းတို့ဟာလဲ အဖွဲ့အစည်းဖွဲ့စည်းလိုက်ကြတယ်။

62 ၆၂။ ထူးစန်မြို့ထဲမှာကျွန်တော်တို့အစီအစဉ်တခုရှိတာကတော့ ဝက်စလီအသင်းတော်ဘယ်လို ... ဒါမှမဟုတ် မက်သဒစ် အသင်းတော်ဘယ်လိုပေါ်ပေါက်လာသလဲဆိုတာပါဘဲ။ပြီးသူတို့အမေရိကန်နိုင်ငံကိုလာတဲ့အခါ သူတို့လူအတော်များများပြန်လာပြီးပြောခဲ့ကြပြီး သူတို့သဘောတူစာချုပ်ချတာတခု အစရှိသည်တို့ကိုအင်္ဂလန်မှာထူထောင်ပြီး ဒီကိုယူလာဘို့ဖြစ် တယ်။ ပြီး ဘယ်လို အဲဒါတွေကိုအကောင်အထည်ဖော်မှာဘဲဖြစ်ပါတယ်။ အဲဒီမှာဘဲ ပျက်လာတာကို ကျွန်တော်မြင်ခဲ့တယ်။ ပြီးသူမသေဆုံးသွားတယ်။

ကောင်းပြီး။အဲဒီကနေတဆင့် ပင်တေကုတ္တေတွေ ထွက်ပေါ်လာတယ်။ လွန်ခဲ့တဲ့အချိန်တွေတုံးက ရှေးဟောင်းကြယ်လောင်စွာအော်ဟစ်တဲ့လူတွေဖြစ်တယ်။ အခြားသောဘာသာစကားကိုပြောခြင်းဆုကျေးဇူးကိုလဲရထားပြီး အခြား သောဘာသာစကားပြောခြင်းနဲ့ အစပြုခဲ့တယ်။ အဲဒါကိုသန့်ရှင်းသောဝိညာဉ်တော်ရရှိထားတဲ့အထောက်အထားလို အမည် တပ်ခဲ့တယ်။ ပြီးသူတို့ဖွဲ့စည်းလိုက်ကြတယ်။ တယောက်က ဒါကိုလုပ်ချင်တယ်။ အခြားတယောက်ကဟိုလိုလုပ်ချင်တယ် လို့ပြောခဲ့တယ်။ ပြီးသူတို့ထုတ်ပြန်ချက်တွေပြီး ထုတ်ပြန်ချက်တွေထုတ်ပြန်ကြတယ်။ ဒါဘာလုပ်တာလဲ။ တယောက်စီတိုင်း ဟာ ပြန်ထွက်ပြီးထွက်ခွာသွားကြတယ်။သူတို့ပင်စည်မှာလုပ်ခဲ့သလို ပြီးအပွင့်ရဲ့အဖူးမှာပြုလုပ်ခဲ့သလိုမျိုးပေါ့။သူတို့မှာ တဦးထဲဖြစ်ခြင်း နှစ်ဦးဖြစ်ခြင်း သုံးဦးထဲဖြစ်ခြင်းပြီးဘုရားသခင်ရဲ့အသင်းတော် ပြီးအခြားအရာတွေ ဖြန့်ထုတ် ဖြန့်ထုတ် ဖြန့်ထုတ်လိုက်ကြတယ်။ ဒါပေမယ့် အခု သဘာဝအရ ဒါဟာ တိကျတဲ့ဥပမာတခုဖြစ်ပြီး သင်ဘယ်တော့မှအရာရာတိုင်းကို ပညာရေးနဲ့အဲဒါကိုမပြုလုပ်နိုင်ပါဘူး။

63 ၆၃။ ကင်တပ်ကီပြည်နယ်ကကျွန်တော်ရဲ့သူငယ်ချင်းမိသားစုက အခြားတနေ့တုံးက ကလေးတယောက်ကိုမွေးဖွားခဲ့ တယ်။ ပြီးမိခင်ကတော့ ရောက်လာတာ သူတို့ကျွန်တော်တို့ရဲ့ညစာကိုချက်တဲ့အချိန်ဖြစ်တယ်။သူမကလဲ အခြားညီအစ်မ တွေကို ကျွန်တော်တို့အမဲလိုက်နေတဲ့လူစုအတွက် ကူချက်ထားတယ်။ပြီးအဲဒီကလေးငယ်လေးက ငိုနေတယ်။ ပြီးကျွန်တော် စကားပြောနေတယ်။ ကျွန်တော်ထင်တာကတော့မိခင်က အနည်းငယ်ရက်ကိုးရက်ကန်းဖြစ်သွားပြီး ဒါကြောင့် သူမကလေး ဆီကိုသွားပြီးပွေ့ချီတယ် ပြီးစနို့တိုက်တယ်။ ကျွန်တော်ပြောခဲ့တယ်။ သင်သိပါတယ်။ ဒါဟာသဘာဝပါဘဲ။တွေ့လား။အခု သူတို့မလုပ်နိုင်ဘူး .... သူတို့ဘယ်လိုကောင်းတဲ့နည်းလမ်းကိုဒီနို့စို့ကလေးအတွက်မမြင်ပါဘူး။ ငိုယိုပြီး အသံပြုတာကလွဲလို့ ပေါ့။ အခုသင်သူ့ကိုကိုယ်ကျင့်တရားနဲ့ပတ်သက်တဲ့စာအုပ်တအုပ်ပေးပြီး ဒီမှာထိုင်ပါ။ပြီးပြောတယ်။ ငါမင်းကိုသီချင်းလော် ဂီတသင်ပေးချင်တယ်။ သား။ အခုဒီမှာအခြားကလေးလိုငယ်သံပါအောင် အော်မနေနဲ့။ သင်ဟာခြားနားပါတယ်။ အခု မင်း ဆာတဲ့အခါမင်ဒီအပေါ်မှာရှိတဲ့ ခေါင်းလောင်းကိုတီးလိုက်ပါ။ အဲဒါအလုပ်မဖြစ်ပါဘူး။ မဟုတ်ဘူး။အဲဒါအလုပ်ကိုမဖြစ်ပါ ဘူး။

64 ၆၄။ ဒါကြောင့်သင်သဘာဝကိုကြည့်တဲ့အခါ ...

အခုကျွန်တော်တို့ခေတ်ကာလတိုင်းကိုကြည့်တဲ့အခါ ပြီးအဲဒါတွေကနေတည့်တည့်ပုံဖော်မယ်ဆိုရင် ကျွန်တော်တို့ တတွေဟာ နောက်ဆုံးသောကာလကိုရောက်ရှိနေပါပြီ။ ဂျုံရဲ့အခွံကိုခွာထုတ်လိုက်ပြီး ပြီးကျွန်တော်တို့မှာ ၁၅နှစ်ရှိပြီး - အခုနှစ်၂၀နီးပါးဖြစ်နေပြီး - ဒီနှစ်တွေမှာသတင်းစကားဟာနိုင်ငံတနိုင်ငံကနေတနိုင်ငံပြန့်နှံ့သွားပြီး ပြီးဒီမနက်မှာဘဲ တနိုင်ငံလုံးနဲ့ဆက်သွယ်ထားတယ်။ (တွေ့လား) ပြီးဘာအဖွဲ့အစည်းမှမပေါ်ပေါက်လာဘူး။မဖွဲ့စည်းနိုင်ပါဘူး။ ဒီလိုအဖြစ်မျိုးဟာ အရင်တုံးကကောဒီနောက်ကာလမှာရောဖြစ်ပေါ်လာတော့မှာမဟုတ်ပါဘူး။ တွေ့လား။ ယနေ့သတင်းနဲ့ပတ်သက်တဲ့အကြောင်းအရာကတော့ ထိုရရှိမယ့်လူတွေရဲ့နှစ်လုံးသားထဲ သားတော်ရဲ့မျက်မှောက်မှာရင့်မှည့်လာဘို့ရန်ဘဲဖြစ်ပါတယ်။ သင်တို့သတင်းစကားကိုရယူပြီးနောက်မှာသားတော်ကိုသင်တို့ရဲ့စိမ်းနေတဲ့အရာတွေကို ကင်ထုတ်စေပြီး ရင့်ကျက်တဲ့ခရစ်ယာန်တယောက်ဖြစ်စေခိုင်းပါ။ ကျွန်တော်ရဲ့ဆိုလိုတာကို သင်တို့သဘောပေါက်ကြလား။ဘုရားသခင်မကြာခင်မှာလာပြီး သူ့ရဲ့အသင်းတော်ကိုသိမ်းဆည်းတော့မယ်။ ပြီးကျွန်တော်တို့အဲဒီလိုပုံစံခရစ်ယာန်မျိုးဖြစ်သင့်ပြီး ဒါသူလက်ခံဘို့အတွက် ဖြစ်တယ်။ ဂျုံစပါးကရင့်မှည့်လာရမယ် ကောင်းပြီး။

65 ၆၅။ ဒီလုပ်ရမယ့်သုံးချက်လုပ်ရမယ်။ အမှားအနက်မဖွင့်ရဘူး ဒါမှမဟုတ် အဲဒါကို အမှားလက်ကိုင်မထားရဘူး။မှားယွင်း စွာအနက်ဖွင့်တာ ဒါမှမဟုတ် အဲဒါကိုအထားအသိမမှားရဘူး။ ဘုရားသခင်ကအဲဒီလိုဖြစ်ရမယ်လို့အတိအကျပြော ထိုးထဲ့အ

တိုင်းဘဲထားရှိရမယ်။ကမ္ဘာသူကမ္ဘာသားတွေအတွက်တော့ အဲဒါဟာလျို့ဝှက်နက်နဲတဲ့စာအုပ်တအုပ်ဖြစ်တယ်။ လူတွေကတော့ လျိုကဝှက်နက်နဲတဲ့စာအုပ်တအုပ်လောက်ဘဲယုံကြည်ကြတယ်။

တချိန်တုံးကဒီမြို့တော်မှာရှိတဲ့ ကျော်ကြားတဲ့လူတယောက်နဲ့ ကျွန်တော်စကားပြောခဲ့တယ်။ခရစ်ယာန်တွေရဲ့ ကြီးမားတဲ့ရပ်တည်မှုကိုဝေဖန်တယ်။ ပြီးသူပြောခဲ့တယ် တညတော့ကျွန်တော်ဗျာဒိတ်ကျမ်းကိုကြိုးစားပြီးဖတ်တယ်။ ပြော ခဲ့တယ်။ ယောဟန်ကအစိမ်းရောင်ငရုပ်ကောင်းတွေစားပြီးထမင်းလုံးတခွေအိမ်မက်ကိုမက်ခဲ့တယ်။ တွေ့လား။လျို့ဝှက် နက်နဲတဲ့စာအုပ်တအုပ် ဒါပေမယ့် ...

66 ၆၆။ စစ်မှန်တဲ့ယုံကြည်သူတွေအတွက်ကတော့အဲဒါဟာ ဘုရားသခင်ရဲ့ဗျာဒိတ်ဖွင့်ပြခြင်းဖြစ်ပြီး ကျွန်တော်တို့အသက် ရှင်နေထိုင်တဲ့ယခုကာလဖြစ်ပါတယ်။

သူမိန့်မှာခဲ့တယ်။ငါ့ရဲ့နှုတ်ကပတ်တော်ဟာ ဝိညာဉ်နဲ့အသက်ဖြစ်တယ်။ ယေရှုအဲဒါကိုပြောခဲ့တယ်။ နောက်တဖန်နှုတ်ကပတ်တော်ဟာ စိုက်ပျိုးသူတယောက်စိုက်ပျိုးတဲ့မျိုးစေ့ဖြစ်တယ်။ကျွန်တော်တို့အဲဒါကိုအမှန်တရားဘဲလို့သိရတယ်။ အဲဒါ ဘုရားသခင်ဟာစာလုံးသဏ္ဍာန်နဲ့ရှိနေတယ်။ ပြီး သူကိုယ်တိုင်ဘဲအနက်ဖွင့်ရမယ်။ လူတွေရဲ့စိတ်ကတော့ဘုရား သခင်ရဲ့ စိတ်တော်ကိုအနက်ဖွင့်ဆိုဘို့ ထူးခြားတဲ့စွမ်းရည်မရှိပါဘူး။ဘယ်လိုသေးငယ်ပြီး အကန့်အသတ်ရှိတဲ့ လူ့အတွေး နဲ့အကန့်အသတ်အဆုံးမရှိတဲ့ဘုရားရဲ့အတွေးကိုဘယ်လိုအနက်ဖွင့်နိုင်မှာလဲ။ ကျွန်တော်တို့အခြားလူတယောက်ရဲ့စိတ်ထားကိုတောင် အနက်မဖွင့်နိုင်တာကိုပေါ့။

ပြီး သင်သတိပြုပါ။သူဟာ အဲဒါကိုတယောက်ထဲဘဲအနက်ဖွင့်နိုင်တယ်။ ပြီး သူအနက်ဖွင့်ပြချင်တဲ့လူကိုဘဲ အနက်ဖွင့်ပြတယ်။ အဲဒီလိုမပြောခဲ့ဘူး ဟိုအရင်သေနိုင်တဲ့လူတွေဟာကမ္ဘာကြီးကိုခြေလှမ်းကြဲကြဲကြီးတွေနဲ့ ဖြတ်သန်း ဟိုအရင်အ ချိန်တုံးကအမျိုးမျိုးသောအပြုအမူတွေနဲ့ပေါ့လို့မပြောခဲ့ဘူး။ ဘုရားသခင်ဟာ ဟိုးအရင်တုံးပြီးအမျိုးမျိုးသောအမူအယာတွေ နဲ့ သူရဲ့ကိုယ်ကို သူ့ရဲ့ပရောဖက်တွေကိုဖွင့်ပြခဲ့တယ်တွေ့လား။

67 ၆၇။ ပြီးသတိပြုပါ။သူဖွင့်ပြချင်တဲ့လူကို ... ပြီးသူ့ကိုယ်သူပုံဖော်ပြီးကျမ်းစာတော်မြတ်ထဲမှာ သီဩလော်ဂျီဘက်မှာ အ တော်ဆုံးလူတွေကနေသူ့ကိုသူဖုံးကွယ်ထားတယ်။ အိုး အကျွန္်ုပ် သူ့ကိုတိုင်အခုလဲဘဲ ပုံးကွယ်နေတုံးဘဲ။ကျမ်းစာတော် မြတ်ထဲမှာဘဲထိုင်နေတယ်။ ပြီး သင်တနေ့လုံး ကျမ်းစာကိုကြည့်ပြီးအဲဒါကိုဘယ်တော့မှမတွေ့ရဘူး။ တသက်လုံးကြည့်လဲ တွေ့ရမှာမဟုတ်ဘူး။ သူ့ကိုယ်တိုင်အခုလေးတင်ပုံးကွယ်ပြီးထိုင်နေတယ်။

အခု ကျေးဇူးပြုပြီးနေရာတိုင်းကို ကျွန်တော်တို့နစ်မြုပ်ထားကြရအောင်။ အကြောင်းကတော့ ဘုရားသခင်ဟာ နှုတ်ကပတ်တော်ထဲမှာ သူကိုယ်တိုင်ကို နှုတ်ကပတ်တော်ထဲမှာပုံးကွယ်နိုင်တာကိုသီဩလော်ဂျီတယောက် ဒါမှမဟုတ် ကမ္ဘာပေါ်မှာရှိတဲ့ ကျောင်းတကျောင်းတို့ဟာသူကိုရှာမတွေ့နိုင်ပါဘူး။ ပြီးသူအဲဒီမှာဘဲအခုထိုင်နေတယ်။ သင်ပြောမယ် ဒါအမှန်ဘဲလား။ ညီအစ်ကိုဘရင်းဟင်း ဖါရိုရဲ့နဲ့ဇာတုကဲတွေလဲ ဘယ်လိုနေလဲ။ခေတ်ကာလတိုင်းမှာ ဘယ်လိုနေလဲ။ သူအဲဒါ ကိုပြုလုပ်ခဲ့တယ်။ အသေအချာကိုဘဲသူခေတ်ကာလတိုင်းမှာ လုပ်ခဲ့တယ်။ အခု ကျွန်တော်တို့အဲဒါကိုစစ်ဆေးနိုင်တယ်။နောအေချိန်ကာလကိုစဉ်းစားကြရအောင် - စနစ်နဲ့စတိုင်ကျတယ်။အလွန်ဉာဏ်ရည်ဖွံ့ဖြိုးတဲ့အချိန်ကာလမှာ - သူဘယ်လိုသူ့ကိုယ်ကိုသူ့ရဲ့ကတိတော်စကားထဲမှာ ဘယ်လိုဖုံးကွယ်ခဲ့တာကိုပေါ့။မောရှေအချိန်ကာလမှာ သူဘယ်လိုပုန်းကွယ်ခဲ့ တယ်။ ဧလိယနေ့ရက်ကာလတွေမှာ သူကိုသူဘယ်လိုပုံးကွယ်ခဲ့တာယေရှုအချိန်ကာလမှာ သူ့ကိုယ်သူဘယ်လိုပုံးကွယ်ခဲ့ တာတွေပေါ့။ သူကမ္ဘာထဲမှာရှိတယ်။ပြီးကမ္ဘာကို သူကိုယ်တိုင်ဖန်ဆင်းတယ်။ ပြီးကမ္ဘာသူကမ္ဘာသားတွေဟာ သူကိုမသိကြ ဘူး။သူ့ရဲ့ညီကိုတွေဆီကိုလာခဲ့တယ်။ သူ့ရဲ့ညီအစ်ကိုတွေက သူ့ကိုလက်မခံကြဘူး။ တွေ့လား..

68 ၆၈။ သပ်ရပ်ပြီးတော်တဲ့လူတွေ ဉာဏ်ရည်မြင့်မားတဲ့ ဒီကမ္ဘာပေါ်မှာရှိတဲ့လူတွေထံကနေသူကိုယ်သူဖုံးကွယ်ခဲ့တယ်။

သင်ပြောမယ်။ကောင်းပြီး ဒီဟာ ဒေါက်တာသန့်ရှင်းတဲ့ဖာသာတယောက်ပြီးတယောက်တွေပေါ့။ သူဘယ်သူလဲ ဖြစ်ဖြစ် ကျွန်တော်ဂရုမစိုက်ပါဘူး။ ဘုရားသခင်ဟာ သူတို့ထံကနေ သူ့ကိုယ်သူကိုဖုံးကွယ်တယ်။ပြီးကလေးလေးတွေကို ဖွင့်ပြ ခဲ့တာကို ကျွန်တော်တို့လေ့လာနိုင်တယ်(မြင်လား)ဘုရားသခင်ရဲ့ကလေးတွေ ခွဲခန့်မှတ်သားထားတဲ့မျိုးစေ့တွေပေါ့။

စဉ်းစားကြည့်ပါ။ကြီးမြတ်တဲ့ဘုရားရှင် သူ့ရဲ့ကိုယ်ပိုင်နှုတ်ကပတ်တော်ထဲမှာ ထိုင်နေတာကိုဒီခေတ်ကာလရဲ့ စမတ်ကျတော်တဲ့လူတွေ ပညာတတ်တဲ့လူတွေကိုမျက်စိကန်းစေခဲ့တယ်။ ပြီးသူတို့အဲဒါကိုမတွေ့ကြဘူး။ သူတို့ထင်တာက တော့ အဲဒါဟာစွဲမြဲယုံကြည်တဲ့ အယူသည်းတဲ့လူတစုလို့ထင်ကြတယ်။ သူအဲဒီမှာရပ်နေတာကို ပင်တေကုတ္တေတွေနှစ်ခြင်း တွေ မက်သဒစ်တွေပရက်စတီးရီးယန်းတွေကို ဖုံးကွယ်ထားပြီး လူထုတွေကြားမှာသူကိုယ်သူဖွင့်ပြပြီးအရာရာတိုင်းကိုပြ ဆိုတယ်။ သတင်းစာတွေထဲမှာတောင်ဖော်ပြထားတယ်။ ပြီးအဲဒီလိုအရာမျိုးပေ့ါ။ သူတို့အခုထက်ထိ အဲဒါကိုမမြင်ကြဘူး။ အိုးကျွန်တော်တို့ရဲ့ ဘုရားရှင် ဘယ်လောက်ကြီးမားတာသူကိုယ်သူကိုသူဖွင့်ပြဖော်ပြချင်တဲ့လူကိုဘဲ ဖွင့်ပြဖော်ပြပါတယ်။

အိုး သင်ပြောမယ်။ညီအစ်ကိုဂျူန်း ဒါမှမဟုတ် ညီအစ်ကိုတယောက်လောက် သူဟာကြီးမြတ်သူတယောက်ဖြစ် တယ်။ သူအဲဒါကိုမြင်လိမ့်မယ်။ အိုး မဟုတ်ပါဘူး။ သူအဲဒါကို သူအလိုရှိတဲ့လူကိုဘဲသူဖွင့်ပြပါတယ်။ ပြောတယ်။ ကျွန်တော် ရဲ့ဇနီးသည်ကတော့ မမြင်ဘူးသူမဟာခရစ်ယာန်အမျိုးသမီးတယောက်ဖြစ်တယ်။ သူဖွင့်ပြချင်တဲ့လူကိုဘဲ သူ့ကိုသူဖွင့်ပြတယ်။ တွေ့လား။ ကောင်းပြီး။ ကျွန်တော့်သင်းအုပ်ဆရာကတော့ကြီးမြတ်တဲ့လူတယောက်ဖြစ်တယ်။ ဒါမှန်ပါတယ်။ ဒါ ပေမယ့် သူဖွင့်ပြချင်တဲ့လူကိုဘဲသူ့ကိုယ်သူ

ဖွင့်ပြတယ်။ အခုဘာတွေဖြစ်ပေါ်နေတာကို ဖွင့်ပြတာကိုစစ်ဆေးပါ။ ပြီးနောက်မှာ သင်သဘောပေါက်နားလည်လာမယ်။

69 ၆၉။ ပြီးနောက်မှာကျွန်တော်တို့သတိပြုမိတာကတော့ အဲဒါဟာ ဘုရားသခင်ရဲ့စာအုပ်တအုပ်ကိုပြုလုပ်တာပါ။ပြီးလူရဲ့စာအုပ်မဟုတ်ပါဘူး။ လူကပြုလုပ်တာဆိုရင် ...သူ့ကိုယ်တိုင်ကိုဘယ်လိုတိတိကျကျဖော်ပြသလဲဆိုတာ ိကု ကျွန်တော်တို့ကြည့်ကြရအောင်။ အဲဒါကိုရေးတဲ့သူ့ရဲ့အပြစ်ကို ဘယ်လိုဖော်ပြထားသလဲဆိုတာကြည့်ပါ။သူတို့ရဲ့အချိန်ကာလမှာအသက် ရှင်နေထိုင်တဲ့လူတွေကိုသတိပြုပါ။ ဥပမာအားဖြင့်အာဗြဟံကိုပေါ့။ သစ္စာရှိတဲ့လူတို့ခေါ်ဆိုခြင်းခံခဲ့ရတယ်။ သတိပြုပါ ဘယ် လို ... အာဗြဟံဒီစာအုပ်ကို သူကိုယ်တိုင်ကိုက သူ့ရဲဘောကြောင်တဲ့လူသူကိုယ်တိုင်ရေးခဲ့တယ်လို့ သင်ထင်လား။ ဘုရင် တပါးကို ထိုမနက်က သူညီမပါလို့လိမ်ပြောခဲ့တာ တကယ်တော့ သူဇနီးဆိုတာကို သူကိုယ်တိုင်ရေးခဲ့မယ်လို့ သင်ဘယ်လိုထင်ရမလဲ။ သူရဲ့သူရဲဘောကြောင်တဲ့လုပ်ရပ်ကို သူကိုယ်တိုင်ရေးခဲ့မှာလား။ သေချာပါတယ်။သူမရေးခဲ့ပါဘူး။

ယာကုပ်လဲသူ့ရဲ့လိမ်လည်မှုပေါ်မှာဘယ်လိုလဲ။လိမ်လည်သူလေးတယောက်ကတော့ ယာကုပ်ပါဘဲ။ လူတယောက်ဟာဟေဗြဲစာရေးဆရာတယောက်ကသူ့ရဲ့ဟေဗြဲညီအစ်ကိုတယောက်ကနေ ဣသရေလလူမျိုးအားလုံးလို့ခေါ်တာ ကို တနိုင်ငံလုံးရဲ့လိမ်လည်လှည့်ဖျားတဲ့ဖခင်အကြောင်းကို သူရေးရဲမှာလား။ ယာကုပ်ကနေမျိုးနွယ်စုခေါင်းဆောင်တွေ ပေါ်ပေါက်လာတယ်။ မျိုးနွယ်စုခေါင်းဆောင်တွေကနေမျိုးနွယ်စုပေါ်ပေါက်လာတယ်။ ပြီးအားလုံးရဲ့အခြေခံအုတ်မြစ် ကျောက်တုံးဖြစ်ပါတယ်။ ကျမ်းစာတော်မြတ်ကတော့ သူ့ကိုလိမ်လည်လှည့်ဖျားတဲ့လူလို့ခေါ်တယ်။ အဲဒါမှန်သလား။ အဲဒါကို လူရေးတယ်လို့ သင်တို့ထင်သလား။ မဟုတ်ပါဘူး။ ဆရာကြီး။

70 ၇၀။ အကြီးမားဆုံးဆိုရင်ဒီကမ္ဘာပေါ်မှာတောင်မရှိသေးတဲ့ ဘုရင်ရဲ့အကြောင်းကိုရေးခဲ့တဲ့လူတယောက်ကဘယ်လိုလဲသူကတော့ သရဖူဆောင်းတဲ့ဘုရင်ဖြစ်ပါတယ်။ ဒါဝိတ် သူ့ရဲ့သူများသားမယားကိုပြစ်မှားခဲ့တာထိုဂျူးလူမျိုးတွေဟာ သူတို့ရဲ့မြင့်မြတ်တဲ့ဘုရင်သူများသားမယားကိုပြစ်မှားခဲ့တာကို ရေးခဲ့သလား။ အိုကျွန်တော်တို့ဝါရှင်တန်လိုလူမျိုးသမိုင်းမှာ တခါမှမလိမ်လည်ခဲ့ဘူးဘူး။အဲဒီလိုမျိုးပေါ့။ ဒါကို ကျွန်တော်တို့သမိုင်းလို့ခေါ်တယ်။ ဒါပေမယ့်လူတယောက်ဖြစ်တယ် ကျမ်းစာတော်မြတ်ကဒါဝိတ်ကိုသူသားမယားကိုပြစ်မှားတဲ့လူတယောက်လို့ခေါ်တယ်။ ပြီးသူဟာ ဣသရေလလူမျိုးတို့ရဲ့ဘုရင်ဖြစ်တယ်။ သူများသားမယားကိုပြစ်မှားတဲ့လူတယောက်ရဲ့သားဖြစ်လာမယ့် လူတယောက် ... ယေရှုဟာ ဒါဝိတ်ရဲ့သားဖြစ်လာ တယ်။ အဓိကစိုက်ထူတဲ့ကျောက်တုံးပြီး သွေးသားအရ သူ့ရဲ့ဖခင်ဟာ သူများသားမယားကိုပြစ်မှားတဲ့လူတယောက်ဖြစ်နေ တယ်။ဂျူးလူမျိုးတွေဟာ ဒီလိုစာအုပ်မျိုးကိုဘယ်တော့မှ မရေးပါဘူး။ လူတွေဟာဒီလိုမျိုးသူသားရဲ့အကြောင်းကိုရေးမှာ လား။ အသေအချာကိုမရေးပါဘူး။

71 ၇၁။ ထိုမာနကြီးတဲ့ဣသရေလနိုင်ငံ(သူတို့ဘယ်လောက်မာနကြီးသလဲဆိုတာကို သင်တို့သိပါတယ်) မာနကြီးတဲ့ ဣသရေလနိုင်ငံ သူတို့ရဲ့သူများသားမယားကိုပြစ်မှားတဲ့အကြောင်းကို ဘယ်လိုရေးမှာလဲ။ဘုရားသခင်ကိုဆန့်ကျင်တဲ့အကြောင်း သူတို့ရဲ့ညစ်ပတ်ညစ်ပေတဲ့လုပ်ရပ်တွေကိုရေးမှာလား။ စာအုပ်ထဲတအုပ်ထဲမှာရေးမှာလား။ သူတို့ဟာ အဲဒါကိုအမှန်တ ကယ်ကိုဘဲ ဖုံးကွယ်ထားမှာပါ။ သူတို့ရဲ့ကောင်းတဲ့လုပ်ရပ်ကိုဘဲပြမှာပေါ့။ ဒါပေမယ့် ဒီကျမ်းစာတော်မြတ်က ဘာဟာမှန်တယ် ဘာဟာမှားတယ်ဆိုတာကို ပြောထားပါတယ်။ လူတိုင်းသိကြတဲ့အတိုင်းဘဲ ဂျူးလူမျိုးတွေဟာဘယ်တော့မှ ဒီလိုမျိုး သူတို့ရဲ့မသန့်ရှင်းမှုတွေ ပြီးရုပ်တုကိုးကွယ်မှုတွေပြီးကျဆုံးမှုတွေ သူတို့မှာရှိတဲ့အရာတွေကို ဘယ်တော့ရေးမှာမဟုတ်ပါ ဘူး။ သူတို့အဲဒါကို ဘယ်တော့မှမရေးပါဘူး။ အိုး မရေးဘူး ဒါဆိုရင်ဘယ်သူရေးတာလဲ။ ကျမ်းစာတော်မြတ်ကဟေဗြဲ ၁း၁ ထဲမှာပြောခဲ့တယ်။ ရှေးလွန်လေပြီးသောအခါ ပရောဖက်များအားဖြင့်ဘိုးဘေးတို့အား အထပ်ထပ်အနည်းနည်းဗျာဒိတ် ပေးတော်မူသောဘုရားသခင်။ ဒါဆိုရင်ပရောဖက်တွေမဟုတ်ပါဘူး။ သေမျိုးလူတွေမဟုတ်ပါဘူး။ ဘုရားသခင်ဘဲ ရှေးလွန် လေပြီးတဲ့အချိန်ကပရောဖက်တွေမဟုတ်ပါဘူး။ ဒါပေမယ့် ဘုရားသခင်ကိုယ်တိုင်ရှေးလွန်လေပြီးတဲ့အချိန်ကအမျိုးမျိုး သောနည်းမျိုးစုံနဲ့ဘိုးဘေးတို့အား ပရောဖက်ကတဆင့်စကားပြောခဲ့ပါတယ်။ ကျွန်တော်ကျမ်းချက်တွေကို ဒီမှာရေးချထား ပါတယ်။ အဲဒါဘာတွေလဲဆိုတာကိုကျွန်တော်မသိပါဘူး။ အဲဒါကိုမကိုးကားနိုင်ပါဘူး။ ဖြစ်လေ့ဖြစ်ထရှိတာက ဒီအရာတွေကိုကျွန်တော်ရည်ညွှန်းတဲ့အခါ ကျွန်တော်ကျမ်းစာတော်မြတ်ကိုကြည့်ပါတယ်။အဲဒါတို့နဲ့ပတ်သက်လို့ တမိနစ်လောက် ကြည့်ပါ ရစေ။ သင်တို့ ကျွန်တော်ကိုခွင့်ပြုရင်ပေါ့။ အဲဒါက ၂ တိမောသေ ၃း၁၆ ကျွန်တော့်အထင် အဲဒါကိုသတိရမယ်လို့ထင်တယ်။ဒါပေမယ့် ကျွန်တော်ဝမ်းနည်းပါတယ်။ ကျွန်တော်ခဏလောက်ရပ်နားပြီး အဲဒါဘာလဲဆိုတာကိုရှာဖွေဘို့အတွက်ပါ။

72 ၇၂။ ရှေးလွန်လေပြီးသောအခါပရောဖက်များအားဖြင့် ဘိုးဘေးတို့အား အထပ်ထပ်အနည်းနည်းဗျာဒိတ်ပေးတော်မူသောဘုရားသခင် အခု ၂ တိမောသေ ၃း၁၆။ ၃း၁၆ ထဲမှာ ဘာပြောထားသလဲဆိုတာကိုကြည့်ကြရအောင်။

နှုတ်ကပတ်တော်အားလုံး(လေး)ဟာ ဉာဏ်ကွန့်မြူးခြင်းကို (ပရောဖက်လား မဟုတ်ပါဘူး ဘယ်ကညာဘက်ကွန့်မြူးတာလဲ)ဘုရားဆီကပါပြီးသွန်သင်ချက်အတွက် အကျိုးရှိပါတယ်။ ပြီးအပြစ်တင်ခြင်းပြီးအမှားပြုပြင်ခြင်း ပြီးအမှန်တရားကို တည်ဆောက်ပေးပါတယ်။

ဘုရားသခင်ရဲ့လူဟာပြီးပြည့်စုံစွာရပ်တည်ရမယ်။ကောင်းတဲ့လုပ်ရပ်တွေကို အမြဲတမ်းထောက်ပံ့ပေးရမယ်။

ပြီးတော့ကောင်းပါတယ်။ ကျမ်းစာတော်မြတ်တအုပ်လုံးကိုဘုရားသခင်၏ဉာဏ်ကွန့်မြူးခြင်းတန်ခိုးနဲ့ရေးပါတယ်။ ယေရှုဒီကမ္ဘာပေါ်မှာရှိနေစဉ်ကမိန့်တော်မူခဲ့တာက ကောင်းကင်တွေနဲ့မြေကြီးလွင့်ပြယ်ပျောက်ကွယ်သွားသော်လည်း ငါ့ရဲ့နှုတ်ကပတ်တော်က ဘယ်တော့မှမပျောက်ကွယ်ဘူး။ သူမိန့်တော်မူခဲ့တာက နှုတ်ကပတ်တော်တွေဟာပြည့်စုံလာပါမယ်။ ဒါ ကြောင့် ထိုနောက်မှာ ဒီစာအုပ်ဟာ လူတွေရေးသားတာမဟုတ်ပါဘူး။ဘုရားသခင်ရေးသားတဲ့စာအုပ်ဖြစ်ပါတယ်။

73 ၇၃။ အခုကျွန်တော်တို့သိရတာက ဘုရားသခင်ကသူ့ရဲ့အသင်းတော်ကိုရှေးဦးမစွကပင်ခွဲခန့်မှတ်သားထားခြင်းဖြင့် ရွေး ချယ်ခဲ့ပါတယ်။
သူ၏နေရာဒေသ သူရဲ့ပရောဖက်တွေပြီးအားလုံးနဲ့ပတ်သက်လို့ဘဲပေ့ါ။
သူ၏ကြိုတင်သိရှိခြင်းအားဖြင့်သူ့ရဲ့ပရောဖက်တွေကိုခွဲခန့်မှတ်သားထားခဲ့ပါတယ်။
ပြီးအဲဒီအချိန်ကာလရောက်လာရင်သူ့ရဲ့ပရောဖက်ကိုရောက်ရှိလာ စေပြီး သူအားဖြင့်
သူ၏ကျမ်းစာတော်မြတ်ကိုရေးသားဘို့ဉာဏ်တော်ကွန့်မြူးစေခဲ့ပါတယ်။ အခု ဘုရားသခင်ကျမ်းစာတော်မြတ်ကိုရေးသားခဲ့တာ
သူ၏ပရောဖက်တွေကို အသုံးပြုရေးသားခဲ့ပါတယ်။ ဒါဟာသူရဲ့ပြုလုပ်တဲ့နည်းလမ်းဖြစ်ပါတယ်။ ဒါ ကြောင့်တွေ့လား။
ဒါဟာဘုရားသခင်ရဲ့နှုတ်ကပတ်တော်ဖြစ်ပြီး လူရဲ့ရေးသားထားတဲ့ စကားမဟုတ်ပါဘူး။

74 ၇၄။ ဘုရားသခင်ဟာပုဂ္ဂိုလ်တပါးဖြစ်ပါတယ်။ ဘုရားသခင်စကားပြောနိုင်တယ်။ ဘုရားသခင်ပြောနိုင်ပါတယ်။ဘုရား
သခင်စာရေးနိုင်ပါတယ်။ ထိုနည်းနဲ့ပြုလုပ်ဘို့ရန်မဟုတ်ပါဘူး။ ဒါပေမယ့်အဲဒီနည်းဟာ သူရွေးချယ်ထားတဲ့နည်းလမ်းဖြစ်ပါ တယ်။
သူအဲဒီနည်းနဲ့ပြုလုပ်ဘို့မလိုပါဘူး။ဒါပေမယ့် အဲဒီနည်းနဲ့ပြုလုပ်ဘို့ရွေးချယ်ခဲ့တာပါ။ အခု သင်ပြောတယ်။ ဘုရား
သခင်သူ၏လက်ချောင်းနဲ့ရေးတယ်။ သူ၏ကိုယ်တိုင်တည်ကြည်ခန့်ညားတဲ့လက်ချောင်းနဲ့ ပညတ်တော် ၁၀ပါးကိုရေးသား ခဲ့ပါတယ်။
ဒါကြောင့် ဘုရားသခင်အလိုတော်ရှိခဲ့ရင် သူကိုယ်တိုင်ရေးနိုင်ပါတယ်။တွေ့လား။ ဒါပေမယ့် ပရောဖက်တွေက နေတဆင့်
ရေးဘို့ဘဲရွေးချယ်ခဲ့တယ်။ (တွေ့လား )အကြောင်းကတော့ ဒါဟာသူရဲ့အတွေးတွေ သူ့ရဲ့နှုတ်ကပတ်တော် ဖြစ် တယ်။ အဲဒီဒါတွေက
တဆင့်သူဖော်ပြတယ်။ အရာအားလုံးကိုအစိတ်အပိုင်းတခု သူ့ရဲ့အစိတ်အပိုင်းကိုပြုလုပ်ခဲ့တယ်။တွေ့ လား။
သူ့ရဲ့လက်ချောင်းတွေနဲ့ရေးနိုင်တယ်။ သူလက်ချောင်းကိုအသုံးပြုပြီးဗာဗုလုံရဲ့နံရံပေါ်မှာရေးသားခဲ့တယ်။
သင့်ကိုချိန်ခွင်ထဲထည့်ချိန်သော်လည်းဘာအလေးချိန်ကိုမှမတွေ့ရတော့ဘူး။ သူ၏ကိုယ်တိုင်လက်ချောင်းနဲ့ရေးခဲ့တယ်။

75 ၇၅။ ဘုရားသခင်စကားပြောနိုင်တယ်။ဘုရားသခင်စကားပြောနိုင်တာကို သင်ယုံကြည်သလား။ သူမောရှေကို စကား
ပြောခဲ့တာတောင်ပေါ်က တောက်လောင်နေတဲ့ချုံပုတ်တခုထဲကဖြစ်တယ်။ အဲဒါကိုယုံလား။ ကောင်းပြီ။ဆရာကြီး။ သူ
ယောဟန်ကိုဂျိုးငှက်သဏ္ဍာန်နဲ့စကားပြောခဲ့တယ်။ အဲဒါကိုယုံသလား။ပြောခဲ့တယ်။ သူဟာ ငါ့ရဲ့ချစ်သားဖြစ်ပါတယ်။ သူ့ရဲ့ အထဲမှာနေရတာ
ပျော်ရွှင်ပါတယ်။ သူသူ့ကိုစကားပြောခဲ့တယ်။ သူယေရှုကိုသဏ္ဍာန်တော်ပြောင်းလဲတဲ့တောင်ပေါ်
ပေတရုယာကုပ်နဲ့ယောဟန်မျက်နှာမျက်မှောက်မှာစကားပြောခဲ့တယ်။ သူစကားပြောနိုင်တယ်။သူဟာဆွံ့အတဲ့တယောက်မဟုတ် ပါဘူး။
ဘုရားသခင်စကားပြောနိုင်တယ်။ ဒါကြောင့်သဏ္ဍာန်တော်ပြောင်းလဲသွားတဲ့တောင်ပေါ်မှာ ယေရှုနဲ့စကားပြောခဲ့ တယ်။
ပြီးသူ့လူအများရဲ့ရှေ့မှာ ယေရှုနဲ့စကားပြောခဲ့တယ်။ လူတွေကပြောခဲ့ကြတယ်။အဲဒါမိုးကြိုးသံဘဲ။ ဒါပေမယ့် ဒါ
ဟာဘုရားသခင်ယေရှုနဲ့စကားပြောနေတယ်။ ပြီးမဿဲ မာကုလုကာနဲ့ရောနီးဟာ ယေရှုစကားပြောနေတာဖြစ်ပါတယ်။ သူ
ဟာဘုရားဖြစ်ပါတယ်။ သူဟာဘုရားဖြစ်ပါတယ်။ဒါကြောင့်ဘုရားသခင်စကားပြောနိုင်ပါတယ်။

76 ၇၆။ တနေ့တုံးကသူ့ရဲ့လက်ချောင်းတွေနဲ့ သဲပေါ်မှာစာရေးခဲ့တယ်။ သူစကားပြောခဲ့တယ်။ သူတရားဟောခဲ့တယ်။သူ
ကိုယ်တိုင်ရဲ့နှုတ်ဖျားနဲ့ ပရောဖက်ပြုခဲ့တယ်။ ဘုရားသခင်ပြုလုပ်ခဲ့တယ်။သူသွေးသားကိုခံယူပြီး ကျွန်တော်တို့တောထဲ လာ နေတဲ့အခါမှာ
ဘုရားသခင်ဟာအသွေးအသားအားဖြင့် ကိုယ်ထင်ပြခဲ့တယ်။ တကယ်လို့ သူစာရေးနိုင်တယ်။ စကားပြော နိုင်တယ်။ ဆိုရင်
သူတခြားလူတွေကိုလဲဘာလုပ်ရမလဲဆိုတာကို မပြောနိုင်ဘူးလား။ အမှန်တကယ်ကိုပြောနိုင်တယ်။
သူဟာသူတို့ကိုလူ့အသံနဲ့စကားပြောနိုင်ပါတယ်။ သူစာနဲ့ရေးပြီး သူတို့ဘာလုပ်ရမလဲဆိုတာကိုပြနိုင်တယ်။သူအဲဒါကိုပြု လုပ်ခဲ့တယ်။
ဘုရားသခင်ဟာ ဟိုးလွန်လေပြီးခဲ့တဲ့အချိန်တွေတုံးကပရောဖက်ကတဆင့် အမူအယာအမျိုးမျိုးတို့ဖြင့် ဘိုး ဘေးတွေကိုစကားပြောခဲ့တယ်။
ပြီးသူဒီရေးသားချက်တွေဟာ အစက်တစက်ဒါမှမဟုတ် အသေးဆုံးအစအနမှ မပြည့်စုံမ ခြင်းမလွင့်ပျယ်သွားဘူး။ပြီးအဲဒါပေါ်ထွက်လာတယ်။
နောက်မှာလွင့်ပြယ်သွားမယ်။ ဘာကြောင့်လဲဆိုရင်ပေါ်ထွက်လာပြီ တဲ့အတွက်ကြောင့်ဖြစ်တယ်။ ပြီးအဲဒါမလွင့်ပျယ်တော့ဘူး။
ဒါပေမယ့်နှုတ်ကပတ်တော်ကိုယ်တိုင်အသွေးအသားခံယူခဲ့သလို ပေ့ါ။ Jot ရဲ့ အဓိပ္ပါယ်ကတော့သေးငယ်တဲ့စာလုံးလေးဖြစ်ပါတယ်။
Tittleအဓိပ္ပါယ်ကတော့ သေးငယ်တဲ့အမှတ်အသားဖြစ် ပါတယ်။ ပုဒ်ဖြတ်ပုဒ်မတခု ဖော်ပြချက်တခုအရာတခုမှ
ဘုရားသခင်ရဲ့နှုတ်ကပတ်တော်တွေတောင်မှ မကျရှုံးရဘူး။ အဲဒါမကျရှုံးနိုင်ဘူး။ အကြောင်းကတော့ အဲဒါဘုရားရှင်ဖြစ်ပါတယ်။

ဘုရားသခင်ကသူကိုယ့်ကိုအသွေးအသားအားဖြင့် ဖော်ပြပါတယ်။ အကြောင်းကတော့ ဘုရားသခင်ကိုယ်တိုင်စာလုံးတွေ
သဏ္ဍာန်နဲ့ဖြစ်ပါတယ်။ ပရောဖက်သဏ္ဍာန် အသွေးအသားအားဖြင့်ဖော်ပြပါတယ်။ အခုထိုအကြောင်းကြောင့် ယေရှုပြောနိုင်ခဲ့တယ်။ သင်တို့ကို
စကားပြောတဲ့လူတွေကိုသင်တို့က ဘုရားတွေလို့ခေါ်တယ်။ သူတို့က သင်တို့အား ဘုရား သခင်၏နှုတ်ကပတ်တော်အားဖြင့်ပြောခဲ့တယ်။
ပြောခဲ့တယ်။ ပြီး သူတို့ဟာ ဘုရားတွေဖြစ်ကြတယ်။ ထိုပရောဖက်တွေဟာဘုရားသခင်ဝိညာဉ်တော်နဲ့ဘိသိက်ပေးခဲ့တဲ့အခါမှာ
သူတို့ဟာဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကိုအတိအကျယူ ဆောင်လာပြီး နောက်မှာ သူတို့ဟာဘုရားတွေဖြစ်ကြတယ်။
ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ဟာ သူတို့ကတဆင့်ပြောခဲ့ ကြတယ်။

77 ၇၇။ သူတို့ဟာရေးသားတဲ့လူရဲ့ခွင့်ပြုချက်အရ အနက်ဖွင့်ရမယ့်အတိုင်းကိုဘဲ အနက်ဖွင့်ခဲ့ကြတယ်။ အခုသင်တို့အဲဒါ
ကိုရှာဖွေတွေ့ရှိချင်ရင် အဲဒါဟာ ၂ ပေတရု ၁ နဲ့ ၂၀ နဲ့ ၂၁ ဖြစ်ပါတယ်။ကောင်းပြီး။ ဘုရားသခင်ဘယ်မှာလဲ ... ပြင်ပလူ
တွေရဲ့အနက်ဖွင့်တာမဟုတ်ပါဘူး။သူကိုယ်တိုင် သူအနက်ဖွင့်ပါတယ်။ ဘုရားသခင်စကားပြောပြီး သူကိုယ်တိုင်အနက်ဖွင့်ပါတယ်။
သူဖွင့်ပြချင်တဲ့လူကိုဖွင့်ပြပါတယ်။ အခြားလူတွေကို ဖုံးကွယ်ထားပါတယ်။သူအလိုတော်မရှိဘဲနဲ့ ဘယ်သူတဦး တယောက်ကိုမှ မဖွင့်ပြပါဘူး။
သူနဲ့ပတ်သက်တဲ့အရာအားလုံးကို ကျမ်းစာတော်မြတ်ထဲမှာဖော်ပြထားပါတယ်။ ဒါကြောင့်အရာရာတိုင်းကို အသိပေးဖော်ပြခဲ့ပြီးဖြစ်ပါတယ်။
သူအဲဒီမှာထိုင်နေပြီးဘာဖြစ်လာမလဲဆိုတာကို စောင့်ကြည့်နေပါတယ်။ သူပြုလုပ်ခဲ့တဲ့ ကိုယ်ခန္ဓာကို အခုလေးတင်သူရဲ့သတိုးသမီးသဏ္ဍာန်နဲ့
နောက်တဖန် ပြန်လာတာကိုတွေ့ရတယ်။ ကောင်း ပြီး။

78 ၇၈။ ယုံကြည်သူတွေဟာအဲဒါကိုယုံကြည်တယ်။ အာဗြဟံအရာတွေကိုမရှိခဲ့သလို ဆန့်ကျင်ဘက်ခေါ်ဆိုခဲ့တယ်။

အဲဒီအရာဟာလဲဘဲဒီနှုတ်ကပတ်တော် နှလုံးသားရဲ့လျှို့ဝှက်ချက်ကိုသိနိုင်တယ်။ ဟေဗြဲ ၄း၁၂ ဧင်းဟာနှလုံး သားထဲက လျှို့ဝှက်ချက်တွေကိုဖော်ထုတ်သိနိုင်တယ်။

79 ၇၉။ ပရောဖက်တွေဟာအမြဲတမ်းဘဲ သူတို့ဘာရေး သူတို့ဘာပြောတာလဲဆိုတာကို နားမလည်ကြဘူး။ ဒါမှမဟုတ်သူတို့အဲဒါကိုပြောခဲ့တာမဟုတ်ဘူး။ သူတို့အဲဒါကိုနားလည်သဘောပေါက်ခဲ့ရင်ပေါ့။ဒါပေမယ့် ကျမ်းစာတော်မြတ်က သူတို့ဟာသန့်ရှင်းသောဝိညာဉ်တော်အားဖြင့်သာလှုပ်ရှားကြပါတယ်။ လှုပ်ရှားတယ်။သန့်ရှင်းသောဝိညာဉ်တော်က သင့်ကို လှုပ်ရှားတဲ့အခါ သင်လှုပ်ရှားပါတယ်။ လူ ... ဘုရားသခင်ဟာ ရှေးလွန်လေပြီးသောအချိန်တွေကအမျိုးမျိုးသောအမူအရာ တော်နဲ့ ပရောဖက်တွေကိုစကားပြောခဲ့တာသူတို့ဟာသန့်ရှင်းသောဝိညာဉ်တော်အားဖြင့် လှုပ်ရှားစေခဲ့ပါတယ်။ ဒါကြောင့်ကာလအချိန်အားလုံးမှာ ဝိညာဉ်ရေးနဲ့ပြည့်ဝသူတွေဟာ အရှိန်အဝါနဲ့ဘာတွေဖြစ်ပေါ်လာမလဲဆိုတာကိုပရောဖက်တွေနဲ့ တိုင်ပင်ကြပါတယ်။ ပရောဖက်စကာရေးသူတွေဟာအစဉ်အမြဲဘဲစာရေးဆရာဘုရားရှင်နဲ့မိတ်ဖွဲ့ရပါမယ်။ တွေ့လား။ သူတို့ဟာစာရေးဆရာဘုရားရှင်ရဲ့မျက်မှောက်မှာအမြဲတမ်းနေထိုင်ရမှာကတော့ ဒီစာအုပ်ကျမ်းစာဟာဘယ်လိုဖြစ်ပေါ်လာမလဲဆိုတာကိုသိရဘို့အတွက်ပါဘဲ။ တွေ့လား။ ပရောဖက်စာရေးဆရာဟာစာရေးဖေါင်တိန်ကိုအမြဲတမ်းဘဲ ဆောင်ထားရ မှာပါ။ အမြဲတမ်းဘဲစာရေးဆရာဘုရားနဲ့မိတ်ဖွဲ့ရမှာပါ။ အဲဒါဟာ ဘုရားသခင်ဖြစ်ပါတယ်။သူမွက်ဆိုတဲ့အရာတိုင်းကိုရေး ချရမှာပါ။ တွေ့လား။ သူဘယ်လိုမျိုးအသက်တာရှိတာကိုပြရမှာ .... သူ့ရဲ့ညီအစ်ကိုတွေနဲ့သီးသန့်ခွဲခြားထားတဲ့အသက် တာပေါ့။

80 ၈၀။ အခုဒါကြောင့်ဘဲ ပရောဖက်တွေဟာ သူတို့ရဲ့စိတ်အာရုံကိုအမြဲတမ်းဘဲဘုရားသခင်ဘာပြောခဲ့သလဲဆိုတာကို အာရုံစိုက်ရမယ်။ လူ့ရဲ့အတွေးတွေ ခေတ်ကာလရဲ့အတွေးအသင်းတော်ရဲ့အတွေး နိုင်ငံတော်ရဲ့အတွေးတွေမဟုတ်ရ ဘူး- ဘုရားသခင်ရဲ့အတွေးသာဖြစ်ရမယ်။ ဘုရားသခင်ဖော်ပြတဲ့ သူ့ရဲ့စကားကိုဘဲဖော်ပြရမယ်။ အကြောင်းကတော့ နှုတ် ထွက်စကားတခုဟာအတွေးတခုကိုဖော်ပြလိုက်တာပါဘဲ။ သင်တို့အခုသဘောပေါက်ပြီလား။ နှုတ်ထွက်စကားဟာ အတွေးတခုကိုဖော်ပြတာဘဲဖြစ်ပါတယ်။ ဒါကြောင့် ပရောဖက်ဟာဘုရားသခင်၏အတွေးကိုစောင့်မျှော်နေတာပါ။ ပြီးဘုရားသခင် က သူ၏အတွေးကိုသူ့အားဖွင့်ပြပါတယ်။ သူ့ရဲ့ဖော်ပြချက်က နှုတ်မြွတ်စကားနဲ့ဖြစ်ပါတယ်။ ဘုရားသခင်ဒီလိုမိန့်တော် မူတယ်။ (တွေ့လား ပရောဖက် ဒီလိုမိန့်ခဲ့တယ် မဟုတ်ပါဘူး။ ကိုယ်တော်ဒီလိုမိန့်တော်မူခဲ့ပါတယ်။ တွေ့လား ကောင်းပြီး။)

ဒါကြောင့်သူတို့နိုင်ငံတော်တွေနဲ့ အသင်းတော်ကာလတွေကို ဖြောင်တော်လှန်ဆန့်ကျင်တာတွေကိုထိုအချိန်တုံး ကပြုလုပ်ရင် အဲဒါသေခြင်းနှုတ်ခမ်းဝဘဲ ဘုရင်ရဲ့မျက်မှောက်ကိုသွားပြီးဒီလိုနဲ့ ဒီလိုမျိုးဖြစ်လာလိမ့်မယ်လို့ ကိုယ်တော်ရှင် ဒီလိုမိန့်ဆိုခဲ့တယ်။ပြောခဲ့မယ်ဆိုရင် သင့်ရဲ့ဦးခေါင်းကိုဖြတ်ခံရလိမ့်မယ်။ ဒီလိုမျိုးလုပ်ရင်အသင်းတော်ကာလလည်း ဒီလို လုပ်တဲ့အတွက် သင့်ကိုသေမိန့်ပေးလိမ့်မယ်။ ဒါပေမယ့်ဒီပရောဖက်တွေဟာ ရဲရင့်ကြတယ်။ ဘာကြောင့်လဲ။ သူတို့ဟာသန့်ရှင်းသောဝိညာဉ်တော်အားဖြင့် လှုပ်ရှားသွားလာလို့ဖြစ်တယ်။ (တွေ့လား။ ဒါကြောင့်သူတို့ဟာရဲရင့်လာကြပါတယ်။ ပြီး သူတို့ဟာ မမှားမယွင်းနိုင်တဲ့ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကိုရေးသားခဲ့ကြတယ်။)

81 ၈၁။ ပရောဖက်တွေလိုကြိုးစားပြီးဟန်ဆောင်ကြတဲ့လူတွေအများကြီးရှိတယ်။ တရားဟောဆရာတွေလို ဒါမှမဟုတ် အဲဒီလိုမျိုးတို့ပေါ့။ ပြီး သူတို့ဘာလုပ်ကြသလဲ။ ရောထွေးရှုတ်ထွေးခဲ့တယ်။ ဒါပါဘဲ။သူတို့မလုပ်နိုင်ခဲ့ဘူး။ အကြောင်းကတော့ အဲဒီခေတ်ကာလအတွက်ဘုရားသခင်လူတယောက်ကိုရွေးချယ်ခဲ့လို့ဘဲ။ ပြီး သတင်းစကားကိုလဲရွေးချယ်ခဲ့တယ်။ပြီးအဲဒီ လူရဲ့သဘာဝကိုလဲဘဲပေါ့ ပြီးထိုကာကိုဘယ်လိုကျော်လွှားရမလဲဆိုတာကိုပေါ့။သူဘာတပ်ဆင်ရမလဲ။ သူဘယ်လို ... ထို သေချာတဲ့လူရဲ့သဘာဝနဲ့ပေါ့။ သူတခြားလူတွေရဲ့မျက်စိကိုတော့ကန်းစေလိမ့်မယ်။ အဲဒီလူပြောရမယ့်စကား ဘယ်လို နည်းလမ်းတွေပြုမူရမယ်။ တချို့လူတွေကိုမျက်စိကန်းစေပြီး တချို့လူတွေရဲ့မျက်စိကိုဖွင့်ပေးတယ်။ တွေ့လား။ သူဝတ်ဆင်တဲ့ပုံစံနဲ့ သူအဲဒီလို လူကိုပြင်ဆင်ပေးတယ်။ သဘာဝအောင်မြင်တိုးတက်ချင်စိတ်ပြီးအရာရာတိုင်း သူဖြစ်ချင်တဲ့နည်း လမ်းတွေအတိုင်းဘဲပေါ့။ အတိအကျကိုရွေးချယ်ခဲ့တဲ့ယုံကြည်စိတ်ချရတဲ့ လူတွေကို အဲဒီယုံကြည်စိတ်ချရတဲ့ခေတ်ကာလ အတွက်ဖြစ်ပါတယ်။ တခြားလူတွေမတ်တပ်ရပ်စဉ်မှာ ပြီး သူကိုကြည့်တယ်။ ပြီးပြောတယ်။ ကောင်းပြီငါမလုပ်နိုင်ဘူး ... ဟိုမှာ ...ငါမလုပ်နိုင်ဘူး .. သင်မြင်ပါတယ်။ သူတို့ဟာမျက်စိကန်းနေကြတယ်။

82 ၈၂။ ယေရှုကအဲဒီနည်းလမ်းအတိုင်းဘဲ လာခဲ့ပါတယ်။ ဝတ်ဆင်ထားခဲ့တယ် ... မသေနိုင်တဲ့ဘုရားသခင်ဟာ လူ့အ သွေးအသားကိုယူတင်ဝတ်ဆောင်တယ်။ပြီးအကြောင်းကတော့ သူဟာနွားစာခွက်ထဲမှာမွေးဖွားခဲ့တယ်။ နွားတင်းကုတ်တခုထဲမှာနွားချေးတွေနဲ့ပြည့်နေတယ်။ သူခေါင်းချစရာနေရာတခုမဟုတ်ဘူး။ မွေးဖွားခဲ့တယ်။စဉ်းစားပါ။ သူ ... မိမစစ် ဖမစစ်နာမည်နဲ့သူကိုတွဲဖက်ထားတယ်။ မြင်လား။ ဒီအရာတွေအားလုံး သူမှာရှိခဲ့တယ်။ ပြီးဘယ်လိုလက်သမားတယောက် ရဲ့သားလိုကြီးပြင်းခဲ့ရာတာလဲ။ သူဘယ်ကျောင်းမှမနေခဲ့ရဘူး။ပိုပိုသာသာ ဒါမှလျော့နဲတာကို ဒီကမ္ဘာထဲမှာ လောကီရဲ့ ပညာရပ်တွေ အဲဒါတွေနဲ့သူဘာမှလုပ်လို့မရခဲ့ပါဘူး။ ဒီကမ္ဘာရဲ့ယဉ်ကျေးတိုးတက်မှု ပညာရေး ဒါမှမဟုတ်အရာရာတိုင်းနဲ့ ဝိရောဓိဖြစ်နေမယ်။ တကယ်လို့ သူဟာကျမ်းစာသင်ကျောင်းကိုသွားပြီးကမ္ဘာ့အသင်းတော်တွေရဲ့လုပ်ဆောင်ချက်တွေကို တချို့ကိုလေ့လာမယ်ဆိုရင် ဘာကြောင့်လဲ။ အဲဒါမဖြစ်နိုင်တဲ့တိုင် ... သူ့ရဲ့နားလည်သဘောပေါက်မှုတွေနဲ့တူညီနေမှာမ ဟုတ်ပါဘူး။ အကြောင်းကတော့ သူဟာဘုရားဖြစ်တယ်။ ဒါကြောင့် ပညာရေးကျောင်းပညာကိုသင်ယူခြင်း ဓမ္မကျောင်းတွေ ပြီး အဲဒီအရာတွေဟာ အမှန်တကယ်ကိုဘုရားသခင်ရဲ့သဘောတော်နဲ့ဆန့်ကျင်နေမှာပါ။ ပညာရေးရဲ့လုပ်ထုံးလုပ်နည်း တခုလုံးဟာဘုရားသခင်နဲ့ဆန့်ကျင်နေတယ်။ အရာရာတိုင်းကိုသွန်သင်နေတာဟာဘုရားသခင်နဲ့အချိန်တိုင်းဝေးကွာစေ တယ်။ ကျွန်တော်လူတယောက်ပြောတာ သူဟာ Ph.D, L.L.Q တယောက်ဖြစ်တယ်လို့ကြားရတဲ့အခါကျွန်တော့်အတွက် တော့ သူဟာဘုရားသခင်နဲ့ပိုဝေးသွားစေတယ်။ တွေ့လား။

သူ့ကိုယ်သူအခုပညာတတ်တယောက်ပြုလုပ်ခဲ့တာဟာ သူကို ခေါ်ဆိုခြင်းခံရတာနဲ့ပိုဝေးသွားစေတယ်။ဒါအမှန်ပါဘဲ။

သတိပြုပါ။ အခုသူတို့ဘယ်လိုသန့်ရှင်းသောဝိညာဉ်တော်အားဖြင့် လှုပ်ရှားသွားလာနေတာကိုဘဲ။

83 ၈၃။ အခုပညာတတ်တွေ မဝင်လာဘူးလို့ ဆိုလိုတာမဟုတ်ပါဘူး။ ရှင်ပေါလုကိုကြည့်ပါ။ ကျွန်တော့်အထင်တော့သူ့ရဲ့ အချိန်တုန်းက ရှင်ပေါလုလောက်တော်တဲ့လူတယောက်မှမရှိဘူး။သူဟာတားစပ်မြို့ကရှောလုဖြစ်ပါတယ်။ သူဟာ ဂမေး လီးယားရဲ့လက်အောက်မှပညာတတ်ခဲ့ပါတယ်။ကြီးမြတ်တဲ့ဆရာတွေထဲက တယောက် အဲဒီအချိန်တုံးက ကြီးမြတ်တယ်။ စည်းမျဉ်းတင်းကျပ်တဲ့ဟေဗြဲ ဂိုဏ်းဂဏရဲ့ဖါရိရှဲတယောက် ပြီးပေါလုဟာသူ့ရဲ့လက်အောက်မှာကြီးပြင်းလာခဲ့ရပါတယ်။ သူဂျူးလူမျိုးတွေရဲ့ဘာသာရေးအားလုံးကိုသိပါတယ်။ ဒါပေမယ့် သူအသင်းတော်ကိုလာတဲ့အခါသူပြောခဲ့တယ်။ ငါဘယ် တော့မှသင်တို့ဆီကိုလူတွေရဲ့ကပညာရေးအစရှိသည်တို့နဲ့လာခဲ့တာမဟုတ်ပါဘူး။ အကြောင်းကတော့အဲဒီလိုလုပ်ခဲ့ရင် သင်တို့အဲဒါကိုဘဲယုံကြည်ကြမယ်။ ဒါပေမယ့်ငါသင်တို့ဆီကိုသန့်ရှင်းသောဝိညာဉ်တော်ရဲ့ တန်ခိုးနဲ့သက်သေခံအဖြစ်နဲ့ လာခဲ့တာသင်တို့ရဲ့ယုံကြည်ချက်ဟာ ဘုရားသခင်အပေါ်မှာရှိတဲ့ သင့်ကိုအဲဒီမှာဘဲ ဒါအမှန်ဘဲ။

84 ၈၄။ လူတွေဟာဒီလူတွေကို အတုခိုးချင်တယ်။ ဒါပေမယ့် ယနေ့ခေတ်လိုဘဲ သူတို့ရရှိတဲ့အရာတွေကအကုန်လုံးရောထွေးရှုတ်ထွေးကုန်ကြတယ်။

ယေရှုခရစ်တော်မတိုင်မှီလူတယောက်ပေါ်လာပြီး လူ ၄၀၀ စည်းရုံးနိုင်ခဲ့တယ်။ ကျမ်းစာတော်မြတ်ထဲက ဒီအကြောင်းတွေကို ဖတ်ရတယ်။ အချိန်မတိုင်မှီ အဲဒါကိုကြိုးစားလုပ်ဆောင်ကြတယ်။ပြီးတချို့လူတွေက သူ့ကိုအတုခိုးတုပ ချင်ကြတယ်။ ပြီးသူတို့တွေဟာ ဒီဟာ ဟိုဟာ နဲ့တခြားတယောက်တွေဖြစ်ကြတယ်။ ပြီးသူမိန့်တော်မူခဲ့တယ်။ နောက်ဆုံး သောကာလမှာသူတို့မှားယွင်းတဲ့ ခရစ်တော်ကိုပေါ်ပေါက်စေတယ်။ ပြီးမိစ္ဆာပရောဖက်ပြီးနိမိတ်လက္ခဏာတွေနဲ့ အံ့ဘွယ် တွေပြလိမ့်မယ်။ ကျွန်တော်တို့မှာအဲဒါတွေအားလုံးရှိနေကြပြီး တွေ့လား။ ဒါပေမယ့် အစစ်အမှန်ကိုတော့ ဖယ်ထုတ်လို့မရနိုင်ပါဘူး။ အဲဒီလိုလုပ်ခြင်းအားဖြင့် အစစ်အမှန်ကို ပိုပြီးတောက်ပစေခဲ့တယ်။အကြောင်းကတော့ ကျွန်တော်တို့စစ်မှန်တဲ့ ခရစ်တော်ရှိနေတယ်။ မှားယွင်းတဲ့တယောက်မဟုတ်ပါဘူး။

85 ၈၅။ အခုအခု ကျွန်တော်တို့သိရတာကတော့ ဘုရားသခင်သူ့ရဲ့ပရောဖက်တွေကို ပို့ဆောင်ခဲ့တယ်။သူ့ရဲ့နှုတ်ကပတ် ကို လူတွေဆီကိုပို့ဆောင်တဲ့နည်းလမ်းဘဲဖြစ်ပါတယ်။ ပြီးသတိပြုပါ။ သင်သိပါတယ်။ မောရှေပြောခဲ့တယ်။အဲဒါကို သင်တို့ ဖတ်ချင်ရင် … ထွက်မြောက်ရာကျမ်းအခန်းကြီးလေးပြီးအခန်းငယ်တစ်ဆယ်နဲ့တစ်ဆယ်နှစ်ဖြစ်ပြီးမောရှေပြောခဲ့တာက ဘုရားသခင်သူ့ကိုစကားပြောခဲ့ပါတယ်။ ဘုရားသခင်ဟာလူတယောက်ကိုနှုတ်ခမ်းကနေနားဆီကိုပြောပါတယ်။ ပြီးသူ ပြောတာက …. ကျွန်တော်စကားထစ်ပါတယ်။ မောရှေပြောခဲ့တာကကျွန်တော်မထိုက်တန်ပါဘူး။ ကျွန် ကျွန် ကျွန်တော် မ သွားနိုင်ပါဘူး။

သူမိန့်တော်မူခဲ့တာကလူတယောက်ကိုစကားပြောနိုင်အောင် ဒါမှမဟုတ် ဆွံ့အအောင်ဘယ်သူလုပ်တာလဲ။ သူ့ကိုမြင်နိုင်အောင် ဒါမှမဟုတ်ကြားနိုင်အောင် ဘယ်သူလုပ်တာလဲ။ ငါ ကိုယ်တော်ရှင်လုပ်ခဲ့တာမဟုတ်လား။ပြောခဲ့တယ်။ ငါ မင်းရဲ့ပါးစပ်နဲ့အတူရှိမယ်။ တွေ့လား။ ဒါကြောင့် …..

ပြီးယေရမိပြောခဲ့တာက- အဲဒါကို သင်ဖတ်ချင်ရင် ယေရမိ ၁း၆ မှာယေရမိပြောခဲ့တာကတော့ ဘုရားသခင်ဟာ စကားတွေကိုငါရဲ့ပါးစပ်ထဲမှာထည့်ပါတယ်။ တွေ့လား။ သူပရောဖက်တယောက်ကိုနှုတ်ခမ်းမှတဆင့်နားကိုပြောပြီး အ ခြားပရောဖက်ကတဆင့်စကားပြောခဲ့တယ်။ သူမှာထိန်းချုပ်မှုမရှိဘဲသူ့ရဲ့နှုတ်ခမ်းနဲ့စကားပြောခဲ့တာမဟုတ်ပါဘူး။

86 ၈၆။ သူ့ရဲ့နှုတ်ကပတ်တော်ကိုပြောဘို့ရန်သူမှာနည်းလမ်းတွေရှိပါတယ်။ သင်သိပါတယ်။ ဟုတ်ကဲ့ ဆရာကြီး။

ဒါကြောင့်ကျမ်းစာတော်မြတ်ဟာ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ဖြစ်တယ်ဆိုတာကို တွေ့ရပါတယ်။ လူတွေရဲ့စကားမဟုတ်ပါဘူး။ မောရှေပြောခဲ့တယ်။ ဘုရားသခင်ဟာကျွန်တော့်ကိုအသံတော်တခုနဲ့စကားပြောခဲ့တယ်။ ပြီး ကျွန်တော် သူ့ကိုကြားရတယ်။ ကျွန်တော်သူပြောခဲ့တာကို ရေးမှတ်ခဲ့ပါတယ်။

ယေရမိပြောခဲ့တယ်။ငါစကားပြောခဲ့တာမဟုတ်ပါဘူး။ ပြီးပထမဦးဆုံးသင်သိတဲ့အရာက ငါ့ရဲ့နှုတ်ခမ်းက စကားပြောနေတယ်။ ပြီး ကျွန်တော်ရေးနေခဲ့တယ်။ ဘုရားသခင်ဟာ ယေရမိရဲ့နှုတ်ခမ်းအားဖြင့်စကားပြောခဲ့တယ်။ ပြီးအဲဒီအ တိုင်းကိုဖြစ်လာခဲ့တယ်။ ဒံယေလ၊ ဟေရှာယနဲ့အစရှိတဲ့လူတွေပေါ့။ ထိုပရောဖက်တွေဟာ အတူတူလောက်ပါဘဲ။

87 ၈၇။ သင်သိပါတယ်။ဓမ္မဟောင်းတခုထဲမှာဘဲ အကြိမ် ၂၀၀၀ ကျော်လောက်ပရောဖက်တွေပြောခဲ့တယ်။ ကိုယ်တော်ဒီလိုမိန့်တော်မူတယ်။ အခု လူတယောက်ကပြောခဲ့ရင် ကိုယ်တော်ဒီလိုမိန့်တော်မူတယ်။ ဒါဟာလူစကားပြောတာမဟုတ်ပါ ဘူး။ တကယ်လို့ သူဟာ သူပရောဖက်တယောက်မဖြစ်ခဲ့ရင်သူဟာကြောင်သူတော်ကြွက်သူခိုးတယောက်ဖြစ်မယ်။ တွေ့ လား။ ဘာကြောင့်လဲဆိုရင်တော့အဲဒါဟာ ဘယ်တော့မှဖြစ်ပေါ်လာမှာမဟုတ်ပါဘူး။ အကြိမ်တထောင်မှာ တကြိမ်ဖြစ်လာဘို့မရှိပါဘူး (တွေ့လား) သူတို့ဖာသာတွေးဆကြတယ်။ ဒါပေမယ့် အဲဒါဟာကိုယ်တော်ဒီလိုမိန့်တော်မူတယ် ဆိုရင် ဘုရား ရှင် အဲဒါကိုမိန့်ခဲ့တယ်။ တကယ်လို့ကျွန်တော်ပြောရင် အော် မင်နုဖေးလ်ပြောခဲ့တယ် …တကယ်လို့ ကျွန်တော်ပြောရင် မစ္စ တာမင်းပြောတယ် …တကယ်လို့ ကျွန်တော်ပြောခဲ့ရင် ညီအစ်ကိုဖေးလ်ပြောတယ်။ ဒီမှာနဲ့အခြားညီအစ်ကိုတွေ သင်တို့ တယောက်ယောက်ဆိုရင် ကျွန်တော်သင်ပြောခဲ့တာကို ပြောနေတယ်။ တကယ်လို့ ကျွန်တော်ဟာ မှန်ကန်တဲ့လူဖြစ်ခဲ့ရင် သင်ပြောခဲ့သလိုဘဲကျွန်တော်ပြောနေတယ်။ ပြီးဒီပရောဖက်တွေပြောခဲ့တယ်

ကျွန်တော်မဟုတ်ပါဘူး။အဲဒါတွေကိုလုပ် စရာအကြောင်းမရှိပါဘူး။ ဒါပေမယ့် အဲဒါဟာ ဘုရားသခင်ဒီလိုမိန့်တော်မူတယ်။ ဒါကြောင့် ကျမ်းစာတော်မြတ်ဟာ ပရော ဖက်တွေအားဖြင့်ကိုယ်တော်ဒီလိုမိန့်တော်မူပါတယ်။

88 ၈၈။ သတိပြုပါ။သူတို့ခရစ်တော်ရဲ့ဝိညာဉ်တော်ကို သူတို့အပေါ်ကိုရယူပြီးနောင်ဖြစ်လာမယ့်အဖြစ်အပျက်တွေကို ကြော်ငြာပါတယ်။ ကြော်ငြာချက်နဲ့ပတ်သက်ပြီးပြောကြတယ်။သူတို့ဟာ ထိုင်နေခဲ့တာ ထနေတာ လဲလျောင်းတဲ့အချိန်တွေ မှာ ခရစ်တော်ရဲ့ဝိညာဉ်တော်သူတို့ရဲ့အပေါ်မှာ ကိန်းဝပ်ပြီး လျှောက်လှမ်းကာ ခေတ်ကာလတွေမှာ ဘာတွေဖြစ်ပေါ် ဖြစ်ပျက်လာမလဲဆိုတာကိုပြောခဲ့ကြတယ်။ သူတို့ ခရစ်တော်လို ပြုမူကြတယ်။ ပြီးဖတ်တဲ့လူတွေဟာအဲဒါကိုဖတ်ပြီး ပရောဖက် ကိုယ်တိုင်ဘဲ စကားပြောနေတယ်လို့ထင်ကြတယ်။သင်တို့သတိရမှာပါ။ ဦးဆောင်သူတယောက် သူဟေရှာယ ၅၃း၁ ဖတ် ခဲ့တဲ့အကြောင်းက သူဟာကျွန်တော်တို့ရဲ့ဘောင်ကျော်စည်းကျော်မှုကျွန်တော်တို့ရဲ့အဓမ္မပြုကျင့်မှုတို့ကြောင့် ရရှိဒဏ်ရာ ဒဏ်ချက်တွေကျွန်တော်တို့ရဲ့ငြိမ်းချမ်းဘို့အတွက် ပြင်းထန်စွာပြစ်တင်ရိုက်နှက်ခြင်းခံရတယ်။သူရဲ့ဒဏ်ရာဒဏ်ချက်တွေ ကြောင့် ကျွန်တော်တို့ရဲ့အနာရောဂါငြိမ်းခဲ့ကြတယ်။ဒီဦးဆောင်သူဟာ ဖိလိပ်ပုကိုပြောခဲ့တယ်။ ပရောဖက်ဘယ်သူ့အ ကြောင်းကိုပြောနေတာလဲ။ သူကိုယ်တိုင်လား ဒါမှမဟုတ် အခြားတယောက်ရဲ့အကြောင်းကိုလား။ တွေ့လား။ ပရောဖက်ပြောခဲ့တာ သူကိုယ်တိုင်ပြောခဲ့သလိုဘဲ။

89 ၈၉။ ဒါဝိတ်မင်းကြီးဝိညာဉ်တော်အားဖြင့်ငိုနေတာကိုကြည့်ပါ။ အကျွန်ုပ်ဘုရား အကျွန်ုပ်ဘုရား ဘာကြောင့်အကျွန်ုပ်ကိုစွန့်ပြစ်တာလဲ။ ကျွန်တော့်ရဲ့အရိုးတွေ သူတို့ကျွန်တော့်ကိုစိုက်ကြည့်ကြတယ် -ကျွန်တော့်ကို(ဒါဝိတ်) သူတို့ငါ့ခြေတွေနဲ့ လက်တွေကိုထိုးဖောက်ကြတယ် (ဒါဝိတ်)သူတို့ ငါ့ရဲ့ ခြေနဲ့လက်တွေကို ထိုးဖောက်ခဲ့ကြတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့နာမ်ဝိညာဉ်ကို ငရဲမှာမထားခဲ့ပါဘူး။ ဒါမှမဟုတ် သင့်ရဲ့သန့်ရှင်းတဲ့တယောက်ပျက်စီးခြင်းကို မြင်ခွင့်မပြုပါဘူး။ ဒါဝိတ်က သူကိုယ်သူ သန့်ရှင်းသလိုမျိုးပြောခဲ့တယ်။အဲဒါဟာ ဒါဝိတ်ရဲ့သား မျိုးစပ်ထားသော ဝိညာဉ်ရေးရာနဲ့ဆိုင်တဲ့မျိုးစေ့ဟာ အဲဒီမှာဆင်းသက်ပါတယ်။ ဒါဝိတ်ကိုယ်တိုင်က နောက်ပိုးပင်တပင်ဖြစ်သော်လည်း ဒါပေမယ့်သူ့ရဲ့အတွင်းသားထဲမှာ ဂျုံစေ့ တစေ့ဖြစ်နေပါတယ်။ သင်သဘောပေါက်ပြီးလား။ဒါကြောင့်ကျမ်းစာတော်မြတ် တအုပ်လုံးဟာ လူရဲ့ပြောစကားတွေမဟုတ် ပါဘူး။လူအားဖြင့်ရေးတာလဲမဟုတ်ပါဘူး။ လူအားဖြင့် ယူဆောင်တာလဲမဟုတ်ပါဘူး။ ဒါမှမဟုတ်လူအားဖြင့်ဖွင့်ပြတာလဲ မဟုတ်ပါဘူး။ အဲဒါဟာ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကိုဘုရားသခင်ကိုယ်တိုင်ဖွင့်ပြပါတယ်။ သူကိုယ်တိုင် အနက်ဖွင့် ပါတယ်။ ခရစ်တော်ဟာသူ့ရဲ့ကိုယ်တိုင်ကို သူ့ရဲ့နှုတ်ကပတ်တော်ထဲမှာဖွင့်ပြပါတယ်။

90 ၉၀။ ခရစ်တော်ဟာဒါဝိတ်ရဲ့နောက်မှာ ရပ်နေတယ်ဆိုတာကိုကြည့်ပါ။ ဒါဝိတ် ကိုယ်တိုင်ကအခုထက်ထိတိုင်အောင် မစဉ်းစားပါဘူး။ သူရဲ့စိတ်က သူရဲ့ကိုယ်မှာခွါသွားတယ်။အဲဒါဖြစ်နေသလိုပေါ့။ ပြီး သူ့ကိုကားတိုင်ပေါ်မှာ တင်ထားတယ် - သင်ဒီမှာပုံသဏ္ဍာန်ကိုမြင်ရသလိုမျိုး - ကားတိုင်တင်ခြင်းခံရပြီး ငိုယိုတယ်။ အကျွန်ုပ်ဘုရားအကျွန်ုပ်ဘုရား အကျွန်ုပ်ကို ဘာကြောင့်စွန့်ပြစ်တော်မူတာလဲ။ကျွန်တော်တို့ရဲ့အရိုးတွေ သူတို့ ကျွန်တော့်ကိုစိုက်ကြည့်နေကြတယ်။ သူတို့သူတို့ငါ့ရဲ့ လက်နဲ့ခြေတွေကို ထိုးဖောက်ကြတယ်။ ငါ့ရဲ့ဘေးကို ထိုးသွင်းတယ်။တွေ့လား။ ဘာကြောင့် ကိုယ်တော် အကျွန်ုပ်နဲ့အ လွန်ဝေးကွာနေတာလဲ။

ဘာရှုန်အရပ်ကလာတဲ့နွားထီးတွေဟာလာပြီး ဖြတ်သွားတယ်။ သူတို့ခေါင်းကိုလှုပ်ခါကြတယ်။ ပြောတယ်။ ဘုရားသခင် သူ့ကိုသူ့ကိုကယ်လိမ့်မယ်လို့ သူယုံကြည်တယ်။ အခု သူ သူ့ကိုကယ်မလားဆိုတာကိုကြည့်ရအောင်။ဒီစကားကိုဘဲ ပြောပါတယ်။ ဒါကြောင့်သင်တွေ့ရမယ်။ ဒါကြောင့် ဘုရားသခင် ဒီကမ္ဘာပေါ်မှာသူ့ကိုသူဖော်ပြတဲ့အခါ ဒါဝတ်ပြောသလို အဲဒီစကားကိုဘဲ မိန့်ဆိုခဲ့တယ်။ သင်သဘောပေါက်ပြီးလား။ ဒါကြောင့် သင်တွေ့ရတယ်။ အဲဒါဟာ လူရဲ့စကားမဟုတ်ပါ ဘူး။ အဲဒါဟာဘုရားသခင်ရဲ့နှုတ်ကပတ်တော်ဖြစ်ပါတယ်။ အဲဒါ ဘုရားသခင်ဟာ ဒါဝတ်အထဲမှာရှိတာပါ။ဒါဝိတ်ကိုယ်တိုင် မဟုတ်ပါဘူး။ သူဘာပြောတာကိုသူမသိခဲ့ပါဘူး။သူဝိညာဉ်တော်ထဲမှာရှိနေတာဘဲဖြစ်တယ်။ မောရှေလဲ ဒီနည်းအတိုင်း ဘဲ ဖြစ်ခဲ့တယ်။ သူလဲဘဲဝိညာဉ်တော်ထဲမှာရှိနေပါတယ်။ သူနေခဲ့တဲ့နေရာကနေ ထွက်ခွါပြီး အခြားအမြင်တခုမှာရောက်ရှိ နေတာပါ။ ပြီးအဲဒီမှာ မျက်နှာချင်းဆိုင်ရပ်နေတာလောင်မြိုက်နေတဲ့ ခြုံပုတ်ထဲမှာပါ။ လောင်ကျွမ်းနေတဲ့ခြုံပုတ်ထဲမှာ ဘုရားသခင်ကိုယ်တိုင်နဲ့စကားပြောနေပါတယ်။ မိန့်ဆိုခဲ့တယ်။သင့်ရဲ့ရှူးဖိနပ်ကိုချွတ်လိုက်ပါ။ သင်ရပ်နေတဲ့မြေဟာ သန့်ရှင်းတဲ့ မြေဖြစ်ပါတယ်။

ကျွန်တော်ထင်တယ်။မောရှေအဲဒီနေရာကနေထွက်သွားတဲ့အခါမှာ သူစဉ်းစားမယ်။ ဘာဖြစ်နေတာလဲ။ ဘာတွေဖြစ်ပျက်နေတာလဲ။ အဲဒါဘာလဲ။ ဆိုတာပါဘဲ။

မိန့်မှာခဲ့တယ်။အီဂျစ်ပြည်ကိုသွားပါ။ ငါမင်းနဲ့အတူသွားမယ်။

သူပြောခဲ့တယ်။ ဒါဟာငါ့အတွက် အစစ်အမှန်လိုဘဲ။ ငါသွားရမယ်။ သူ့ဇနီးနဲ့သူ့ရဲ့ကလေးတွေကိုခေါ်ပြီး ... ပြီး သူ့ရဲ့ကလေးပါ။ ပြီး သူ့ရဲ့လက်ထဲမှာ သူ့ရဲ့တောင်ဝှေးပြီးအီဂျစ်ပြည်ကိုသွားတာ လူတွေကိုကယ်ထုတ်လာဘို့ဖြစ်ပါတယ်။ တွေ့လား။

91 ၉၁။ ဘုရားသခင်ကိုယ်တိုင် ပရောဖက်တွေအားဖြင့် စကားပြောခဲ့တယ်။

တွေ့လား။ သူတို့ဟာအမှန်တကယ်ကို ... အဲဒါဟာ ပရောဖက်တွေမဟုတ်ပါဘူး။ အဲဒါဟာဘုရားသခင်ဖြစ်ပါ တယ်။ အကြောင်းကတော့ ပရောဖက် သူတို့ရဲ့ကိုယ်တိုင်သူတို့ထိုအရာတွေကို မပြောနိုင်ခဲ့ပါဘူး။ ကျွန်တော်တို့ရဲ့ အစီရင် ခံစာကိုဘယ်သူတွေယုံကြည်မှာလဲ။ ဟေရှာယကပြောတယ်။ သင်တွေ့တယ်မဟုတ်လား။ ဘယ်သူတွေကျွန်တော်တို့ရဲ့ အစီရင်ခံစာကိုယုံကြည်မှာလဲ။ ဘယ်သူ့ကို ဘုရားသခင်ရဲ့လက်တော်ကဖွင့်ပြသလဲ။ သူဟာ ကျွန်တော်တို့မျက်မှောက် မှာနွားခြံထဲကနွားကလေးတကောင်လိုကြီးပျင်းလာပါတယ်။ ... ပြီး ဘယ်လို ... အခုထက်တိုင်သူဟာ ကျွန်တော်တို့ရဲ့ ဘောင်ကျော်မှုအတွက်ဒဏ်ရာရရှိခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ အဓမ္မပြုကျင့်မှုကြောင့် ဒဏ်ရာရခဲ့တယ်။ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းဘို့ရန်အတွက်ရိုက်နှက်ပြစ်တင်ခြင်းကိုခံယူတယ်။ သူ့ရဲ့ဒဏ်ရာဒဏ်ချက်ကြောင့် ကျွန်တော်တို့ရဲ့အနာရောဂါငြိမ်း ခဲ့ပါတယ်။ ဒီနည်းအတိုင်း ဒီကာလမှာ ကျွန်တော်တို့ရဲ့အနာရောဂါငြိမ်းခဲ့ပါတယ်။ဟေရှာယထဲမှာ

ခရစ်တော်မပေါ်မှီနှစ် ပေါင်း ၈၀၀ ကပေါ့။ တွေ့လား။သူ့ရဲ့ဒဏ်ရာဒဏ်ချက်ကြောင့် ကျွန်တော်တို့(အတိတ်ကာလ) အဆင်သင့်ကိုအနာရောဂါငြိမ်းခဲ့ပါတယ်။ အိုး အကျွန်ုပ် ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ဘယ်လိုအလွန်ပြည့်စုံတာလဲ။ အဲဒါကိုယုံကြည်ပါ။ သင့်ကို ကယ်တင်ဘို့ရန်ဒီအရာတခုဘဲရှိပါတယ်။

92 ၉၂။ အခြားစကားတွေ- ဘယ်လိုဘဲကောင်းမွန်စွာ သူတို့နေရာချထားပါစေ။ ကျွန်တော်ကရုမစိုက်ပါဘူး။ ဘယ်ကဘဲသူတို့လာလာ။ ဘယ်ဂိုဏ်းဂဏကဘဲလာလာ ဒါမှမဟုတ် ဘယ်လောက်ဘဲတော်တဲ့လူဖြစ်ပါစေ -အကြွင်းမဲ့လျစ်လျူရှုလိမ့် မယ်။ အရာရာတိုင်းက နှုတ်ကပတ်တော်နဲ့ဆန့်ကျင်နေတယ်။အဲဒီကျမ်းပိုဒ်ကိုရေးမှတ်ချင်ရင် အဲဒါဟာ ကလာတိ ၁း၈ တွေ့လား။ ပေါလုပြောခဲ့တယ်။သို့သော်လည်း သင်တို့အား ငါတို့ဟောပြောသော ဧဝံဂေလိတရားမှတပါး အခြားသော ဧဝံဂေလိတရားကို ငါတို့သည်ဟောပြောသော်၎င်း ကောင်းကင်တမန်ဟောပြောသော်၎င်းဟောပြောသောသူသည် ကျိန်တော် မူခြင်းကိုခံစေ။ တခြားစကားနဲ့ပြောရရင် တကယ်လို့ကောင်းကင်တမန်က ကောင်းကင်ကနေ သင်ဆီလာပြီး တောက်ပတဲ့ ကောင်းကင်တမန်တပါးပြီးရပ်နေလိမ့်မယ်။ (ကောင်ကလေး ဒါဟာ ဒီနေ့ကာလရဲ့ ငါးစာဖြစ်လာလိမ့်မယ်။အဲဒါမဟုတ်ဘူး လား) ... တောက်ပတဲ့ကောင်းကင်တမန်တပါးအဲဒီလိုလာပြီး ပြီးမတ်တပ်ရပ်တယ်။ နှုတ်ကပတ်တော်နဲ့ ဆန့်ကျင်တဲ့အရာ တွေကိုပြောတယ်။သင်ပြောလိုက်ပါ။ စာတန် ငါ့ဆီကနေထွက်သွား။ ဒါအမှန်ဘဲ။ တကယ်လို့ သူဟာ ဘိရှော့တယောက်။တကယ်လို့ သူဟာ ... သူဘာဘဲဖြစ်ဖြစ်သူကိုဘယ်တော့မှမယုံပါနဲ့။ တကယ်လို့ ကျမ်းစာတော်မြတ်တလုံးချင်းစီနဲ့ အတိအကျမပြောခဲ့ရင်ပေါ့။ သူကိုစောင့်ကြည့်ပါ။ သူဟာ သင့်ကိုကျမ်းစာနဲ့အတူယူဆောင်လိမ့်မယ်။သင့်ကို သေချာတဲ့နေရာ တနေရာကိုခေါ်သွားပြီး အဲဒီမှာချိတ်ဆွဲထားမယ်။ကျမ်းစာတော်မြတ်ရဲ့ မိန့်ဆိုထားတဲ့အရာတခုကို သူကျော်ဖြတ်သွားတာကိုသင်တွေ့ရတဲ့အခါမှာ အဲဒီမှာ သူကိုစောင့်ကြည့်ပါ။ တွေ့လား။ အဲဒီနည်းလမ်းအတိုင်းဧဝကိုသူပြုလုပ်ခဲ့ပါတယ်။ သူလာ ပြီး အရာရာတိုင်းကိုအတိအကျပြောခဲ့တယ်။ ကောင်းပြီးဘုရားသခင် ဒီဟာကိုပြောခဲ့တယ်။ ကောင်းပြီး ဧဝ။ အာမင်။ ဒါကို ကျွန်တော်တို့အတူတကွယုံကြည်ကြတယ်။

ကောင်းပြီ။ဘုရားသခင် ဒီလိုပြောခဲ့တယ်။

အာမင်။ကျွန်တော်တို့အတူတကွ ယုံကြည်တယ်။

ဘုရားသခင် ဒီဟာကိုပြောခဲ့တယ်။

ကျွန်တော်တို့အဲဒါကိုယုံကြည်တယ်။ အသေအချာပါဘဲ။

ကောင်းပြီ။ ဒါပေမယ့်ကျွန်တော်တို့ သေလိမ့်မယ်လို့ ဘုရားသခင်ပြောခဲ့တယ်။

ကောင်းပြီ။ အခုသင်သိပါတယ်။ သူဟာ ကောင်းတဲ့ သူတပါးဖြစ်ပါတယ်။ သူပြောခဲ့တဲ့အတိုင်း သူလုပ်မှာမဟုတ်တာကိုသင်သိပါတယ်။ ဒါပေမယ့် တကယ့်ကို ... အိုး ကျွန်ုပ်။ သူ အဲဒီမှာဘဲ။ ပြီး သူဟာအဲဒီလိုလှည့်ဖျားခဲ့ရင် ပြီးကျမ်းစာ တော်မြတ် မိန့်ဆိုထားတာက နောက်ဆုံးသော ကာလမှာဖြစ်နိုင်ရင်ရွေးချယ်ထားတဲ့ လူတွေကိုတောင်လှည့်ဖျားလိမ့်မယ်။ ယနေ့ကျွန်တော်တို့လဲဖြစ်သင့်တယ်။ သူငယ်ချင်းတို့။ အခု ဒီတနင်္ဂနွေသခန်းစာလေးကိုလုပစွာနီးနီးကပ်ကပ် ယူဆောင် လာသင့်ပါတယ်။ သင်သိပါတယ်။ ကျွန်တော်တို့ရဲ့နှစ်လုံးသားဆီကို မြင်ဘို့ရန် ...ကျွန်တော်တို့နီးကပ်စွာ နားထောင်သင့် တယ်။ ပြီး ထိုအရာဟာဘယ်လိုလိမ်လည်လှည့်ဖျားသလဲဆိုတာကိုပါဘဲ။

93 ၉၃။ သတိပြုပါ။ကျွန်တော်တို့မလုပ်နိုင်ဘူး - ကျွန်တော်တို့မလုပ်ရဘူး - အခြားလူတွေရဲ့ပြောစကားတွေကိုပေါ့။ကျွန်တော်တို့ ဘယ်လောက်တော်တဲ့လူတွေ ဘယ်လောက်ပညာတတ်တာကို ကရုမစိုက်ပါဘူး။ကျမ်းစာတော်မြတ်ထဲက သုတ္တံကျမ်းထဲမှာ ပြောတာကတော့ကျွန်တော်တို့အကြောင်းပြချက်တွေကို စွန့်ပစ်ရမယ်။ တွေ့လား။ အခု ဒုတိယအာရုံထဲ မှာ ... ပထမအာရုံကတော့ အမြင်အာရုံ အရသာ ခံစားမှု အနံ့ ပြီးအကြားတို့ဖြစ်ပြီး ဒါဟာခန္ဓာပြင်ပက အာရုံဖြစ်ပါတယ်။ ခန္ဓာရဲ့အတွင်းပိုင်းကတော့ဝိညာဉ်ဖြစ်ပြီး ကြိုးကြောင်းဆက်စပ်ခြင်း ပြီးအတွေး ပြီးအစရှိသည်တို့ပေါ့။ကျွန်တော်တို့အဲဒါ တွေ အားလုံးကိုစွန့်ပစ်ရမယ်။ အကြောင်းမပြနိုင်ဘူး ပြောမယ်။ အခုစောင့်ပါ။ တကယ်လို့ ဘုရားသခင်ဟာ ကောင်းတဲ့ ဘုရားဖြစ်ရင် ... ပြီး ဘုရားသခင်ဟာ ဘာလဲဆိုတာကိုကျွန်တော်တို့ပြောပြခြင်းခံရတယ်။ တကယ်လို့ သူဟာ ကောင်းတဲ့ ဘုရားဖြစ်ရင်ထို့နောက်မှာ ကျွန်တော်ဟာ သစ္စာရှိရင် ကျမ်းစာတော်မြတ်ဟာ မှန်ကန်တယ်လို့ကျွန်တော်မမြင်နိုင်သော် လည်း ကျွန်တော်သစ္စာရှိခဲ့ရင်ကျွန်တော်ကယ်တင်ခြင်းရလိမ့်မယ်။ သင်ပျောက်ဆုံးလိမ့်မယ်။

တကယ်လို့ကျွန်တော်ဘုရားကျောင်းကိုသွားပြီး ကျွန်တော်မှန်ကန်တဲ့အရာလို့ ထင်တာကို လုပ်ခဲ့ရင်ပြီး ကျွန်တော် မှန်တယ်လို့ထင်တာကို ဆုတ်ကိုင်ခဲ့ရင် ကောင်းပြီး ကျွန်တော် ... သင်ဟာ ပျောက်ဆုံးနေတုံးဘဲ။ လူတွေရဲ့ မှန်တယ်လို့ ထင်ရတဲ့နည်းလမ်းဟာ ဒါပေမယ့် အဲဒီလမ်းရဲ့အဆုံးကတော့ သေခြင်းပါဘဲ။ တွေ့လား။သင်ကယ်တင်ခြင်းရမှာမဟုတ်ပါဘူး။ သင်ဟာပျောက်ဆုံးလိမ့်မယ် တွေ့လား။အတွင်းလူရဲ့ထိန်းချုပ်မှုဖြစ်သင့်တယ်။

94 ၉၄။ ကောင်းပြီ။ကျွန်တော်အခြားသော ဘာသာစကားပြောခဲ့တယ်။ ညီအစ်ကိုအရင်းဟင်း ကောင်းပြီး အခြားသောဘာသာစကားပြောခြင်းကို သင်မယုံကြည်ဘူးလား။ ညီအစ်ကိုဘရင်းဟင်း။အတိအကျအမှန်အကန်လိုပါဘဲ။ ကောင်းပြီ။ ကျွန်တော် ဟစ်ကြွေးတယ်။ အဲဒါကိုသင်မယုံကြည်ဘူးလား။ မှန်ပါတယ်။ ဆရာကြီး။ ကောင်းမွန်တဲ့ ခရစ်ယာန်အသက်တာ နဲ့ကျွန်တော်နေထိုင်ခဲ့တယ်။ အဲဒါကို သင်မယုံကြည်ဘူးလား။ မှန်ပါတယ် ဆရာကြီး။ ဒါပေမယ့်အခုထိ သင်ဟာကယ်တင် ခြင်းရတယ်လို့ မဆိုလိုသေးပါဘူး။ သင်ဟာကောင်းတဲ့လူတယောက်ဖြစ်တယ်။သန့်ရှင်းတယ်။ စိတ်ထားကောင်းတယ်။ သန့်ရှင်းတယ်။

ကောင်းတဲ့ပုဂ္ဂိုလ်ဖြစ်တယ်။ထိုဘုန်းကြီးတွေလဲဘဲပေါ့။ နှလုံးသား ဗဟို အထိဘာသာရေးကိုင်းရှိုင်းတာ သိပ်ပြီးဘာသာရေးကိုင်းရှိုင်းတာ အမှားတခုပြုလုပ်လိုက်တာနဲ့သူတို့ကိုခဲနဲ့ပေါက်သတ်ခံရတယ်။ ဘုရားသခင်ရဲ့နှုတ်ကပတ် တော်ကို အရူးလုပ်တဲ့အပြစ်ဟာသေခြင်းပါဘဲ။

95 ၉၅။ ဒါဟာယနေ့ ကျွန်ုပ်တို့နိုင်ငံရဲ့ပြဿနာပါဘဲ။ အကြောင်းကတော့ ကျွန်တော်တို့ကမ္ဘာပေါ်မှာသစ်ရွက်ကြွေလို မျိုး အရာတွေကို ရရှိထားလို့ဘဲ။ အပြစ်တွေလာတော့သိပ်မပြင်းထန်သေးဘူး။ တကယ်လို့ လူတယောက်ဟာ အခြားလူတ ယောက်ရဲ့မိန်းမဲဖောက်ပြန်နေရင် လူထုရှေ့ကိုခေါ်ဆောင်လာပြီး လူထုရှေ့မှာသူ့ရဲ့တံတားကိုဖြတ်ပြီးမှ ပြန်လွှတ်သင့် တယ်။ ဒါအမှန်ဘဲ။ တကယ်လို့ လူတယောက်ဟာလမ်းပေါ်မှာ အမှားတစုံတရာကြောင့်အဖမ်းခံရရင် ယာဉ်မောင်းခြင်းကို ပိတ်ပင်သင့်တယ်။သူဟာ ... သူဟာလူသတ်ခြင်းကိုကြိုပြုလုပ်တာဘဲတွေ့လား။ အဲဒီလိုမျိုး အပြစ်ဒဏ်ကိုပေးခဲ့ရင် သင်လည်းဘဲအရှိန်နှေးနှေးနဲ့မောင်းမှာဘဲ။ ဒါပေမယ့်တချို့ကောက်ကျစ်တဲ့နိုင်ငံရေးသမားတွေ ဒီအပြစ်မျိုးကျူးလွန်ပြီး ပြုလုပ် ခဲ့ရင်ပြီးပြောမယ်။ ကောင်းပြီ သူနဲနဲသောက်ထားတယ်။ သူဟာ ...အဲဒီလိုလုပ်ဘို့မရည်ရွယ်ပါဘူး ... ပြီး လူတယောက်ကို သေစေမယ် သူ့ရဲ့မယားကိုပြီးအပြစ်မရှိတဲ့ကလေးတစု ရစ်ကီအဲဒါတွေကိုရရှိပါစေ။ ဒါဟာ နိုင်ငံရေးဘဲဖြစ်ပါတယ်။အဲဒါ ဟာကမ္ဘာပါဘဲ အဲဒါဟာ စာတန်ပါဘဲ။

96 ၉၆။ ဘုရားသခင်မိန့်တော်မူတယ်။လူတယောက် ဒါမှမဟုတ် အမျိုးသမီးတယောက် သူများသားမယားကိုပြစ်မှားတာကိုကျူးလွန်ခဲ့တာကို ဖမ်းမိရင် အပြင်ကိုထုတ်ပြီး ခဲနဲ့ပေါက်သတ်ပါ။အဲဒါပြီးမြောက်သွားပြီ တွေ့လား။ တကယ်လို့ သင်ဟာဥပုဉ်နေ့မှာလေးတဲ့တုတ်တချောင်းကိုကောက်ယူခဲ့ရင်း သူကိုခေါ်ဆောင်ပြီးခဲနဲ့ပေါက်သတ်ပါ။ သူတို့အဲဒါတွေနဲ့ အသက်ရှင် နေထိုင်ခဲ့တယ်။ ပြီးအခု ကြည့်ပါ။ကျွန်တော်တို့မှာ ဒီနေ့အဲဒီလိုမျိုး ဥပဒေမရှိပါဘူး။ ဒါပေမယ့် ခရစ်ယာန်တွေအသင်းတော် တွေနဲ့ ပတ်သက်ပြီး ဒီမနက် ကျွန်တော်ပြောခဲ့တာသင်ရဲ့နှလုံးသားထဲမှာရှိတဲ့ ထိုဘုရားသခင်ရဲ့ဥပဒေပါ။ တွေ့လား။ သင့် မှာအဲဒီလိုလုပ်ဘို့ ဆန္ဒမရှိပါဘူး။ အဲဒါဟာ ဒီမှာမဟုတ်ပါဘူး။ ဘုရားသခင်ရဲ့ဥပဒေတွေကိုအလွန်အတိအကျ သင်ကျင့် သုံး ချင်တယ်။ ဘာတွေဘဲဖြစ်ပါစေ သင်အခုအလိုရှိတာပါ .... တကယ်လို့ ဘုရားသခင်ဟာ တံခါးမှာခြေသုတ်အလိုရှိခဲ့ရင်သင့်ကိုအဲဒီခြေသုပ်အဖြစ်လိုရှိတယ်။ သင်ဟာ အဲဒီဖြစ်ရမှာ အလွန်ပျော်ရွှင်ပါတယ်။ဘယ်လိုဘဲဖြစ်လာဖြစ်လာ သင်ဟာ ခြေသုပ်ဖြစ်ချင်တယ်။ တွေ့လား ဘုရားသခင်သင့်ကိုပြုလုပ်စေချင်တဲ့အရာရာတိုင်းကို အဲဒါကိုသင်လုပ်ချင်တယ်။ ဘာ ကြောင့်လဲဆိုရင်သူဟာဘုရားသခင်ဖြစ်ပါတယ်။ အခု အဲဒါကြောင့် သင့်ရဲ့စစ်မှန်ရိုးသားစစ်မှန်တဲ့ ဘုရားသခင်အပေါ်စစ် မှန်တဲ့ချစ်ခြင်းအမှန်တကယ်ကို တွေ့ရှိရမယ်။

97 ၉၇။ အခုကျွန်တော်တို့တွေ့ရှိရတာက ကောင်းကင်တမန်တပါးဟာ သွန်သင်ထားတာရဲ့အခြားသောသွန်သင်ချက်ကို ဟောကြားခဲ့ရင် ... ကျမ်းစာထဲမှာပြောခဲ့တဲ့အတိုင်းသူကြိမ်းအမင်္ဂလာခံရပါစေဆိုတာပါပဲ။ ဘယ်သူတဦးတယောက်မှ အဲဒါ ကို မပြုနိုင်ဘူး။ အဲဒါကိုမိန့်ဆိုခဲ့တဲ့အတိုင်းဘဲဖြစ်ရပါမယ်။

ပြီး နောက်တဖန်ဗျာဒိတ် ၂၂း၁၈ နဲ့ ၁၉ ကို ကျွန်တော်တို့ဖတ်ကြရအောင်။ ဤစာစောင်၏အနာဂတ္တိစကားကိုကြား သောသူအပေါင်းတို့အား ငါသက်သေခံသည်ကား အကြင်သူသည်ဤအရာတို့၌အသစ်သွင်း၏ ဤစာစောင်၌ရေးထား သော အသက်စာစောင်နှင့်ဝှင်းသန့်ရှင်းသောမြို့တော်နှင့်ဝှင်း ထိုသူစပ်ဆိုင်သောအခွင့်ကိုဘုရားသခင်နှုတ်ပယ်တော်မူမည်။ ဒါ အမှန်ဘဲ။ သူရဲ့နာမည်စာရင်းကို ပယ်ဖျက်မယ်သူဟာအမှုတော်ဆောင်တယောက်ဖြစ်ပါစေ။ သူဘာဘဲဖြစ်နေပါစေပြီး သူကား သူရဲ့နာမည်ကိုအသက်စာစောင်ထဲမှာ ရေးမှတ်ထားပါတယ်။ ဘုရားသခင်မိန့်တော်မူခဲ့တယ်။ တကယ်လို့ သူအရာတခုကို ပေါင်းထည့်သည်ဖြစ်စေ နှုတ်ယူသည်ဖြစ်စေ ငါအခုဖျက်ပြစ်လိုက်မယ် (ဒါအမှန်ပါဘဲ)အဲဒီလိုဘဲ မမှားယွင်းနိုင်တဲ့ ဘုရားဟာ သူရဲ့နှုတ်ကပတ်တော်ကို ပြုလုပ်ခဲ့တယ်။တွေ့လား အသင်းတော်အတွက် သင်ပေါင်းထည့် ဒါမှမဟုတ် အသင်း တော်မှနှုတ်ယူခဲ့ရင် ဒါပေမယ့်နှုတ်ကပတ်တော်ကိုသင်မပေါင်းထည့် ဒါမှမဟုတ် အသင်းတော်မှနှုတ်ယူခဲ့ရင် ဒါပေမယ့် နှုတ် ကပတ်တော်ကိုသင်မပေါင်းထည့် ဒါမှမဟုတ် မနှုတ်ယူပါနဲ့။ အကြောင်းကတော့ ဘုရားသခင်သင့်ရဲ့နာမည်ကိုအသက်စာ စောင်မှ ထုတ်ပယ်လိမ့်မယ်။ ပြီးရင် သင်ပြီးဆုံးသွားပြီး တွေ့လား။ သင်ပေါင်းထည့်နှုတ်ယူလို့မရဘူး။သူအတိုင်းအတိအကျ ကို ...

98 ၉၈။ အနက်ဖွင့်စရာမလိုအပ်ပါဘူး။အကြောင်းကတော့ ကျမ်းစာတော်မြတ်က ပြောထားတာကတော့ ဘုရားသခင်ဟာ ကျမ်းစာတော်မြတ်ကိုသူကိုယ်တိုင်ဘဲအနက်ဖွင့်ပါတယ်။ ပြင်ပလူတွေရဲ့အနက်ဖွင့်စရာမလိုအပ်ပါဘူး။ပေတရုပြောခဲ့တယ်။ ကောင်းပြီ။

ပြီးကျမ်းစာတော်မြတ်တိုင်းဟာဘုရားသခင်ပေးထားသော ဘုရားသခင်ကိုယ်တိုင်ဘဲ အစီအစဉ်တကျရေးသားထား ကာပြီးတခုလုံးကတော့ ယေရှုခရစ်တော်ကို ဖွင့်ပြခြင်းတခုဘဲဖြစ်ပါတယ်။ ဓမ္မသစ်နဲ့ဓမ္မဟောင်း သူကြွလာမှာကို ကြိုပြောထားတာ သူဒီမှာရောက်တဲ့အခါ သူဘာလုပ်မလဲ။ ပြီးလာမယ့်ကာလတွေမှာ သူဘာလုပ်မှာလဲ ... ဒါကြောင့် သူ့ကိုမနေ့၊ ယနေ့ နောင်ကာလ မပြောင်းလဲစေခဲ့ပါဘူး။တွေ့လား။ ဟေဗြဲထဲမှာ ဖော်ပြထားသလို ရှင်ပေါလု အဲဒါကိုရေးခဲ့တာက သူဟာဘုရားဖြစ်ပါတယ်။ ဓမ္မဟောင်းထဲက ယေရှုခရစ်ဟာ သူဟာယနေ့ ယေရှုခရစ်လဲဖြစ်ပါတယ်။အသွေးအသားနဲ့သူ့ကိုယ်ကို ဖော်ပြပါတယ်။ ပြီးဝိညာဉ်တော်အားဖြင့် သူဟာအစဉ်အမြဲဘဲယေရှုခရစ်ဖြစ်ပြီး ကြွလာအုံးမယ်(တွေ့လား တွေ့လား) မနေ့ ယနေ့ ထာဝရမပြောင်းလဲပါဘူး။သူထာဝရအသက်ရှင်တာ သူ့ရဲ့နှုတ်ကပတ်တော်ကိုလဲ အသက်ရှင်ပြီး သူမိန့်တော်မူခဲ့သ လိုဘဲထိုခေတ်ကာလမှာ ဖြစ်ပေါ်လာပါတယ်။ သူဟာ အသက်ရှင်တယ်။

99 ၉၉။ သူဟာဓမ္မဟောင်းမှာအသက်ရှင်တယ် ဖော်ပြထားခဲ့တယ်။

အခုသင်တို့ခံနိုင်ရည်ရှိရင်တော့ ကျွန်တော်အရာလေးတခု သင်တို့ကိုတွေ့စေချင်ပါတယ်။စောင့်ကြည့်ပါ။ ယေရှု ခရစ်တော်ကို ကျွန်တော်တို့ယုံကြည်သလို ဓမ္မဟောင်းထဲမှာဖော်ပြခဲ့တာ ... အခု သင်တို့ဟိုအပြင်မှာရှိတဲ့တရားဟောဆရာ တွေ သင်တို့အဲဒါကိုငြင်းပယ်လို့ရပါတယ်။ သင်တို့အလိုရှိသလိုလုပ်ပါ။ ဒါကျွန်တော်ပြောဒါက ကျွန်တော်ရဲ့ ... ကျွန်တော့် ထင်မြင်ချက်ပါဘဲ။ တွေ့လား။

ယေရှုဟာဓမ္မဟောင်းထဲက ခန္ဓာထဲက သူကိုသူဖော်ပြတဲ့အခါ မာလခိဖေဒက်ဆိုတဲ့ ပုဂ္ဂိုလ်ရဲ့အထဲမှာဘုန်းကြီး ဘ ဝနဲ့ မဟုတ်ဘူး။ ဒါပေမယ့် လူတယောက်အနေနဲ့ လူတယောက် တွေ့လား ...အကြောင်းကတော့ ဒီလူဟာ အခုထက်ထိမ မွေးဖွါးသေးဘူး။ ဒါပေမယ့်သူဟာခန္ဓာတခုထဲမှာရှိနေတယ်။ ဒါကြောင့် သူ့မှာအဖေမရှိဘူး။ အမေမရှိဘူး။ သူဟာ ဘုရားသခင်ကိုယ်တိုင်ဖြစ်ပါတယ်။ သူဟာစာလင်းမ်လို့ခေါ်တဲ့ဘုရင်တပါးရဲ့သဏ္ဍာန်နဲ့ဖော်ပြခဲ့တယ်။ အဲဒါဟာ ငြိမ်းချမ်းရေးရဲ့ဘုရင် ပြီးဖြောင့်မတ်တဲ့ဘုရင်ဖြစ်ပါတယ်။ တွေ့လား။ သူဟာမာလခိဖေဒက်ဖြစ်ခဲ့တယ်။သူ့မှာအဖေရောအမေရောမရှိဘူး။ အစမရှိ အဆုံးမရှိပါဘူး။ တွေ့လား။ အဲဒါယေရှုသဏ္ဍာန်တခုထဲမှာ လူရဲ့ပုံသဏ္ဍာန်နဲ့ဖြစ်ပါတယ်။ သင်တို့ဆက်နားထောင် မှာလားကောင်းပြီ။

100 ၁၀၀။ ထို့နောက်သူဟာအမှန်တကယ်ကို လူဇာတိခံယူပြီး ကျွန်တော်တို့နဲ့လာနေထိုင်တာယေရှုခရစ်ကိုယ်တိုင်ရဲ့ပုဂ္ဂိုလ် ထဲမှာဘဲ။ အပျိုကညာမာရိအားဖြင့် မွေးဖွားလာတယ်။သူအဲဒီပုံစံနဲ့လာတဲ့အတွက်ကြောင့် သူသေနိုင်ခဲ့တယ်။ ပြီးကောင်းကင်ထဲကိုပြန်သွားခဲ့တယ်။ အခု ဒီနောက်ဆုံးသောကာလမှာ သူကတိပေးထားခဲ့သလိုသူ့ကိုယ်သူနောက်တဖန်ပြည့်စုံတဲ့ သူရဲ့အသွေးအသားနဲ့ခန္ဓာနဲ့ ဝိညာဉ်တော်ထဲမှာဖော်ပြမှာပါ။ တွေ့လား။ အကြောင်းကတော့ သောဒုံမြို့ရဲ့အချိန်ကာလတုံး ကလိုသူနဲ့သားတော်လာတဲ့အခါမှာဖြစ်ပါလိမ့်မည်။ အခု သောဒုံမြို့ကိုကြည့်ပါ။ဘယ်လိုရပ်တည်နေတာလဲ။ ပြီးဘာတွေ ဖြစ်ပေါ်လာသလဲ။ ပြီးယေရှုခရစ် ယနေ့သူရဲ့အသင်းတော်မှာ လူသဏ္ဍာန်နဲ့ ဖော်ပြခဲ့ပါတယ်(တွေ့လား) တူညီတဲ့အရာတွေကိုဘဲလုပ်ခဲ့ပါတယ်။ ဘယ်တော့မှပြောင်းလဲခြင်းမရှိပါ။ ထာဝရတယောက်။ တွေ့လား။ပြီးယနေ့ ကမ္ဘာပေါ်မှာ သူ့ကိုယ် သူလူ့ခန္ဓာတွေထဲမှာ ဖော်ပြပါတယ်။ကျွန်တော်တို့ရဲ့လူ့ခန္ဓာတွေကို သူခေါ်ခဲ့တယ်။ ပြီးအဟိုးအရင်တုံးက ပြုလုပ်ခဲ့သလိုမျိုးဘဲ သူအတိအကျလုပ်ခဲ့တယ်။ ပြီးသူလူ့ဇာတိကိုခန့်ယူခဲ့တုံးက အတိုင်းပါဘဲ။ပြီးယနေ့လဲဘဲ အဲဒီအတိုင်းဘဲပြုလုပ်ပါ တယ်။ အကြောင်းကတော့ ဘုရားသခင်ဟာဟိုးအရင်တုံးက ကျွန်တော်တို့ဘိုးဘေးတွေကို ပရောဖက်ကတဆင့်စကားပြော ခဲ့တယ်။ နောက်ဆုံးသောကာလမှာသူရဲ့သားတော် ယေရှုခရစ်အားဖြင့်ဖြစ်ပါတယ်။ တွေ့လား။ သားတော်ကိုနောက်ဆုံး သောကာလမှာဖွင့်ပြပြီး ဘုရားသခင်ကို လူအသွေးအသားအားဖြင့်ဖော်ပြပါတယ်။ အခုသောဒုံပျက်စီးခဲ့သလိုမျိုးထားရှိ ထားကာတပါးသောအမျိုးသားတို့ရဲ့ကမ္ဘာကိုအဆုံးသတ်ဘို့ပါဘဲ။ သင်တို့အဲဒါတွေကိုတွေ့လား။သုံးခါဖော်ပြထားပါတယ်။

101 ၁၀၁။ အခုနောက်အရာတခုဖြစ်ပေါ်တယ်။ အဲဒါတေါအားလုံးဟာပုဂ္ဂိုလ်တယောက်ထဲကိုစုရုံးရောက်ရှိသွားခဲ့တယ်။ ယေရှု ခရစ်တော်ရဲ့သတိုးသမီးနဲ့ခန္ဓာ ကိုယ်တော်ရှင်ယေရှုခရစ်တော်ခန္ဓာနဲ့ဒုတိယအကြိမ်ပြန်ကြွလာတဲ့အခါသူကမ္ဘာကိုသုံးကြိမ် ပြန်ကြွလာဘို့ပြုလုပ်တယ်။ အသေသတ်ခြင်းခံရတယ်။ ကားတိုင်တင်တယ်။ရှင်ပြန်ထမြောက်တယ်။ သူ့ရဲ့ခန္ဓာကိုယ် သဏ္ဍာန်နဲ့ သူ့ကိုယ်သူဖော်ပြခဲ့တာ အဲဒါဟာသူရဲ့သတိုးသမီး အမျိုးသမီးဖြစ်ပါတယ်။ သင်တို့သဘောပေါက်ပြီးလား။ သူမ ဟာသူရဲ့ခန္ဓာအစိတ်အပိုင်းတခုဖြစ်ပါတယ်။ ပြီးအမျိုးသမီးနဲ့ အမျိုးသားဟာအတူတကွနီးကပ်နေတာ သူတို့ဟာဖြစ်လုနီး ပါးဘဲ ... သူတို့ဟာအတူတူပါဘဲ။ ဘယ်လိုဘဲဖြစ်ဖြစ်သူတို့ဖြစ်သင့်တယ်။ သူတို့ဟာ အဲဒီမှာပါဘဲ။ တွေ့လား။ သူတို့ဟာအ တိအကျကိုအတူတူတကိုယ်ထဲဘဲလို့ဖော်ပြပါတယ်။ သူမဟာ သူ့ရဲ့အစိတ်အပိုင်းတခုဖြစ်ပါတယ်။အကြောင်းကတော့ သူမဟာသူထံကနေ ထုတ်ထားပါတယ်။ပြီး ယနေ့သတိုးသမီးဟာခရစ်တော်ရဲ့ကိုယ်ခန္ဓာမှထုတ်ယူထားတဲ့အတွက် သူမရဲ့ အပြုအမူနဲ့ပြုလုပ်တဲ့အရာတွေဟာသူမိန့်မှာခဲ့သလို အတိအကျကိုဘဲ ယနေ့မှာလုပ်ဆောင်ခဲ့ပါတယ် - သတိုးသမီး ဘုရင်မဘုရင်တို့ဖြစ်ပါတယ်။

ကောင်းပြီ။ကျွန်တော်တို့အခု အချိန်ကျော်သွားပြီး ခပ်မြန်မြန်ဆက်ကြရအောင်။

102 ၁၀၂။ ကောင်းပြီ။

ကျမ်းစာတော်မြတ်တအုပ်လုံးကယေရှုခရစ်တော်ကို တအုပ်လုံးဖွင့်ပြထားပါတယ်။ ခေတ်ကာလတိုင်း သူကိုသိဘို့ပြုလုပ်ထားပါတယ်။ သူ့ကိုယ်သူ လူသာအချိန်ကာလုံးက အခြေခံအုတ်မြစ်အဖြစ်သူကိုသူဖော်ပြပါတယ်။ အသင်းတော် ခြေထောက် ပေါင် သူဘုရင်နေဗုတ်ခနေဇာပြုလုပ်ခဲ့သလိုပေါ့။သင်တို့မှတ်မိမှာပေါ့။ သူထိုအိမ်မက်ကို ဘယ်လိုမက်တယ် ဆိုတာကိုပေါ့။ အဲဒါဟာဦးခေါင်းကနေပြီး အောက်ကိုဆင်းလာတယ်။ တွေ့လား။ အခု သူခြေထောက်ကိုရောက်နေပြီး။တွေ့လား။ ဗာဗုလုံနိုင်ငံထဲမှာ သူတို့ဓမ္မဟောင်းကိုအားလုံးပြခဲ့တယ် - သူဦးခေါင်းကနေအောက်ကိုတဆင့်တဆင့်သွားခဲတာ သူကိုယ်တိုင်ကြွလာသည့်တိုင်အောင် ဘုရားသခင်ကိုယ်တိုင်အသွေးအသားနဲ့လှေခါးရဲ့အောက်ခြေမှာပါ။ အခု ဓမ္မသစ်ထဲ မှာ သူကိုယ်တိုင်ကိုနောက်တဖန်ဦးခေါင်းထံပို့ဆောင်ခဲ့တယ်။ ရှေ့ဦးခေါင်းကိုသရဖူဆောင်းဘို့အတွက်ဖြစ်ပါတယ်။ တွေ့ လား။ ကြည့်ပါ။ သင်သဘောပေါက်ပြီလား။ ကနဦးကဘုရားဟာ ပရောဖက်တွေကတဆင့် ဆင်းကြွလာပြီးဆက်ကြွလာတာ။ ပြီးလှေခါးရဲ့အောက်ခြေအထိတိုင်အောင်နွားစာခွက်ထဲမှာ မွေးဖွားလာတဲ့ကလေးတယောက်မုန်းခြင်းခံရတယ် လျစ်လျူရှု ခြင်းခံရတယ်။ စက်ဆုပ်ဘွယ်ရာ ပြီးနာမည်ပျက်အရာရာတိုင်းသူဖြစ်ခဲ့ရတယ်။ ထို့နောက်မှာ သူစပြီးပေါ်ထွက်လာတယ်(မြင် လား)။ပြီးခြေထောက်ကစပြီး သူအသင်းတော်ကိုတည်ဆောက်ခဲ့တယ်။ သတို့သမီး ပါခဲ့တာ ဆက်လာခဲ့တာ။ပြီးအခုတော့ ထိပ်ဆုံးဦးခေါင်းတိုင်အောင် အတူတကွ စုပေါင်းကြပြီးယေရှုခရစ်တော်ရဲ့ကြီးမားတဲ့ ခန္ဓာတခုကိုအသွင်သဏ္ဍာန်ပြောင်းလဲသွားတဲ့ဆီကိုရောက်ရှိနေပါပြီ။

103 ၁၀၃။ ဘုရားသခင်ဟာသူရဲ့နှုတ်ကပတ်တော်ကတိတော်အတိုင်း ခေတ်ကာလတိုင် သူကိုယ်သူဖွင့်ပြပါတယ်။ အခု ယနေ့ကာလအတွက် သူ့ရဲ့ကတိတော်တချို့ကို အဆုံးသတ်အနေနဲ့ကြည့်ကြရအောင်။

အခု ဘုရားသခင်ဟာဒီညနေချမ်းအချိန်မှာ သူကိုယ်သူဖွင့်ပြပါတယ်။

အခုကြည့်ကြရအောင်။ကျွန်တော်တို့တွေ့ရတယ် ... ကျွန်တော့်မှာနှုတ်ကပတ်တော်တပုံကြီးကိုရေးမှတ်ထားတာသင်တို့ဒီစာမျက်နှာပေါ်မှာ နှုတ်ကပတ်တော် ဘယ်လောက်ကိုရေးသားထားတာ ဒါပေမယ့် ၁၂နာရီမထိုးခင် ၁၅ မိနစ်လောက်ဘဲအချိန်ယူမှာပါ။ ကျွန်တော်အပြင်ထွက်သွားချင်တယ်။ဒီမနက်ဝေငှရတာ

ကျွန်တော့်အသံမဝင်မပြခဲ့ပါဘူး။ တခါတရံမှာ ဒီအဲယားကွန်းဟာကျွန်တော်ရဲ့အသံကိုပြာ အသံကိုဝင်စေတယ်။ ဒါကြောင့်တကယ်လို့ ညီအစ်ကို နဗေးလ်ဟာမတတ်ဆင် ... ဒီညမှတော့ ဘာတခုမှမယူဆောင်ဘူးမဟုတ်လား။(ညီအကိုနဗေးလ်က မဟုတ်ပါဘူး လို့ပြောတယ်) တကယ်လို့ ကောင်းပြီး ။ကျွန်တော်တခုရရှိတယ်။ ကျွန်တော်စီးကရက်ဘူးတဘူးကို အရင်နေ့တုံးကတွေ့ရှိခဲ့တယ်။ သစ်တောထဲမှာ ပစ်ထိုးတယ်။ ပြီး ကျွန်တော် ဒီညတော့ စီးကရက်ဘူးပေါ်ကသတင်းစကားကိုရရှိခဲ့ပါတယ်။ တကယ်လို့ ကိုယ်တော်အလိုရှိခဲ့ရင်ပေ့ါ။ တွေ့လား။ထိုနှုတ်ကပတ်တော်တွေကို ဒီမှာရရှိထားတယ်။ ကျွန်တော်အချိန်လင့်သွားဘို့အလိုမရှိပါဘူး။ ဒါကြောင့် သင်တို့ပြန်သွားနိုင်ပါတယ်။

104 ၁၀၄။ စီးကရက်ဘူးတဘူးရဲ့စကားပြောခြင်း။ ကောင်းပြီ။

ကျွန်တော်တောထဲကိုသွားခဲ့တယ်။ပြီး အဲဒီမှာ စီးကရက်ဘူးတဘူးကိုတွေ့ရတယ်။ ပြီး ကျွန်တော်ဆက်လျှောက် တယ်။ ကျွန်တော်စဉ်းစားတယ် ကောင်းပြီး ငါ့ရှေ့မှာ စောရောက်နေတဲ့လူတယောက်ရှိနေပြီး။

ပြီးတစုံတခုကပြောခဲ့တယ်။ပြန်လှည့်ပြီး အဲဒါကိုကောက်ယူပါ။

ကျွန်တော်စဉ်းစားတယ်။စီးကရက်တဘူးကိုကောက်ရမှာလား ငါမဟုတ်ပါဘူး

တစုံတခုကပြောခဲ့ပြန်တယ်။ ပြန်လှည့်ပြီးစီးကရက်ဘူးကိုကောက်ပါ။ ပြီး ကျွန်တော်သွားခဲ့တယ်။ဘူးခွံအလွတ်ကြီး ပါ။ ပြီးကျွန်တော်တစုံတရာကိုမြင်တယ်။ ကတယ်လို့ ဘုရားသခင်အလိုရှိခဲ့ရင်ဒီည ကျွန်တော်ခင်ဗျားတို့ကိုပြောပြမယ်။ ကောင်းပြီ။

105 ၁၀၅။ အခုမကြာမှီအချိန်အတွင်းမှာ ညနေခင်းရဲ့အလင်းတွေအကြောင်းကိုပြောမယ်။ ကျမ်းစာတော်မြတ်ကကြိုတင် ဟောကိန်းထုတ်ထားတာကဒီအဆုံးသတ်ကာလမှာနေထွက်ပေါ်လာဘို့အချိန်တချိန်ပေါ်လာလိမ့်မယ်။ ပြီးအဲဒါက ညနေခင်းအလင်းပါတဲ့။ ကျွန်တော်တို့အားလုံး အဲဒါကိုသိပါတယ်။ ကျွန်တော်တို့သိတယ်မဟုတ်ဘူးလား။ယေရှုခရစ်တော်ထံမှလာတဲ့ ကျွန်တော်တို့ရဲ့သတင်းစကားကိုကြားဖူးနားဝရှိတဲ့လူတွေကျွန်တော်တို့ယုံကြည်တာက ညနေခင်းအလင်းပေါ်လိမ့်မယ်။ ပြီး ဒီညနေခင်းအလင်း ... အမှန်တကယ်တော့ ကြီးမားတဲ့အလင်းဟာ ယေရှုကိုယ်တိုင်ဒီကမ္ဘာမြေကြီးပေါ်မှာ ဖော်ပြလာတဲ့အ ခါမှ ဖြစ်မှာပါ ... ဒါမှမဟုတ် အထက်ကောင်းကင်မှာသူရဲ့သတိုးသမီးကိုယူဆောင်ပြီးနောက်မှာ ပြီးနောက်မှာ အနှစ်တစ်ထောင်နိုင်ငံတော်ဝင်လာလိမ့်မယ်။

106 ၁၀၆။ ဒါပေမယ့်ကျွန်တော်တို့အလွန်ကြောက်မက်ဘွယ်ရာ လူတွေရဲ့ရှေ့မှာရှိနေတဲ့အကြောင်းကိုသွားမှာပါ။ပြီးကျွန်တော် တို့ရရှိမယ့်အချိန်အတွက် ကျွန်တော်စောင့်မျှော်နေပါတယ် ... လူတိုင်းမှာ အလုပ်နားခွင့်ရရှိပြီး ရက်အနည်းငယ်လောက်အချိန်ယူပြီး တနေရာရာမှာ ကျွန်တော်တို့အသင့်ပြင်ပြီး အဲဒီမှာကျွန်တော်ထိုကပ်ဆိုးတွေ ပြီးအဲဒီနေ့ရက်မှာကျရောက်လာ မယ့်အရာတွေကိုပြောပြနိုင်ဘို့ဖြစ်တယ်။ပြီးနှစ်ပတ် သုံးပတ်လောက် အဲဒါကိုအတူတကွယူဆောင်လာမယ်။ တကယ်လို့ ဘုရားသခင်ဟာအဲဒါကိုပြုလုပ်ဘို့အသက်ရှင်ခွင့်ပေးပြီး ဉာဏ်ကွန့်မြူးစေခဲ့ရင်ပေ့ါ။ထိုအရာတွေဘယ်လိုကျရောက်လာပြီး ထိုမိုးကြိုးသံတွေကိုမြင်တွေ့ဘို့ ပြီးနောက်မှာ သင်တို့တွေ့ရလိမ့်မှာကတော့ထိုလူနဲ့ထိုပရိသတ်တွေ ဘယ်လိုအိမ်မက်မက် မှာလဲ ပြီးအဲဒီမှာရှိတဲ့အရာတွေအကုန်လုံးဘဲအဲဒါဖြစ်လာရမယ်။ တွေ့လား။ ဘာတွေဖွင့်ပြသလဲဆိုတာကို သင်သတိပြုမိ လိမ့်မယ်။ ထိုကြီးမားတဲ့မိုးကြိုးသမိုးပေါ်ကနေ ထွက်ပေါ်လာလိမ့်မယ်။ အခု ... တကယ်တော့ သင်တို့တဖွဲ့လုံး ကျွန်တော်အဲဒါဘာကိုဆိုလိုသလဲဆိုတာကို သင်တို့သိပါတယ်။ သင်တို့တွေ့လား။ ဒါပေမယ့်အချိန်ကျလာတဲ့အထိစောင့်ကြရအောင် (သင်တို့တွေ့ပါတယ်) အဲဒီအတွက်ကိုဘဲပေ့ါ။ အခု ... အဲဒါအချိန်မကျသေးဘူး။

107 ၁၀၇။ အခု... ဒါကြောင့် ဒီမှာရှိတဲ့ထိုကျမ်းချက်တချို့ကို ဖတ်ကြမယ်။ အခု ညနေခင်းအလင်းရောင်ထဲမှာ အလင်းလာ ပါတယ်။ အခုကျွန်တော်တို့သတိပြုမိတာကတော့ အဲဒီအလင်းရောင်ဟာ နံနက်ခင်းအလင်းရောင်နဲ့အတူတူပါဘဲ။အကြောင်းကတော့ နံနက်ခင်းမှာ နေတစ်စင်းပေါ်လာပြီး မွန်းလွဲပိုင်းမှာနောက်နေတစင်းပေါ်လာတာမဟုတ်ပါဘူး။ အဲဒီ နေဟာ အတူတူပါဘဲ။ မွန်းလွဲပိုင်းမှာပေါ်လာတဲ့နေနဲ့နံနက်ပိုင်းမှာ ပေါ်လာတဲ့နေဟာ အတူတူပါဘဲ။ နံနက်ခင်းနဲ့မွန်းလွဲပိုင်းမှာအတူတူပါဘဲ။ အခု အခု အဲဒီနေ့ကိုယ်တိုင်ကိုပြောခဲ့တာကအဲဒီအချိန်အတွင်းမှာရှိနေတဲ့နေ ဘယ်လိုမျိုးနဲ့တူတာလဲ ဆိုရင် ... အိုး အုပ်မှိုင်းနေတဲ့ အရာလိုမျိုး မှောင်မိုက်တဲ့နေ့နေ့လို့လဲခေါ်လို့မရ ညလို့လဲခေါ်လို့မရတဲ့ကြားထဲကလိုမျိုးပေ့ါ။

108 ၁၀၈။ တွေ့လား။အဲဒါဟာ ခန္ဓာကိုယ်ရဲ့ ခြေထောက်ကစပြီးဖွံ့စည်းခြင်းပေါ်ပေါက်လာပါတယ်။

သူလောကီမှာရှိစဉ်တုံးကသူဟာသားတော်တပါးဖြစ်ပါတယ်။ ဆင်တူခြင်းပေ့ါ။ ပြီး သူဟာအသေသတ်ခြင်းကိုခံရ ပါတယ်။ အသင်းတော်ဟာ သူရဲ့နေရာကိုမာတုရတွေအနေနဲ့ဝင်ယူပါတယ်။ ပြီးမှောင်မိုက်တဲ့ခေတ်ကာလကိုဖြတ်သန်းသွား ပါတယ်။ ပြီးပေါ်ထွက်လာတဲ့အခြေခံအုတ်မြစ်တွေအပေါ်မှာစပြီးတည်ထောင်တယ်။နောက်ပြီးတော့ ဒီအမြင်တွေဟာ ဘယ် ကနေလာတာလဲ။ ဦးခေါင်းနေရာကနေပေ့ါ။ထိုဗီးရှင်းကိုတွေ့လား။ နေဗုတ်ခနေဇာလား။ တွေ့လား။ သူလာခဲ့တာက တပါး အမျိုးသားတွေရဲ့ခေတ်ကာလအစပြုခဲ့တဲ့အချိန်ကဖြစ်ပြီးအပြစ်ဖြေလွှတ်ဘို့အတွက် အသွေးတော်ကိုမသွန်းမှီကတဲကပေ့ါ။ သူတို့ဟာ သူ့အတွက်ပြောင်းလဲလာတဲ့လူတွေဖြစ်ပါတယ်။ ဒါပေမယ့် သတိပြုပါ။ အဲဒါဟာ အောက်ကိုဘဲဆင်းလာတယ်။အောက်ကိုဘဲဆင်းသွားတာ အောက်ခြေအထိကိုပုံဆောင်ထားပါတယ်(တွေ့လား) အောက်ကိုအဲဒါယူဆောင်သွားတယ်။ ပြီး အဲဒီကနေ အစပြုခဲ့တယ်။ ပြန်လာခဲ့တယ်။ အသင်းတော်ဟာခြေထောက်နေ အပေါ်ကိုတက်သွားတယ်။ အခုတော့ ဦး ခေါင်းအချိန်ကာလထဲမှာရှိပါတယ်-ဦးခေါင်းအချိန်ကာလ။

အခုအလင်းကိုသတိပြုပါ ...

109 ၁၀၉။ သင့်ရဲ့လက်တွေနဲ့သင်မမြင်နိုင်ပါဘူး။ခုထက်ထိအဲဒါဟာ ခန္ဓာအစိတ်အပိုင်းတခုဖြစ်ပါတယ်။ သင့်ရဲ့နားနဲ့မမြင်နိုင် ပါဘူး။ဒါပေမယ့်

ကြားနိုင်တယ်။ သင့်ရဲ့နှာခေါင်းနဲ့မမြင်နိုင်ပါဘူး။ ခုထိတော့အနံ့ခံနိုင်တယ်။ နှုတ်ခမ်းနဲ့မမြင်နိုင်ပါဘူး။ အဲဒါ စကားပြောသော်လည်းပေါ့။ တွေ့လား။ အဲဒါဟာ ပင်တေကုတ္တေရဲ့ကခေတ်ကာလဖြစ်ပါတယ်။ ဒါပေမယ့် အခုအချိန်က တော့မျက်စိရဲ့အချိန်ကာလဖြစ်ပါတယ်။ မြင်တယ်။ တွေ့လား။ အခုမျက်စိကိုကျော်လွန်တဲ့လှုပ်ရှားမှု စွမ်းရည် တခုမှမရှိပါ ဘူး။ အဲဒါမှန်သလား။နောက်တခုကတော့ စဉ်းစားဉာဏ် နားလည်ခြင်း အဲဒါခရစ်တော်ကို ကိုယ်တိုင်ဖြစ်ပြီးခန္ဓာတခုလုံးကို ထိန်းချုပ်ထားပါတယ်။ အဲဒါထက် ကျော်လွန်တဲ့လှုပ်ရှားတဲ့ရွေ့လျားမှုမျိုးမရှိပါဘူး။ တွေ့လား။ အားလုံးကတော့ လှုပ်ရှားခဲ့ တယ်။ တွေ့လား။ ခြေကိုလှုပ်ပါ။သင်ခြေထောက်ကကြွက်သားကိုလှုပ်ပါ။ အရာရာတိုင်းကိုလှုပ်ရှားပါ။ သင့်ရဲ့နားတွေကို လှုပ်ပါ။ သင့်နှာခေါင်းသင့်ပါးစပ် ပြီးအစရှိသည်တို့ကိုလှုပ်နိုင်တယ်။ ဒါပေမယ့် မျက်စိတွေပြီးရင်ဘယ်အရာမှမလှုပ်ရှားတော့ဘူး။ ဒါကြောင့် သူတို့က အမျိုးသားဟာထိပ်မြောင်မြန်တယ်။ဘာကြောင့်လဲဆိုရင်(တွေ့လား) ဆံပင်ရဲ့ဦးရေပြားကြွက်သားကိုတိုးတက်စေဘို့လှုပ်ရှားမှုမရှိလို့ဘဲ။ တွေ့လား။ ပြီး အဲဒီမှာသွေးကိုရရှိဘို့အခုအခံကူရှင်မရှိပါဘူး။ သွေးခုန်တာက အဲဒီကိုမရောက်ရှိပါဘူး (တွေ့လား)အဲဒီကိုရောက်ပြီး သွေးသိုလှောင်တဲ့အခန်း မရှိပါဘူး။ အကြောင်းကတော့ ဆံပင်ရဲ့အမြစ်တွေဟာ သွေးအားဖြင့်အသက်ရှင်ပါတယ်။ ပြီး အခု ကျွန်တော်တို့တွေ့ရှိတာကအဲဒီအစိတ်ပိုင်း(သင်တို့တွေ့လား) ... မျက်စိကိုကျော်လွန်ပြီး ဘာမှမရှိတော့ပါဘူး။

110 ၁၁၀။ အခုရှာဖွေဖော်ထုတ်ကြရအောင်။ နေ့လည်နေ့ခင်းအချိန်မှာ အလင်းပေါ်လာမှာလား။ညနေခင်းအချိန်ကျမှပါ။ ဘာကြောင့် အလင်းကိုပို့ဆောင်ရတာလဲ။ ဒါကြောင့်သင်ဘယ်မှာရှိသလဲဆိုတာကိုတွေ့ရမှာ ... ပတ်ဝန်းကျင်မှာ ဘာတွေရရှိနိုင်မှာလဲဆိုတာကိုပါဘဲ။ ဘယ်မှာရှိနေတယ်ဆိုတာကိုတွေ့မယ်။ ညနေခင်းအချိန်မှာအလင်းပေါ်ထွက်လာမယ်။

အခု အဲဒါကိုယူပြီးမာလခိ ၄ နဲ့နှိုင်းယှဉ်ကြရအောင်။ ကိုယ်တော်ကတိပြုထားတာက ညနေခင်းအချိန်မှာအလင်းနောက်တဖန်ပေါ်ထွက်လာမယ်။ တွေ့လား။ ဘာကြောင့်လဲဆိုတာကိုကြည့်ပါ။ ငါမင်းတို့ကိုပရောဖက် ဧလိယ ပြီးသူဟာ ကလေးတို့အဖရဲ့ယုံကြည်ခြင်းဆီကိုပြန်လည်ပြုပြင်ပို့ဆောင်မယ်။ ဖခင်တွေနဲ့ ကလေးတွေ(မမှန်ဘူးလား) ငါကမ္ဘာကြီးကိုမကျိန်ဆဲဘို့ရန်အတွက်ပါဘဲ။

အခု ရှင်ယောဟန် ..ဒါမှမဟုတ် ရှင်လုကာ ၁၇း၃၀ ပြီးစောင့်ကြည့်ပါ။ ယေရှု အဲဒီမှာဘယ်လိုပရောဖက်ပြုထားခဲ့ တာလဲ။ ပြောခဲ့တယ်။ သောဒုံတုံးကလို အချိန်မျိုး အဲဒီလိုဘဲတူညီစွာဖြစ်ရမယ်... အခု သတိရပါ ... သတိပြုပါ။ ဒီအချိန်အခါ ဟာ လူသားတော်ပေါ်လာပါလိမ့်မယ်။ လူ့သားတော်ကိုဖွင့်ပြမယ်။ အခု လူသားတော်ကိုအမှန်တကယ်တော့ ဖွင့်ပြခဲ့တာသောဒုံမြို့ကို မီးနဲ့မလောင်ကျွမ်းခင်အချိန်ကလေးမှာပါ။ အခု အဲဒီလူဟာ အီလိုဟင်ဖြစ်ပါတယ်။ အဲဒါဘုရားသခင်ပါဘဲ။ပြီး ယေရှုဟာ ဘုရားဖြစ်ပါတယ်။ ပြီး ဘုရားသခင်ဟာ အဲဒီမှာ အချိန်အနည်းငယ်အတွင်းမှာအာဗြဟံနဲ့စကားပြောဘို့ရန် ပြု လုပ်ဘို့ရန် သူကိုယ်သူဖော်ပြပါတယ်။လူသားတော်ကိုဖွင့်ပြခဲ့ပါပြီး။ လူ့သားတော် အီလိုဟင် အဲဒါကိုမြင်လား။အသင်းတော်တို့။ လူ့သားတော် အီလိုဟင် သူ့ကိုသူအချိန်အနည်းငယအတွင်းမှာ ဖော်ပြခဲ့တာ။ အဲဒီနောက်တနေ့နံနက်မှာ ဘဲ သူမဟာ မီးလောင်ကျွမ်းခြင်းခံရတယ်။ ဘယ်အချိန်မှာလဲ။နေနောက်တဖန်မပေါ်ထွက်လာမှီမှာဘဲ။ ဒါကြောင့် ဘာအဖွဲ့ အစည်းတွေမှ မကျန်တော့ဘူး။ အခုတိုးတက်နေတာတွေလဲဘဲ ကျန်တော့မှာမဟုတ်ပါဘူး။ နံနက်မိုးမသောက်ခင်သူမဟာမီးလောင်ကျွမ်းခြင်းခံရမယ်။ နိုးထခြင်းအစီအစဉ်တွေဟာလဲ ပြီးမြောက်သွားပါပြီး။နောက်ထပ်နိုးထခြင်း အစီအစဉ်တွေလဲ ရှိတော့မှာမဟုတ်ပါဘူး။ကြီးမားတဲ့သန့်စင်နိုးထခြင်းကို ဒီနိုင်ငံမှာဘယ်တော့မှ မရရှိတော့ပါဘူး။သင်တို့မှာ ပညာတတ်တွေ နဲ့စုရုံးခြင်းတခုရှိချင်ရှိမယ်။ ဒါပေမယ့်ကျွန်တော်ဝိညာဉ်ရေးရာနိုးထခြင်းတခုပါ။ ကျွန်တော်တို့အဲဒီအရာတွေအားလုံးကိုတွေ့ရတယ်။ သင်တို့ကို ဆုပ်ကိုင်မိလို့ ကျွန်တော်မျှော်လင့်ပါတယ်။ကျွန်တော်အဲဒါကိုပြောခဲ့တာက သင်တို့ရရှိနိုင်မယ့်နည်း လမ်းဘဲလို့ကျွန်တော်မျှော်လင့်ပါတယ်။ တွေ့လား။ အဲဒါပြီးမြောက်ခဲ့ပြီး။

တကယ်လေးစားရတဲ့အမှုတော်ဆောင်တယောက် အချိန်အနည်းငယ်တုံးက ပြောခဲ့တယ်။ ညီအစ်ကိုဘရင်ဟင်း တကယ်လို့ကျွန်တော်အခုလေးတင် ကျွန်တော်တို့ရဲ့နှလုံးသားထဲမှာကိုယ်တော်ရှင်ရဲ့ပျော်ရွှင်မှုကိုရခဲ့ရင်ပေါ့။

ကျွန်တော်ပြန်ပြောခဲ့တယ်။သား ဒီနိုးထခြင်းဟာပြီးမြောက်သွားပြီ။ တွေ့လား။

111 ၁၁၁။ အခုလေ့ကိုတည်ငြိမ်စေတဲ့ ကိရိယာကိုတပ်ဆင်ပါပြီ။ကျွန်တော်တို့ရဲ့ရှေ့ခရီးမှာကြီးမားကြောက်မက်ဘွယ်ရာ လှိုင်း တွေဟာရှိနေပါတယ်။ဒါပေမယ့် ကျွန်တော်တို့သိရတာက ဒီလှိုင်းတွေရဲ့အခြားတဘက်မှာ ကျွန်တော်တို့ဟာကမ်းခြေနဲ့ နီးကပ်နေပါပြီ။ တွေ့လား။ ကျွန်တော်တို့ဟာ ကမ်းခြေနဲ့နီးနေပါပြီ။တွေ့လား။ ကျွန်တော်တို့ဟာ ကမ်းခြေနဲ့နီးနေပါပြီ။ အခု တည်ငြိမ်စွာနေကြပါ။ နှုတ်ကပတ်တော်ထဲမှာနေပါ။ ဘုရားသခင်နဲ့အတူနေပါ။ ဘယ်အရာတွေကို သင်ဘယ်လိုခံစားရခံစားရနှုတ်ကပတ်တော်နဲ့ဘဲနေပါ။ အဲဒါဟာ တည်ငြိမ်စွာနေထိုင်ခြင်းဘဲ။ ဒီကြီးမားတဲ့ရှေးကျတဲ့တိမ်တွေဟာသင်တို့ပတ်လည် ဝိုင်းနေတာ ပြီးမုန်တိုင်းလာတာ ပြီးအနုမြူဗုံးတွေပြီးသူတို့ပြောတဲ့အရာရာတိုင်းကို သင်တို့မြင်တဲ့အခါ ဒါပေမယ့် ကျွန်တော်တို့ရဲ့တည်ငြိမ်အောင်ထိန်းတဲ့အရာဟာ နှုတ်ကပတ်တော်အထဲမှာပါဘဲ။ ဘုရားသခင်ကဒီမှာရှိလိမ့်မယ်။ ကျွန်တော်တို့အား လုံးထိပ်ဆုံးကိုရောက်လိမ့်မယ်။ ကယ်ကျွန်တော်တို့သူတို့ရဲ့အပေါ်ကိုကျော်ဖြတ်သွားမယ်။ ဟုတ်ပါတယ်။ အမှန်တကယ်လို ပါဘဲ။သူတို့ကျွန်တော်တို့မနစ်မြုပ်စေနိုင်ပါဘူး။ သူတို့ကျွန်တော်တို့ကိုရေထဲမနစ်မြုပ်စေနိုင်ပါဘူး။ သင်ကျွန်တော်တို့ကိုသင်္ဂြိုင်းထဲမှာထည့်ထားတယ်။ ကျွန်တော်တို့တဖန်အပြင်ကို ထွက်လာနိုင်လိမ့်မယ်။အဲဒီအရာအားလုံးအတွက်ပါဘဲ။ ဒီကမ္ဘာ ပေါ်ဘယ်နည်းမှ အဲဒီမှာမထားနိုင်ပါဘူး။အဲဒီအရာအားလုံးအတွက်ပါဘဲ။ ဒီကမ္ဘာပေါ် ဘယ်နည်းမှအဲဒီမှာမထားနိုင်ပါဘူး။သူတို့အယောက်စီတိုင်းရဲ့ထိပ်ဆုံးကို ကျွန်တော်တို့ရောက်လိမ့်မည်။ အကြောင်းကတော့ကျွန်တော်တို့ရဲ့အကြီးအကဲကက် ပတိန်ဟာ ကျွန်တော်တို့ကိုအခြားတဘက်ကခေါ်နေတဲ့အတွက်ကြောင့်ဖြစ်ပါတယ်။

ကျွန်တော်တို့ဟာယေရှုအထဲမှာ ကျောက်ချထားခဲ့ပါတယ်။

ဘဝရဲ့မုန်တိုင်းတွေအတွက်ကျွန်တော်ရဲရင့်တယ်။

ကျွန်တော်ဟာယေရှုထဲမှာကျောက်ချထားတယ်။.

ကျွန်တော်ဘယ်လေပြင်းဒါမှမဟုတ် လှိုင်းတွေကို ကြောက်မှာမဟုတ်ပါ။

112 ၁၁၂။ ဘယ်လိုဘဲဖြစ်နေခဲ့ပါစေ။အဲဒါလာပါစေ။ ဘယ်လိုဘဲဖြစ်ဖြစ် ဘယ်လိုပဲဖြစ်ဖြစ် ဘာမှခြားနားချက်မရှိပါဘူး။ ယေရှုထဲမှာ ကျွန်တော်တို့ကျောက်ချနေပါပြီး။ ကျွန်တော်အသက်ရှင်နေရင်ဘုရားသခင်ရဲ့ဘုန်းတော်အတွက် ကျွန်တော်အသက်ရှင်ပါ။ ကျွန်တော်သေဆုံးခဲ့ရင်လဲဘုရားသခင်ရဲ့ဘုန်းတော်မှာ ကျွန်တော်သေဆုံးပါတယ်။ ကျွန်တော် အခု အလိုရှိတာက ... ဘုရားသခင်ရဲ့ဘုန်းတော်အတွက် ကျွန်တော်လုပ်ချင်တာပါ။အဲဒါတွေအားလုံးပြီးမြောက်သွားတဲ့အ ခါ ကျွန်တော်ထပ်ပြီး မနေချင်တော့ပါဘူး။ ကျွန်တော်သွားချင်တာက ဘယ်နေရာ ... ကျွန်တော့်အတွက် သူယူလာတဲ့ဆုလာဒ်ဆီကိုပါ။ ကျွန်တော်ကြိုးစားရှာဖွေတဲ့အရာမဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော်အတွက်သူယူလာတဲ့အရာကိုပါ။ သူ့ရဲ့ကျေး ဇူးတော်ကြောင့် သူကျွန်တော့်ကို ပေးတဲ့အရာပါ။

113 ၁၁၃။ ဒါကြောင့်ညနေခင်းရဲ့အလင်းကိုကျွန်တော်တို့ဒီမှာမြင်ရပါတယ်။ ပြီး ဒီအလင်းကိုရပြီး ဘာလုပ်ရမှာလဲ တကယ်လို့သင်တို့မှာမြင်နိုင်ဘို့ မျက်စိတွေမရှိဘဲ ဘယ်လိုသွားလာနိုင်မလဲ။ ညနေခင်းအလင်းဟာဘာလဲ။ အဲဒီလင်းဟာလာပြီး တခုခု ဖွင့်ပြဘို့ဖြစ်တယ်။ အဲဒါမှန်ရဲ့လား။ တကယ်ဒီမှာတခုခုရှိနေတယ်လို့ သင်ခန်းစာရရင် ပြီးအမှောင်ထဲမှာဘာရှိနေသလဲဆို တာကိုသင်နားလည်မှာမဟုတ်ဘူး။ ပြီးရင်မီးဖွင့်လိုက်ပါ။ အဲဒါဖွင့်ပြဘို့ဖြစ်ပါတယ်။ မာလခိ၄ဟာ ဘာလုပ်ဘို့အတွက်လဲ။ အဲဒီအရာတခုထဲကိုဘဲ လုပ်တယ်။ ချိတ်တံဆိပ် ၇ ခုကို ဖွင့်တာဟာလဲဘာလုပ်တာလဲ။ ဂိုဏ်းဂဏတွေ ဒီနေရာတဝိုက်ထဲကို (မရှင်းလင်းတဲ့စကားတွေ)ခလုတ်တိုက်နေကြတာလဲ။ အဲဒါဖွင့်ပြဘို့ အပြင်ထုတ်လာဘို့ဖြစ်ပါတယ်။ တကယ်လို့ခင်ဗျားတို့ မှာ မျက်စိတွေမရှိဘူးဆိုရင် ဖွင့်ပြတာဘာအသုံးကျမှာလဲ။မြင်နိုင်ဘို့ရန် မျက်စိတွေရှိဘို့လိုပါတယ်။ အဲဒါမမှန်ဘူးလား။ မာ လခိ ၄ကိုဖွင့်ပြဘို့ ရှင်လုကာ ၁၇း၃၀ ကိုဖွင့်ပြဘို့ ရှင်ယောဟန် ၁၄း၁၂ ရှင်ယောဟန် ၁၄း၂၄၁၆း၁၃ လဲဘဲ ပြီး ဗျာဒိတ် ၁၀း၁-၇ အထိကိုလဲဘဲဖွင့်ပြဘို့ ချိတ်တံဆိပ် ၇ခုရဲ့ဖွင့်ပြချက်နဲ့ သတ္တမကောင်းကင်တမန်ရဲ့သတင်းစကား ဖွင့်ဘို့ညနေခင်းအလင်းရောင်လာမှဖွင့်ပြဘို့ဖြစ်ပါတယ်။

အခု တကယ်လို့လူတယောက် ....

114 ၁၁၄။ လောဒိကိအသင်းတော်ကာလမှာလူတွေဟာ ဘယ်လိုဖြစ်နေလဲ။ အဝတ်မပါဘူး။ သူတို့ဟာ မျက်စိကန်းနေကြ တယ်။ အလင်းဟာဒီမျက်စိကန်းနေတဲ့လူတွေအတွက် ဘာလုပ်လို့ရမှာလဲ။ တကယ်လို့ မျက်စိကန်းတဲ့လူဟာမျက်စိကန်း တဲ့လူကိုဦးဆောင်သွားရင် သူတို့ဟာချောက်ထဲကိုဘဲကျသွားမယ်မဟုတ်ဘူးလား။အဝတ်မပါဘူး။ မျက်စိကန်းတာကိုမသိ ကြဘူး။ သူတို့ရဲ့မွေးရာပါစိတ်ပိုင်းဆိုင်ရာတွေလဲပျောက်ဆုံးနေတယ်။ သူတို့ရဲ့မွေးရာပါစိတ်ပိုင်းဆိုင်ရာနဲ့ပတ်သက်တဲ့ ဝိ ညာဉ်ရေးရာ ... ဝိညာဉ်ရေးရာကိုနားလည်သဘောပေါက်ခြင်းကိုပေ့ါ။ တွေ့လား။ဂမူးရှူးထိုးစိတ်ဓါတ် မြင့်မားတဲ့စိတ်ဓာတ် ဘုရားသခင်ကို ချစ်တာထက်သူတို့ရဲ့လောကီတပ်မက်မှုကိုပိုစွဲလန်းတယ်။ ယာယီသဘောတူညီမှုတို့ကို ချိုးဖောက်တယ်။မမှန်မကန်စွပ်စွဲတယ်။ ကာမစိတ်ကို မထိန်းချုပ်နိုင်ဘူး။ လူကောင်းတွေကိုစက်ဆုပ်ဘွယ်ရာကောင်းတယ်လို့ထင်မြင်သူ တကယ့်ကို ဘုရားတရားကြည်ညိုတဲ့ပုံစံ ဒါပေမယ့်တန်ခိုးတော်ကို ငြင်းဆန်တယ်(ဖွင့်ပြခြင်းတန်ခိုးတော်) သူတို့အဲဒါကို တောင်မယုံဘူး။တွေ့လား။ သူတို့ဟာ ပရောဖက်တွေလိုမျိုး အရာတွေကိုမယံဘူး။ ပြီးဒါကြောင့် ... သူတို့အဲဒါကိုမယုံဘူး။ သူတို့ယုံကြည်တာက မာလခိ ၄ ဟာအသေအချာအသင်းတော်တပါး ဒါမှမဟုတ် အသေအချာဂိုဏ်းဂဏတခုဖြစ်ပါတယ်။သူပထမအကြိမ်ကြွလာတဲ့အခါမှာ သူဟာလူတယောက်ဖြစ်ပါတယ်။ နှစ်ဆသောဆုကျေးဇူးတွေနဲ့ဒုတိယအကြိမ်ကြွလာ တဲ့အခါ သူဟာလူတယောက်ဘဲဖြစ်ပါတယ်။ သူနှစ်ခြင်းဆရာယောဟန်သဏ္ဍာန်နဲ့လာတဲ့အခါ သူဟာလူတယောက်ဖြစ်ပါတယ်။ တွေ့လား။ နောက်ဆုံးသောကာလညနေခင်းအလင်းလင်းလာတဲ့အခါ မျက်စိတွေဟာဖွင့်လာပြီးသင်ဘယ်တွေ သွား နေသလဲဆိုတာကိုတွေ့ရမယ်။ ပြီးရင်ခန္ဓာကိုယ်ဟာအဆင်သင့်ဖွဲ့စည်းနေပြီးဖြစ်နေမယ်။ သူတို့ရဲ့ခြေထောက်တွေနဲ့ဘဲရပ် တည်နေမယ်။လှုပ်ရှားမှုပြုနေမယ်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် လှုပ်ရှားနေမယ်။ ဘာလဲ။ပရောဖက်တွေရဲ့အပေါ် မှာ လှုပ်ရှားပြီးကျမ်းစာတော်မြတ်ကိုရေးနေတဲ့တယောက်ထဲဘဲဖြစ်ပါတယ်။ အဲဒီသန့်ရှင်းသောဝိညာဉ်တော်ထဲခန္ဓာတခုထဲ မှာ လှုပ်ရှားနေတယ်။ သန့်ရှင်းသောဝိညာဉ်တော်နဲ့ပြည့်ဝပြီးသန့်ရှင်းသောဝိညာဉ်တော်နဲ့လှုပ်ရှားနေတာ။ အစည်းအရုံးတိုင်းပြီးဆွေမျိုးသားချင်းတိုင်း လူမျိုးတိုင်း ပြီးလူတွေရဲ့ပြင်ပကနေပေ့ါ။

115 ၁၁၅။ ဒီမှာရှိတဲ့အမျိုးသမီးလေးယောက် ဒီအဖွဲ့အစည်းနဲ့မဆိုင်ပါဘူး (ဒီအဖွဲ့အစည်း) ..ဒီလူစုလူဝေးနဲ့ဘဲဆိုင်ပါတယ်။ သူမတနေရာကနေလာပါတယ်။ ပြီးဒီမနက်ဝင်လာပြီးဟိုကရုပ်ပုံကိုယူခဲ့တယ်။ သူမကျွန်တော့်သားကို အဲဒီရုပ်ပုံကိုပေးပါ တယ်။ အလွန်ကိုအံ့သြနေတယ်။ ဒီအကြောင်းကို သူမကြားပြီးပြီလား။ မကြားဘူးသေးဘူးလားဆိုတာကိုကျွန်တော်မသိပါ ဘူး။ သူမှာရှိတဲ့ရုပ်ပုံတပုံကတော့ အသင်းတော် ၇ ပါးကာလကကိုယ်တော်ကိုကောင်းကင်တမန်ပါ။ အဲဒီကနေ ချိတ်တံဆိပ် ၇ ခုကိုဖွင့်ပြပါတယ်။ အဲဒီလိုပြုလုပ်ခဲ့တဲ့အခါ ပြောခဲ့တာက အဲဒီမှာနောက်ပြန်ကြည့်ခဲ့တယ်။ ပြီးသူမရဲ့အိမ်မက်ထဲမှာမိုးပေါ် မှာရပ်နေကြတယ်။ သူမပြန်လှည့်ကြည့်ပြီး မြင်ရတာက ... သူမရဲ့နောက်ဘက်မှာဝတ်ရုံဖြူ ဝတ်ထားတဲ့လူတယောက်ရှေ့ကိုချီတက်နေတာကိုတွေ့ခဲ့တယ်။ ပြောခဲ့တယ် အဲတာဆင်တူတယ် ...ပြောခဲ့တယ်။ ညီအစ်ကိုဘရင်းဟင်း အဲဒါသင်ပါဘဲ။ ပြီး ပြောတယ် အဲဒီမှာချီတက်နေကြတာပြောခဲ့တယ်။ သင်ရဲ့နောက်မှာ ချီတက်နေတဲ့လူတွေဟာအသွေးရောင်အမျိုးမျိုးအလံ တွေကို ကိုင်ထားကြတယ်။ ဂျော်ဂျီယာပြည်နယ်သားတွေအသွေးရောင်အမျိုးမျိုးအလံတွေကို ကိုင်ထားကြတယ် - ဂျော်ဂျီယာပြည်နယ်သားတွေအလာဘားမားပြည်နယ်သားတွေ နေရာပေါင်းစုံတွေကဘဲ - ဦးဆောင်မှုအောက်ကိုရှေ့သို့ ချီဆောင်ပြီး

ခရစ်တော်အိမ်မက်ထဲမှာ ဖွင့်ပြတဲ့ဗီးရှင်းဖြစ်ပါတယ်။ အိုး ဟာလေလုယာ။

116 ၁၁၆။ ကျွန်တော်တို့ဟာနောက်ဆုံးသောအချိန်ကာလ နောက်ဆုံးသောနေ့ရက်ရဲ့အချိန်နာရီထဲကိုရောက်ရှိနေပါပြီ။

သင်တို့အခုသူ့ကိုတွေ့ကြလား။ သူ့ရဲ့နှုတ်ကပတ်တော်ထဲမှာ ပြီးသူ့ရဲ့နှုတ်ကပတ်တော်တိုင်းဒီမှာရှိတဲ့ကျွန်တော်တို့ရဲ့မျက်မှောက်မှာဖော်ပြခဲ့တာကို သင်တို့တွေ့ကြလား။ အိုးအသက်ရှင်တဲ့ဘုရားရဲ့အသင်းတော် မတ်တပ်ထကြပါ။ သင့်အထဲမှာရှိသမျှတို့နဲ့သူ့ကိုယုံကြည်ပါ။ အဲဒီဘီးကလေးကို ကိုင်ထားပါ။ အဲဒီဘီးကလေးကို ကိုင်ထားပါ။အဲဒီဘီးရဲ့အလယ် တည့်တည့်ထဲမှာကို သင့်ရဲ့လှုပ်ရှားမှုတိုင်းပြီးသင့်ရဲ့ပြုမူတဲ့အမူအရာတိုင်းကို တည်ငြိမ်ဘို့ထိန်းညှိပါ။ သင့်ရဲ့အတွေးတွေ သင့်ရဲ့အတွင်းလူကတန်ခိုးနဲ့ထိန်းချုပ်တာလဲဖြစ်နိုင်တယ်။ အကြောင်းကတော့ ဘုရားသခင်ဟာ ဒီအချိန်နာရီမှာသူ့ရဲ့နှုတ်ကပတ်တော်ထဲမှာထိုင်နေပါတယ်။ ဒီညနေခင်းအလင်းထဲမှာ အလင်းကိုပြနေပါတယ်။

117 ၁၁၇။ လင်းစွဲတကောင်လိုမျိုးမျက်စိကန်းတာ ... သင်မီးကိုဖွင့်လိုက်ရင် ပြီးအဲဒီလင်းစွဲဟာ မပံ့နိုင်လောက်အောင်ပိုပြီးမျက်စိကန်းသွားတယ်။အော်နေတဲ့ဇီးကွက်တကောင် ညအခါမှာ လှည့်လည်ကျက်စားနေတဲ့ သတ္တဝါတွေ အဲဒီလိုအရာမျိုးကကတစ်အုပ်စုဝင်ရေချိုငါးမျိုး ပြီးအဲဒီသတ္တဝါတွေဟာ နေ့အခါမှာ မျက်စိမမြင်ရဘူး။အဲဒီအရာတွေနဲ့ပတ်သက်ပြီး သူတို့မသိကြဘူး။ သူတို့မမြင်ရဘူး။ ပြီးညနေခင်းအလင်းဟာလာပါတယ်။ပုံဆောင်ထားတဲ့အရာတွေအားလုံး ကျွန်တော်တို့ ဘယ်နေရာကိုဘဲသွားသွား - သဘာဝဆီကိုကျမ်းစာတော်မြတ်ဆီကို ရုပ်တုဆီကို ... ဒံယေလမြင်ရတာပြီးအဲဒီအချိန်တုံးက ဘုရင်ပုံသဏ္ဍာန်တွေတိုင်း လှုပ်ရှားမှုတိုင်း အဲဒီခန္ဓာထဲကနေရာတိုင်း -အဲဒီအနေအထားတွေဟာ ကျွန်တော်တို့အသက်ရှင် နေထိုင်တဲ့ ယခုအချိန်ကာလကိုပြဆိုနေပါတယ်။ တခြားလှုပ်ရှားမှုတွေဟာ အဲဒါကိုမကျော်လွန်နိုင်ဘူး။ ဝက်စလီရဲ့လက်နေရာမှာရှိတဲ့ချစ်ခြင်းမေတ္တာလှုပ်ရှားမှုတခုဖြစ်တယ်။ လူသာရဲ့အခြေခံအုတ်မြစ်လှုပ်ရှားမှုဖြစ်တယ်။ ချစ်ခြင်းမေတ္တာ ... ဘယ်တော့မှပိုကြီးမားတာမရှိဘူး။ အဲဒါကို ခေါ်ဆိုခြင်းခံရတယ်။ အဲဒီမတိုင်ခင်မှာထက် အကြီးမားဆုံးလှုပ်ရှားမှုကိုပြုလုပ်ခဲ့ တယ်။ ထို့နောက်မှာပင်တေကုတ္တေကာလရောက်ရှိလာတယ်။ ထို့နောက်မှာ ခြားနားတဲ့လက်ချောင်းတွေပြီးအရာမျိုးတွေ ရောက်ရှိလာတယ်။ အခြားသောဘာသာစကားပြောခြင်းနဲ့ ပင်တေကုတ္တေအချိန်ကာလပြီးနှာခေါင်း ပြီးအစရှိသည်တို့ပေါ့။ အခုမျက်စိတွေထဲကိုရောက်ရှိနေပြီ။ မျက်စိတွေလိုအပ်တာဘာကောင်းကျိုးအတွက်လဲ ... ဒါမှမဟုတ် အလင်းလိုအပ်တယ်။တကယ်လို့မြင်ဘို့ရန်အတွက် မျက်စိတွေဟာ အဲဒီမှာမရှိခဲ့ရင်ပေါ့။ မျက်စိတွေအရင်ရှိမှမြင်ရမယ်။ ပြီးနောက်မှာအဲဒီအရာ လာတဲ့အခါ ကိုယ်တော်ဟာချိတ်တံဆိပ် ၇ ခုကိုဖွင့်ပြီးညနေခင်းအလင်းကိုဖွင့်ပြတယ်။ အသင်းတော် ၇ပါး ကာလရဲ့လျှို့ဝှက်နက်နဲတဲ့အရာတွေအားလုံးကိုယူဆောင်ပြီး ယခု သုဗျာဒိတ် ၁၀း၁-၇ ရဲ့ကတိတော်အရသူဖွင့်ပြပါတယ်။ ကျွန်တော် တို့ဒီမှာ ယနေ့နှုတ်ကပတ်တော်ရဲ့အလယ်မှာ ထိုင်နေကြပါတယ်။ပြီးနှုတ်ကပတ်တော်ဟာ ယေရှုခရစ်တော်အားဖြင့် ကျွန်တော်တို့ကိုဖွင့်ပြပါတယ်။ထို့နောက်မှာ ဒီအရာဟာ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ဖြစ်ပါတယ်။

118 ၁၁၈။ ပြီးသူ့ရဲ့လက်အောက်ခံတွေဖြစ်တဲ့အတွက်ကျွန်တော်တို့တွေဟာ အဲဒါကိုနားလည်ဘို့ စာရေးဆရာထံပိုမိုနီးကပ်စွာလျှောက်လှမ်းရမယ်။ အဲဒါကိုဖွင့်ပြဘို့အတွက် အိုး ကိုယ်တော်ရှင်ကျွန်တော်ဘာလုပ်ဘို့အတွက် ကိုယ်တော်အလိုရှိပါသ လဲ။ ကျွန်တော်အမှုတော်မြတ်ကိုဟောကြားဘို့အတွက် ကွင်းတွေကိုသွားရမှာလား။ ဒါမှမဟုတ် အိမ်မှာဘဲနေရမှာလား။ ဘယ်လိုဘဲဖြစ်ဖြစ်ပါ။ တကယ်လို့ ကျွန်တော်ဟာအိမ်ကိုကောင်းစွာထိန်းသိမ်းနိုင်တဲ့လူတယောက် ကျွန်တော်ဟာမိခင်ကောင်းတယောက်ကျွန်တော်ဒီဟာလုပ်ရမယ်။ ဒါမှမဟုတ် ဟိုဟာလုပ်ရမယ် ဘာဘဲဖြစ်ဖြစ် တကယ်လို့ကျွန်တော်ဟာ လယ်သမားတယောက်ဖြစ်ခဲ့ရင် တကယ်လို့ ကျွန်တော် ... ဘာဘဲဖြစ်ဖြစ် ကိုယ်တော် ကိုယ်တော်ကျွန်တော့်ကို ဘာလုပ်စေချင်ပါသလဲ။

အဲဒီမှာရှောလုဟာစ်အော်ငိုကြွေးခဲ့တာမဟုတ်ဘူးလား။ကျွန်တော့်ကိုကိုယ်တော် ဘာလုပ်စေချင်ပါသလဲ။ သူဟာ သူ့ရဲ့သွားတဲ့လမ်းပေါ်မှာရှိစဉ်အသင်းတော်တွေကို ထောင်တွင်းအကျဉ်းချဘို့ ဒါပေမယ့် အဲဒီနောက်ပိုင်းမှာ သူငိုယိုဟာစ်ကြွေးခဲ့တယ်။ ကျွန်တော်ဘာလုပ်ဘို့ ကိုယ်တော်အလိုရှိပါသလဲ။ အလင်းဟာ သူ့ရဲ့အပေါ်မှာမီးတိုင်ကဲ့သို့ထွန်းလင်းလာတဲ့ အခါမှာ ကျွန်တော်ဘာလုပ်ဘို့ ကိုယ်တော်ကိုရှိပါသလဲ။

ဒီကောင်းတဲ့စကားတခွန်းနဲ့ဘဲအဆုံးသတ်ရမယ်လို့ကျွန်တော်ထင်တယ်။ ပြန်ပြောမယ် ကျွန်တော်ဘာလုပ်ဘို့ ကိုယ်တော်အလိုရှိပါသလဲ။ ဒီကျမ်းပိုဒ်ကိုမြင်တဲ့အခါမှာ ဒီအချိန်မှာ ပြည့်စုံစွာဖွင့်ပြခဲ့တာဘဲ။ ကိုယ်တော်ကျွန်တော်ဘာလုပ် ဘို့ ကိုယ်တော်အလိုရှိပါသလဲ။

ကျွန်တော်တို့ဦးခေါင်းကိုငုံ့ကြရအောင်။

119 ၁၁၉။ ကျွန်တော်ဒီမှာရှိတဲ့လူတွေကိုမေးချင်တာကသင်တို့ရဲ့နှလုံးသားကိုရှာဖွေပြီးအခု ထိုမေးခွန်းကိုမေးကြရအောင်။ ကျွန်တော်ဘာလုပ်ဘို့ ကိုယ်တော်အလိုရှိပါသလဲ။ ပြီးတယ်လီဖုန်းကြိုးတွေနဲ့ဆက်ထားပြီးအခုထက်ထိတနိုင်ငံလုံးမှာ နား ထောင်နေတဲ့လူတွေ သင်တို့ရဲ့ခေါင်းကိုငုံ့ပြီးမေးပါ။ကျွန်တော်ဘာလုပ်ဘို့ ကိုယ်တော်အလိုရှိပါသလဲ။ ဒီနောက်ဆုံးသောကာလမှာကျွန်တော်တို့ဒီမှာရှိတယ်လို့မြင်ရပါတယ်။ နောက်ဆုံးသောအချိန်နာရီကျွန်တော်တို့ရဲ့မျက်မှောက်မှာ အလွန်ကိုပြည့် စုံနေပါပြီ။ ဒါကြောင့်ရှင်းလင်းမြင်သာစွာဖွင့်ပြနေခဲ့ပါပြီး။ သင်တို့ဘာလုပ်ရမှာလဲ။

120 ၁၂၀။ ကိုယ်တော်ရှင်ဘုရားသူတို့ကိုယ်တော့်ကိုမေးသော မေးခွန်း ထိုမေးခွန်းကိုလဲကျွန်တော့်ကိုယ်ကျွန်တော်မေးပါ တယ်။ ကိုယ်တော် ကျွန်တော်ဘာလုပ်ဘို့အလိုရှိပါသလဲ။ကျွန်တော်သိရသလောက်တော့ နေ့ရက်တိုင်းဟာရေတွက် တွက် ခြင်းခံရပါပြီး။။ပြီးကိုယ်တော်ရှင်ကျွန်တော့်ကိုကူညီမစဘို့ ကျွန်တော်ဆုတောင်းပါတယ်။နေ့ရက်တိုင်းဟာ ကိုယ်တော့်ကို

ရှိသေလေးစားမှုနဲ့ကိုယ်တော်ရဲ့ဘုန်းတော်ကိုကိုနေ့စဉ်ရေတွက်ပြီး အသက်ရှင်ခွင့်ပေးပါ။ အယောက်စီတိုင်းကိုကူညီဘို့ရန်ကျွန်တော်ဆုတောင်းပါတယ်။ တနိုင်ငံလုံးမှာရှိတဲ့လူတွေနဲ့ဒီတဲတော်ထဲမှာရှိနေတဲ့လူတွေ ကျွန်တော်တို့ကိုယ့်နှလုံးသားကိုကိုယ်ရှာဖွေပြီးပြောမယ်။ ကျွန်တော်ဘာလုပ်ရမှာ ကိုယ်တော်အလိုရှိပါသလဲ။ကျွန်တော်ဘာလုပ်ရမှာလဲ ကိုယ်တော်။ ကိုယ် တော်ရဲ့နိုင်ငံတော်နဲ့ကိုယ်တော်ရဲ့အကြောင်းအရာတွေ ထပ်ပြီးဆောင်ရွက်ရန်အတွက်ပါ။ အဲဒါကိုခွင့်ပြုတော်မူပါ။ ဘုရားသခင်။ကျွန်တော်တို့ကိုရှာဖွေပါ - ကျွန်တော်တို့ရဲ့နှလုံးသားကျွန်တော်တို့ကိုစမ်းသပ်တော်မူပါ။ တကယ်လို့ ကျွန်တော်တို့အထဲမှာအဓမ္မပြုကျင့်တာတစုံတရာရှိခဲ့ရင် ကိုယ်တော်ရှင် ကိုယ်ကျိုးကိုသာကြည့်တဲ့အရာတွေဆိုးသွမ်းတဲ့သဘောထားတွေ ဒါမှမဟုတ်ရည်ရွယ်ချက်တွေ အိုး ဘုရားရှင်ကိုယ်တော်သားတော်ရဲ့အသွေးတော်နဲ့သန့်ရှင်းစေတော်မူပါ။ ယေရှုခရစ်။ သူ့ရဲ့အသွေးတော်နဲ့ ... ကျွန်တော်တို့နှိမ့်ချစွာသူ့ရဲ့စေစားခံရတဲ့ သူရဲ့သေခြင်းနဲ့သူ့ရဲ့ရှင်ပြန်ထမြောက်ခြင်းကို ကျွန်တော်တို့နှိမ့် ချစွာလက်ခံယုံကြည်ပါတယ်။ ကိုယ်တော် ဒီလိုလုပ်ခဲ့သောအရာကိုယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းကိုခံရပါတယ်။ ကိုယ်တော်ရှင်ကျွန်တော်တို့ကိုပေးတဲ့ ကယ်တင်ခြင်းအစီအစဉ်တွေကိုကျွန်တော်တို့ဝမ်းမြောက်စွာလက်ခံပါတယ်။ အဘ ဘုရား ဒီယနေ့သတင်းစကားအတွက်ကျွန်တော်တို့ ကိုယ်တော်ရှင်ကိုကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ရဲ့ယုံကြည်တာတွေပြီး ကျွန်တော်တို့စွဲကိုင်ထားတွေအပေါ် အဲဒါဟာ ကိုယ်တော်ရဲ့နှုတ်ကပတ်တော်နဲ့ကိုယ်တော်ရဲ့သတင်းစကားတွေကို သိရှိပြီးယုံကြည်ခွင့်ရပါတယ်။တခြားလူတွေနဲ့ခြားနားဘို့မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ရဲ့စံပြဖြစ်တဲ့ယေရှုခရစ်တော် နဲ့ပိုပြီးတူလာဘို့ရန် ကြိုးစားခြင်းဘဲဖြစ်ပါတယ်။

121 ၁၂၁။ ကိုယ်တော်ရှင်ဘုရားဒီမှာလက်ကိုင်ပုဝါတွေရှိနေပါတယ်။ ဖျားနာတဲ့သူတွေနေရာတိုင်းမှာရှိပါတယ်။ ပြီးကျွန်တော့် ကိုယ်တိုင် ကိုယ်တော်ရှင် ပင်ပန်းမောပြီးဒီမနက်ခွန်အားတွေချိနဲ့နေပါတယ်။ကျွန်တော်တို့ကိုကူညီမစဘို့ရန် ကျွန်တော်ဆု တောင်းပါတယ်။ ကိုယ်တော်ရှင်ဘုရား။ကျွန်တောတို့ကိုယ်တော့်ထံကို မျှော်ကြည့်တာခွန်အားရရှိဘို့အတွက်ဖြစ်ပါတယ်။ကိုယ်တော်လူအများတွေကို ကူညီခဲ့ပြီးပါပြီ။ ကိုယ်တော်ရှင်ဘုရား။

တခြားနေ့တုံးကအဲဒီသစ်တောထဲမှာ စဉ်းစားပါတယ်။ ညီအစ်ကိုဘင်းဝုဒ်နဲ့အဲဒီအနီးအနားကိုလျှောက်သွားနေပါ တယ်။ ဆရာဝန်တယောက်ဟာ ... သူ့ရဲ့နှလုံးကလမ်းမလျှောက်နိုင်လောက်အောင်အခြေအနေဆိုးဝါးနေပါတယ်။ ထိုဗီးရှင်း ကို မြင်ပြီးတဲ့နောက်မှာကျွန်တော်အဲဒီတောင်ပေါ်မှာ ကျွန်တော်သိခဲ့ရတဲ့အရာလေးတွေအတွက် အဲဒီတောင်ပေါ်ကိုလျှောက်သွားပါတယ်။ ကျွန်တော်အဲဒီခြသေ့်ကိုရမယ်။ သေနေတဲ့ခြသေ့်တကောင်ကိုတွေ့ရမယ်။ပြီးနောက်မှ အဲဒီကိုဆင်းလာခဲ့ တယ်။ ပြီးထူးစင်မြို့မှာရှိတဲ့ ဖဲကော်ဖီဆိုင်နားမှာရပ်နေပါတယ်။ ပြီး သူ့ရဲ့အဝတ်အစားတွေဟာ တွဲလောင်းကျနေ သူ့ရဲ့မျက်စိတွေဟာ အောက်ကိုကျနေတယ်။ ကျွန်တော်ပြောခဲ့တယ်။ ဘုရားရှင် တကယ်လို့ခြသေ့်တကောင်ဟာ ဘယ်မှာလဲဆိုတဲ့ ဗီး ရှင်းတခုကိုပြနိုင်ရင် အမှန်တကယ့်ကိုညီအစ်ကိုဝုဒ်ကိုပြနိုင်မယ်။

ပြီးအဲဒါလာပါတယ်။သူအပေါ်ကိုလက်တင်လိုက်ပါ။ ဒီကနေ့တော့ သူဒီမှာရှိနေတယ်။ ပြန်လာတယ်။ ကျွန်တော်တို့ရဲ့ညီအစ်ကု ဘင်း နောက်တဖန်ပေါ့။ သန်မာတယ်။ထိုတောင်တွေရဲ့အပေါ်အောက်ကိုပြေးလွှားနိုင်တယ်။ ကိုယ်တော့်ကိုဘယ်လိုကျေးဇူးတင်ရမှာလဲ။ ကိုယ်တော်ရှင်ဘုရား ကိုယ်တော်ဟာ ကျွန်တော်တို့အတွက်ညီအစ်ကိုဝုဒ်လို ဘုရားသခင်အ တူတူပါပဲ။ ကိုယ်တော် သူကိုချစ်တယ်ဆိုတာကျွန်တော်သိပါတယ်။ အကြောင်းကတော့ သူဟာသစ္စာရှိပြီးစစ်မှန်တဲ့အစေ ခံပြီးဖြစ်ပါတယ်။

122 ၁၂၂။ ပြီးကျွန်တော်ဆုတောင်းပါတယ်။ကိုယ်တော်ရှင်ဘုရား။ ကျွန်တော်တို့အယောက်စီတိုင်းနဲ့ဆက်ဆံပြီး ကျွန်တော်တို့ရဲ့အပြစ်တွေကို လွှတ်စေတော်မူပါ။ကျွန်တော်တို့ရဲ့ခန္ဓာရဲ့ဖျားနာမှုတွေကိုပျောက်ကင်းစေတော်မူပါ။ နေ့စဉ်နေ့တိုင်းကိုယ် တော်နဲ့ပိုပြီးတူလာဘို့ ပြုပြင်တော်မူပါ။ ကိုယ်တော်ကျွန်တော်တို့ယေရှုခရစ်တော်ရဲ့သဏ္ဍာန်တော် အပြည့်အဝနဲ့တူလာဘို့ ဖြစ်ပါတယ်။အဲဒါကိုအာမခံပေးတော်မူပါ။ ကိုယ်တော်။ ကိုယ်တော်ရှင်အခုကျွန်တော်တို့ဘာလုပ်ရမှာကိုသိဘို့ရန် နှလုံးသား တိုင်းကိုရှာဖွေတော်မူပါ။ ကျွန်တော်တို့ကိုအခုကောင်းကြီးပေးတော်မူပါ။ယေရှု၏နာမ၌ဆုတောင်းပါတယ်။

123 ၁၂၃။ ပြီးကျွန်တော်တို့ခေါင်းငုံ့နေစဉ်အတွင်းမှာဘဲဒီမှာရှိတဲ့လူတွေ ဒါမှမဟုတ်တနိုင်ငံလုံးမှာရှိတဲ့ တယ်လီဖုန်းနဲ့ဆက်သွယ်ထားတဲ့လူတွေ သင်တို့ခေါင်းကိုငုံ့ဆုတောင်းနေစဉ်မှာဘုရားသခင်ဆီကိုလက်တွေမြှောက်ထားကြပါ။ သင်တို့အားလုံး လုပ်နိုင်ပါတယ်။ ဒီမှာတော့လူတွေပွတ်သိပ်နေပါတယ်။ ဘုရားသခင်ထံကိုလက်မြှောက်ပြီးပြောပါ။ ဘုရားရှင်ယေရှုနဲ့ပိုတူ ဘို့ ကျွန်တော့်ကိုပြုတော်မူပါ။ ကျွန်တော်ယေရှုနဲ့ပိုတူချင်ပါတယ်။ ဘုရားသခင် သင်တို့ကိုကောင်းကြီးပေးပါစေ။တနိုင်ငံလုံး မှာရှိတဲ့ လက်တွေနေရာတိုင်းမှာပါဘဲ။ တကယ့်ကိုခိုင်မာတဲ့လူအုပ်ကြီးဘဲ။ကျွန်တော်လဲလက်ကိုမြှောက်ထားပါတယ်။ ကျွန်တော်သူနဲ့ပိုတူချင်ပါတယ်။ ကျွန်တော့်ကိုရှာဖွေပါ။ ကိုယ်တော်။ ပြီးတကယ်လို့ ကျွန်တော့်ထဲမှာ မကောင်းတာတွေကိုတွေ့ရင် အပြင်ကိုထုတ်ပေးတော်မူပါ။ ကျွန်တော်ဘာကိုအလိုရှိ ... ကျွန်တော်တို့ဒီမှာအချိန်အကြာကြီးရှိနေပြီး။ အခုတော့ကျွန်တော်တို့ထွက်ခွါရတော့မှာပါ။ ဘာဘဲဖြစ်ဖြစ် ... သင်ဘာဘဲဖြစ်ဖြစ် ဘယ်လောက်ဘဲချမ်းသာပါစေ။ ဘယ်လောက်ဘဲ ဆင်းရဲဆင်းရဲဘယ်လောက်ဘဲငယ်ရွယ်ပါစေ။ ဘယ်လောက်ဘဲအသက်ကြီးပါစေပေါ့။

124 ၁၂၄။ မနေ့တုံးကဟိုတောင်ပေါ်ချောင်းကမ်းနဘေးမှာ ဆင်းရဲတဲ့လူတစုကို ရပ်ကြည့်နေတယ်။အဲဒီမှာမိသားစုလေးတစု ရှိတယ်။ လွန်ခဲ့တဲ့အချိန်တုံးကသူကိုဘုရားသခင်ရဲ့အကြောင်းကိုပြောပြခဲ့တဲ့လူတယောက် သူ့ရဲ့အမျိုးသမီးလေးနဲ့ဆင်းလာတယ် ကလေး ၇ ဒါမှမဟုတ် ၈ ယောက်လောက်ရှိတယ်။ သူဟာ စက်ချုပ်ထားတဲ့ အင်္ကျီပိန်ပိန်ပါးပါးလူတယောက် အဲဒီ မှာ အလုပ်ကြိုးစားလုပ်နေပါတယ်။ တနေ့ကိုနှစ်ဒေါ်လာရပါတယ်။ ပြီးလူတယောက်ဟာ သူကိုသေးငယ်တဲ့ တဲအိမ်လေးတ လုံးမှာပေးနေပါတယ်။ အဲဒီမှာ သူမိန်းမဟာလဲ ကိုယ်ဝန်အရင့်အမာနဲ့ရှိနေပါတယ်။ ပြီးသူမှမှာကြီးမားတဲ့ပုဆိန်နဲ့အဲဒီမှာ သစ် တွေကိုခုတ်ပြီးဆွဲချပါတယ်။ ကလေးတယောက်ကိုလဲ သူ့ရဲ့တင်ပါးတဖက်မှာလွယ်ထားပြီးအခြားတဖက်မှာလဲသစ်သားကို ဆွဲနေပါတယ်။ လာပြီး

အဲဒီသစ်ကိုခုတ်တာတချို့ဘလူးဘယ်ရီကိုဆူးထဲမှာတာရှည်ခံဘို့ဖြစ်ပြီး ဆောင်းရာသီမှာ ဆာလှောင် ခြင်းကိုကာကွယ်ဘို့ ... ကျွနု်ပ်ကျွန်တော်တို့သူမကိုလောက်သနားသလဲ ပြီး ကျွန်တော်နဲ့ညီအစ်ကိုဝုဒ်ဟာ ထရပ်ကားကိုယူပြီး အဲဒီကိုသွားတာ သူမရဲ့သစ်တွေကိုဖြတ်ပေးပြီးအတွင်းကိုယူဆောင်ပေးတယ်။ကျေးဇူးတင်ထိုက်တဲ့ အမျိုးသမီးလေး တယောက် သူမအဲဒီမှာရပ်နေတယ်။ ကျွန်တော်သူမကိုသနားတယ်။ ပြီး ကျွန်တော်တို့ သူတို့အတွက် ဆုတောင်းပေးတယ်။

125 ၁၂၅။ ပြီးသူမကလေးမှာဝက်ရူးပြန်ရောဂါရှိတယ်။ ကျွန်တော်တို့ အဲဒီကလေးအတွက်ဆုတောင်းပေးတယ်။ပြီးဘုရား သခင် ပျောက်ကင်းစေတယ်။ ပြီးနောက်တနေ့မှာ ဝင်လာတယ်။သူမှာအူကျရောဂါရှိတယ်. .. ကျွန်တော်သူနဲ့စကားပြော တယ်။ သူတို့လင်မယားနှစ်ယောက်စလုံး ဆေးလိပ်သောက်ကြတယ်။ သူမဆေးရွက်ကြီးကို အသုံးပြုတယ်ပြီးသူလဲဘဲပေါ့။ တောင်ပေါ်သားတွေရဲ့ဓလေ့ပါ။ ပြီးနောက်မှာ ကျွန်တော်အဲဒါနဲ့ပတ်သက်ပြီး သူတို့ကိုစကားဆက်ပြောနေတယ်။ ပြီး မနေ့က မနက်ပိုင်းမှာအဲဒီအထဲကိုလင်းတဲ့အချိန်ဝင်သွားတယ်။ အဲဒီမှာ သူလက်နှစ်ဖက်ကိုဆုတ်ကိုင်ပြီးလာပြောခဲ့တယ်။ ညီအစ်ကို ဘေလီ ကျွန်တော်ပြောင်းလဲတဲ့လူတယောက်ဖြစ်နေပြီး ပြောပြခဲ့တယ်။ကျွန်တော်နောက်ဆုံးစီးကရက်သောက်ပြီးတဲ့နောက် မှာကျွန်တော်ဘုရားဘက်တော်သားဖြစ်သွားပြီ။

သူမလဲပြောခဲ့တယ်။ကျွန်မအခုလေးတင် နောက်တုံးတလိပ်ကိုသောက်ခဲ့ပြီးပြီး အိုးမျိုးစေ့ကိုစိုက်ပါ။ငါဘုရားရှင် ရေ လောင်းမယ် ... ငါနေ့ရောညရောရေလောင်းတယ်။ လူတချို့ငါ့ရဲ့လက်ထဲက နှုတ်ယူမသွားဘို့အတွက်ဘဲ။

126 ၁၂၆။ အိုးဘုရားရှင် အခုသနားတော်မူပါ။ ကျွန်တော်ဆုတောင်းပါတယ်။ ပြီး ကျွန်တော်တို့နှလုံးသားရဲ့ဆန္ဒကိုပေးပါ။ အ ကြောင်းကတော့ ကျွန်တော်တို့ရဲ့နှလုံးသားထဲမှာကိုယ်တော်ရဲ့အစေကိုခံလိုပါတယ်။ အခု အဘဘုရား သူတို့ဟာ ကိုယ် တော်ရဲ့လက်ထဲမှာရှိပါတယ်။နေရာတိုင်းမှာပါ။ သူတို့ဟာ ကိုယ်တော်ရဲ့ကလေးတွေဖြစ်ကြပါတယ်။ ကိုယ်တော်ရဲ့ကရုဏာအရသူတို့ကိုပြုတော်မူပါ။ တရားစီရင်ခြင်းထဲမှာ မဟုတ်ဘဲ ဒါပေမယ့် ကရုဏာတော်ထဲမှာပါ။ ယေရှုရဲ့နာမနဲ့တောင်းလျှောက် ပါတယ်။ အာမင်။

127 ၁၂၇။ သင်တို့သူ့ကိုချစ်လား။သင်တို့ရဲ့နှလုံးသားတခုလုံးနဲ့ ... အခု သင်တို့လက်ကိုင်ပုဝါရှိတဲ့လူတွေအဲဒါတွေကိုရနိုင်ပါ တယ်။ အခု ကျွန်တော်တို့ရဲ့ဘုရားရှိခိုးခြင်းအစီအစဉ်ကိုကျွန်တော်အထင်တော့ သူတို့စောင့်လုပ်လိမ့်မည်။ ၇ နာရီမှာ အဲဒီ လိုမျိုးပေါ့။ညီအစ်ကိုနဗေးလ်က ကြေငြာလိမ့်မည်။ မကြာခင်အတွင်းမှာပါ။ ဘယ်အချိန်စမှာကိုပေါ့။ပြီးနှစ်ခြင်းအစီအစဉ် ကျွန်တော်အထင် ဒီမနက်မဟုတ်လား။ ရေကတော့ အဆင်သင့်ရှိနေပါပြီး။တကယ်လို့ ဒီမှာရှိတဲ့လူအချို့က သခင်ယေရှုခရစ် တော်ရဲ့နာမည်နဲ့နှစ်ခြင်းမခံရသေးဘူးဆိုရင် ဘာကြောင့်လဲ နှစ်ခြင်းပေးဘို့ ရေအဆင်သင့်ရှိနေပါတယ်။

128 ၁၂၈။ ကျွန်တော်တို့အမှုတော်ဆောင်ညီအစ်ကိုတွေကိုလေးစားအသိအမှတ်ပြုပါတယ်။ ကျွန်တော်ညီအစ်ကို မြင်တယ် ... သင့်ရဲ့အစည်းအဝေးကအဆင်ပြေရဲ့လား ညီအစ်ကိုဖင်းမဲလ်ပြီးညီအစ်ကိုမာတင် ပြီး အိုး သူတို့အများကြီးပါဘဲ။ ညီအစ်ကို လီးဗေးလ် .... သူတို့အခု နေရာတခုလုံးကို အမှုတော်ဆောင်နေတာလဲကျွန်တော်တို့တကယ်ကို သင်တို့ဒီမှာရှိနေတာ တွေကိုဝမ်းသာဂုဏ်ယူပါတယ်။ ကျွန်တော်တို့နဲ့ အတူနှုတ်ကပတ်တော်နဲ့ မိတ်သဟာယဖွဲ့နေတယ်။

129 ၁၂၉။ သင်တို့ဒီအရာတွေအပေါ်မှာအတိအကျကိုဘဲ ကျွန်တော်နဲ့သဘောမတူတာလဲဖြစ်ကောင်းဖြစ်လိမ့်မည်။ ဒီအတွက်ကျွန်တော်မမေးပါဘူး။ သင်တို့တွေ့တယ်မဟုတ်ဘူးလား။ သင်တို့စဉ်းစားဆုံးဖြတ်ရမယ့်အရာတခုဘဲဖြစ်ပါတယ်။ သူတို့ ကျွန်တော့်ကို ပြောပြတာကိုလဲ ကျွန်တော်အဲဒါကိုစဉ်းစားဆုံးဖြတ်ပါတယ်။ တကယ်လို့ အမှုတော်ဆောင်တွေဟာ တိပ်ခွေ ကိုနားထောင်ပြီးပြောမယ် ကောင်းပြီ ကျွန်တော်အဲဒါကို သဘောမတူဘူး ...အဲဒါကောင်းပါတယ်။ ကျွန်တော့်ညီအစ်ကိုတို့ သင်တို့တချို့သိုးတွေကိုထိန်းကျောင်းပြီးသင်တို့အလိုရှိတာကိုကျွေးမွေးနိုင်ပါတယ်။ ကျွန်တော်ကတော့ ဘုရားသခင်နဲ့မှန် ကန်ဖို့အစွမ်းကုန်ကြိုးစားပြီး ဘုရားသခင်အတွက်ဝေငှတာပါ။ အကြောင်းကတော့ သိုးတွေဟာသိုးအစာကိုဘဲလိုအပ်ပါ တယ်။ အမှန်တကယ်တော့ ငါရဲ့သိုးတွေဟာ ငါ့အသံကိုကြားကြတယ်။ပြီးအဲဒါဟာ ... ကျွန်တော်တ့ုိအသက်ရှင်တာကထွက်လာတဲ့နှုတ်ထွက်စကားတိုင်း ... အကုန်လုံးမဟုတ် ... နှုတ်ကပတ်တော်တခုထဲတခုနဲ့နောင်တချိန်မှာမဟုတ်ဘူး။ ဒါပေမယ့်ဘုရားသခင်ရဲ့နှုတ်တော်ကထွက်လာတဲ့နှုတ်တော်ထွက်စကားတိုင်းဖြစ်ပါတယ်။အဲဒါတွေနဲ့ သူတော်စင်သူတော် ကောင်းတွေအသက်ရှင်သင့်တာပါ။

မတ်တပ်ရပ်ကြရအောင်။ကျွန်တော်တို့ဦးခေါင်းကိုငုံ့နေစဉ်အတွင်းမှာ ..ညီအစ်ကိုနဗေးလ် ခင်ဗျားကြေငြာစရာတခုခုရှိလား။ ညီအစ်ကိုမင်းလားကောင်းပါပြီ။

သင်တို့စိတ်ချမ်းသာပျော်ရွှင်ရှင်အာမင် လို့ပြောပါ။ (ပရိသတ်တွေက အာမင် လို့ဆိုကြပါတယ်) အခု ဦးခေါင်းကိုငုံ့ထားကြရအောင်။ ကျွန်တော်ညီအစ်ကိုလီဗေးလ် သူအလိုရှိခဲ့ရင်ဒီအပေါ်ကိုလာဖို့ဖိတ်ခေါ်ပါတယ်။ သင်လာနိုင်ရင် ဒီအပေါ် ကိုလာပါ။ ညီအစ်ကိုဗေးလ်သင်လာနိုင်ရင်ပေါ့။

ညီအစ်ကို ဗေးလ်ကတော့ဒီကညီအကိုဘဲဖြစ်ပါတယ်။ ဒီစာအုပ်တွေကိုရေးတဲ့လူတယောက်ဖြစ်ပါတယ်။ ပြီးစာအုပ် တွေဟာလဲအဆင်သင့်ရှိနေပါပြီး ။အသင်းတော် ၇ ပါးကာလနဲ့ချိတ်တံဆိပ် ၇ ခုကိုလဲပြင်ဆင်နေပါတယ်။ပြီး ကျွန်တော်တို့ မကြာခင်မှာ ... အဲဒီစာအုပ်တွေကိုလဲ မကြာခင်မှာရရှိဘို့မျှော်လင့်ပါတယ်။ ကောင်းပြီး။ ညီအစ်ကိုလီးဗေးလ် ဘုရားသခင်သင့်ကိုကောင်းကြီးပေးပါစေ။

MESSAGE hub online

www.messagehub.info

ဒေသနာ ဝေငှသူ

**ဝီလီယမ်မာရီယမ် ဗရမ်ဟမ်**

'... နေ့ရက်များ၏ ကြွေးကြော်သံ ... ' (ဗျာဒိတ် ၁၀:၇)